ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်၊ သောကြာနေ့။ Friday, 26 February 2021 ၁၀၃၀၀


# ဝန်ထမ်းများ ခန့်ထားရာတွင် နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိသူများကို ရွေးချယ်ခန့်ထား ဝန်ထမ်းများအား ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လို ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၂/၂၀၂၁)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူခဲ့သည်မှာ တစ်လနီးပါးရှိပြီဖြစ်ကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ခဲ့ရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ကြေးမုံ ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် အစားထိုးရွေးချယ်နိုင်ရန် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း** စာမျက်နှာ » ၇

**ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသူတွေကို ကိုယ်လုပ်နိုင်သလောက် လုပ်ပေးနေခဲ့တယ်ဆိုတဲ့ ပြည်သူတွေရဲ့ ဆရာဝန်** ဆောင်းပါး စာမျက်နှာ » ၈

**ရိုးသားဖြောင့်မတ်ခြင်းနှင့် နိုင်ငံရေး** ဆောင်းပါး စာမျက်နှာ » ၁၀


# သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သတင်းများရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့် အညီဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟုလည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟုလည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကြေးမုံ

# တပို့တွဲလပြည့် ပါတိမောက်အခါတော်နေ့

မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူစ ဝိနည်းသိက္ခာပုဒ်တော်များ မရှိသေးမီကာလ၌ မြတ်စွာဘုရားရှင်က ရဟန်းတော်များ လိုက်နာစောင့်ထိန်းရမည့် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။ ပါတိမောက်ကို ပြသည်ဆိုသည်မှာ ပါတိမောက်ဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ပါတိမောက်ဒေသနာတော်ကို ဟောကြားရာ၌ ဗုဒ္ဓဘုရားရှင်တို့၏ ထူးခြားချက်မှာ (၁) ပွင့်တော်မူပြီးသော ဘုရားရှင်အဆက်ဆက်တို့ ပါတိမောက်ကိုပြခြင်း၊ (၂) မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလအတွင်း တစ်ကြိမ်သာပြခြင်း၊ (၃) ထိုတစ်ကြိမ်ကို တပို့တွဲလပြည့်နေ့တွင် ပြခြင်းတို့ဖြစ်ပါသည်။ ဩဝါဒပါတိမောက်နာယူကြသည့် ရဟန်းတော်များသည် (၁) ဧဟိဘိက္ခုရဟန်းများသာဖြစ်ခြင်း၊ (၂) ဆဠဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာများဖြစ်ခြင်း၊ (၃) မည်သူမျှ မပင့်မဖိတ်ဘဲ အလိုလို စုဝေးလာခြင်းဟူသည့် အင်္ဂါရပ်သုံးပါးနှင့် ပြည့်စုံကြရသည်။

ထို့ကြောင့် တပို့တွဲလပြည့်နေ့သည် ရဟန်းတော်များနှင့်စပ်လျဉ်း၍ ထူးမြတ်သည့်နေ့ထူးတစ်နေ့၊ ကြည်ညိုဖွယ်ရာလက္ခဏာများ လွှမ်းခြုံသည့် ကျက်သရေမင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်ပါသည်။ ဩဝါဒပါတိမောက်နာယူရန် အင်္ဂါသုံးရပ်နှင့်ပြည့်စုံသော ကဿပညီနောင် ရဟန္တာ ၁၀၀၀၊ အဂ္ဂသာဝကများဖြစ်သည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ဦးဆောင်သော ရဟန္တာ ၂၅၀ စုစုပေါင်း ရဟန္တာ ၁၂၅၀ တို့သည်ဘုရားရှင်ရှေ့တော်မှောက်သို့ အလိုအလျောက်စုဝေးလာကြသည်။

ထိုအခါ မြတ်စွာဘုရားရှင်က ဩဝါဒပါတိမောက်ပြတော်မူပြီး ရှင်သာရိပုတ္တရာကို ပညာဧတဒဂ်ဘွဲ့၊ ရှင်မောဂ္ဂလာန်ကို တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း ဧတဒဂ်ဘွဲ့တို့ကို ချီးမြှင့်တော်မူခဲ့သော ထူးခြားသည့်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် အတုမရှိဘုရားရှင်အဖြစ် ရောက်တော်မူပြီး မိဂဒါဝုန်တောတွင် ပထမဝါဆိုတော်မူသည်။ ထို့နောက် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူရာ ဝေဠုဝန်ကျောင်းတော်၌ စံတော်မူစဉ် မဟာသက္ကရာဇ် ၁၀၃ ခု၊ တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်ပြတော်မူခြင်း၊ ဧတဒဂ်ဘွဲ့များ ချီးမြှင့်တော်မူခြင်းဟူသည့် ထူးခြားသောလက္ခဏာဆောင်သည့်နေ့ဖြစ်သည်။

"ဩဝါဒ"ဆိုသည်မှာ လိုက်နာကျင့်သုံးသူတို့အား အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမစကားများကို ဆိုပါသည်။ ဆုံးမစကားသာဖြစ်၍ မဖြစ်မနေ လိုက်နာရမည့် အဓိပ္ပာယ်မဆောင်ပါ။ ကောင်းကျိုးလိုအပ်သူများ အသိဉာဏ်နှင့်ယှဉ်၍ ကိုယ်ပိုင်အသိဖြင့် လိုက်နာခြင်း ဖြစ်ပါသည်။ နောင်သောအခါ မြတ်စွာဘုရားရှင်၏ အဆုံးအမစကားများကိုပင် ကိုယ့်အသိနှင့်ကိုယ် လိုက်နာသူများ နည်းပါးလာပြီး သဒ္ဓါတရားလျော့ပါးလာသဖြင့် မပျက်မကွက်လိုက်နာရမည့် ဝိနည်းသိက္ခာပုဒ်များအဖြစ် ပညတ်ရခြင်း ဖြစ်ပါသည်။ "ပါတိမောက်" ဆိုသည်မှာ ပါတိနှင့် မောက္ခ ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ "ပါတိ" စောင့်ရှောက်သည့်တရား၊ "မောက္ခ" သံသရာမှ လွတ်မြောက်ခြင်းဖြစ်သည်။

သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးအတွက် အကုသိုလ်တရားများကို ရှောင်ရှား၍ တရားတော်အဆုံးအမအတိုင်း စောင့်ထိန်းနေထိုင်လျှင် ထိုသို့စောင့်ထိန်းအပ်သောတရားတို့က စောင့်ထိန်းတတ်သူတို့ကို အပါယ်ဘုံသို့ မကျရောက်အောင် စောင့်ရှောက်သည်ဟု အကျဉ်းချုပ်ဆိုနိုင်ပါသည်။ ဩဝါဒပါတိမောက် သုံးဂါထာသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ဟောကြားထားသည့်ပိဋကတ်အနှစ်ချုပ်တရား ဖြစ်ပါသည်။ ဩဝါဒပါတိမောက် အဆုံးအမအတိုင်း လိုက်နာကျင့်ကြံပါက အကုသိုလ်များစင်ကြယ်ပြီး သီလ၊ သမာဓိ၊ ပညာများ ရင့်ကျက်မြင့်တက်ကာ နိဗ္ဗာန်သို့ပင် အရောက်လှမ်းနိုင်ပါသည်။

ဩဝါဒပါတိမောက် ဒေသနာတော် သုံးဂါထာသည် ရဟန်းတော်များအား အဓိကထားသည်မှာ မှန်သော်လည်း ဗုဒ္ဓဘာသာဝင်တိုင်း၊ လူပုဂ္ဂိုလ်တိုင်း လိုက်နာအပ်သည့် ဘဝ၏ငြိမ်းအေးချမ်းသာရာ၊ ကျင့်သုံးဆောက်တည်ရာ၊ အားကိုးအားထားပြုရာ အမြတ်တရား ဖြစ်ပါသည်။ အထူးသဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးအား ထိန်းသိမ်းလိုက်နာခြင်းကို ညွှန်ပြထားခြင်းဖြစ်ပြီး လူတိုင်း လူတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ဒုက္ခဆင်းရဲမှကင်းဝေး၍ ငြိမ်းအေးချမ်းသာခြင်းကို ရောက်စေမည်။

သို့ဖြစ်ရာ ဘဝကို ငြိမ်းအေးချမ်းသာလိုသော လူသားများအနေဖြင့် ပါတိမောက်အသက်ကယ်ဆေးကို သောက်သုံးခြင်းဖြင့် လူ့ဘောင်လောက ပျက်စီးခြင်းဘေးနှင့် ကင်းဝေးစေမည် ဖြစ်ပါကြောင်း။ ။

## ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာမွန်ဂိုလီးယားသံအမတ်ကြီးအဖြစ် မစ္စတာ တူမာ အမ်မာဆာနာ အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူးအန်း တူမာကူလက်၏ နေရာတွင် မစ္စတာ တူမာ အမ်မာဆာနာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သဘောတူညီပြီးဖြစ်သည်။

မစ္စတာ တူမာ အမ်မာဆာနာကို ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလတွင် မွေးဖွားခဲ့သည်။ ၎င်းသည် မွန်ဂိုလီးယားအမျိုးသားတက္ကသိုလ်မှ ဥပဒေဘွဲ့နှင့် ဂျပန်နိုင်ငံ၊ ကျူရှူးတက္ကသိုလ်မှ မဟာဥပဒေဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်တွင် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေနှင့် ကောင်စစ်ရေးရာဌာနတွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ မွန်ဂိုလီးယားအဖွဲ့ရုံးတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မွန်ဂိုလီးယားနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေနှင့် စာချုပ်ဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်ဌာနနှင့် အပြည်ပြည်ဆိုင်ရာဥပဒေဌာနများတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးနှင့် ဗန်ကောက်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဆိုင်ရာ မွန်ဂိုလီးယား အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး) ဦးစိန်ဝင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၅-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၁,၁၆၂ | ၁၀,၈၀၆,၆၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၁၃၇ | ၄၈၆,၄၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၈၅၀ | ၅၅ | ၁၅၃,၇၅၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၈.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၂.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၇၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၆.၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၇၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၄၉.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၁.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၆၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- စားအုန်းဆီတင်သွင်းမှုမှာလည်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိ
- ယင်းကို လျှော့ချနိုင်ရေးအတွက် မိမိတို့တိုင်းပြည်၌ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်မည်
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပြည်သူများနားလည်အောင် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကို အားပေးရမည်
- လောင်စာဆီနှင့် စားသုံးဆီဝယ်ယူမှုကို လျှော့ချနိုင်မည်ဆိုပါက လိုငွေပြမှုကို လျှော့ချနိုင်မည်
- ယခုကော်မတီတွင် ပါဝင်ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက တိုင်းပြည်စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုကြိုးစားကြရန် လိုအပ်

❂ ရှေ့ဖုံးမှ

လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် တရားဥပဒေစိုးမိုးရေးအတွက် ထိန်းနိုင်သည့် အနေအထားတွင်ရှိပြီဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသော်လည်း လုပ်စရာရှိသည့်အပိုင်းများကို လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ COVID-19 ကာကွယ်ရေးကိစ္စမှာ ရပ်ထား၍မရကြောင်း၊ တစ်ကမ္ဘာလုံးတွင် COVID-19 ဖြစ်ပွားခဲ့သည့်အတွက် လူဦးရေ ၁၁၃ သန်းကျော် ကူးစက်ခံခဲ့ရပြီး ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၁ ဒသမ ၄ သိန်းကျော် ကူးစက်ခံခဲ့ရပြီး လူဦးရေ ၃၂၀၀ နီးပါးသေဆုံးခဲ့ကြောင်း၊ လတ်တလော အခြေအနေတွင် ရောဂါတွေ့ရှိမှုများ ကျဆင်းသွားပါကြောင်း၊ ယင်းမှာ စစ်ဆေးမှုနှုန်းနည်းသည့်အတွက် တွေ့ရှိမှုနှုန်း နည်းပါးသွားခြင်းဖြစ်နိုင်ကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်များက လူစုလူဝေးဖြစ်ပွားမှုကြောင့် COVID-19 ရောဂါမကူးစက်နိုင်ဟု အာမမခံနိုင်ပါကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း CDM ဝန်ထမ်းများကြောင့် ဆေးရုံ၊ ဆေးခန်းများ ပိတ်ထားရပါကြောင်း၊ ပြည်သူ၏ ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုမပေးသည်မှာ မလုပ်သင့် မလုပ်အပ်သည့် အလုပ်ဖြစ်ပါကြောင်း၊ ဆေးရုံများ မဖွင့်နိုင်ရန် နှောင့်ယှက်သူများကို အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနက အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ထပ်မံရောက်ရှိမည်

COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြောင်း၊ တစ်ဖက်တွင်လည်း ကာကွယ်ဆေးရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေပြီး စာချုပ်အရရောက်ရှိရမည့် ကာကွယ်ဆေးများလည်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနိုင်ရန် စနစ်တကျ ခွင့်ပြုပေးထားကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပညာလည်းသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ပြည်သူများစနစ်တကျ လိုက်နာရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားနေပါကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရန် COVID-19 နှင့်ပတ်သက်၍ ထိခိုက်မှုအနည်းဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီ အဆင့်ဆင့်က ကြီးကြပ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများ ရှိပါကြောင်း၊ ယင်းကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးမှာ လွယ်ကူသည့် နည်းလမ်းဖြစ်ကြောင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးများ အမြောက်အမြားစိုက်ထည့်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်လျှင် စားနပ်ရိက္ခာ ဖူလုံသည့်အပြင် စီးပွားဖြစ်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နှစ်အလိုက် မိုးရွာသွန်းမှုမှာလည်း လျော့နည်းလာသည့်အတွက် ရေကိုအကျိုးရှိရှိ အသုံးပြုရန်လိုကြောင်း၊ ရေကို သိုလှောင်နိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်စနစ်များဖြင့် ဆောင်ရွက်ပါက စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသည် ရာသီဥတုကို ထိန်းသိမ်းရာလည်း ရောက်ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ကြီးများအပြင် ချောင်း၊ မြောင်းများတွင် စီးဆင်းနေသည့် ရေများကိုလည်း ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာလျှပ်စစ်စီမံကိန်းများကို မြစ်ရေတင်စီမံကိန်းများအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများလည်း စိုက်ပျိုးရေရရှိမည့်အပြင် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ကြီးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း။

## ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ

အားကစားကဏ္ဍတွင်လည်း တစ်နှစ်နီးပါး ရပ်ဆိုင်းနေသည့် အားကစားပွဲများကို ပြန်လည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားကစားနည်းများတွင် မြန်မာ့သိုင်းအားကစားနည်းမှာ လူတိုင်းကစားနိုင်ပြီး ကိုယ်ခံပညာအားကစားနည်းဖြစ်သည့်အတွက် နိုင်ငံတော်၏ အားကစားအဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် စရိတ်မျှပေး ကျန်းမာရေးဆိုသော်လည်း တချို့အပိုင်းများတွင် ဆေးကုသစရိတ် မတတ်နိုင်သည့်အတွက် နစ်နာဆုံးရှုံးမှုများ ရှိသည်ကို စိတ်မကောင်းဖွယ်ရာ သိရှိရကြောင်း၊ ယင်းကိစ္စအတွက် မိမိတို့လစာထဲမှ သင့်တင့်သည့် သတ်မှတ်နှုန်းထားကို ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေသို့ ထည့်ဝင်ပြီး ပြည်သူ့ဆေးရုံများတွင် နိုင်ငံ့ဝန်ထမ်းများမှ စတင်ပြီး အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို လုပ်ဆောင်ပေးရေး စဉ်းစားရန် လိုအပ်ပါကြောင်း။

စွမ်းအင်ကဏ္ဍတွင်လည်း ပြည်ပမှ လောင်စာဆီတင်သွင်းရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးဘီလီယံ သုံးစွဲနေရပါကြောင်း၊ လောင်စာဆီ၏ ငါးရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ကျန် ၉၅ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက မြို့တွင်းနှင့် ခရီးတိုသွားသည့် လျှပ်စစ်ကားထုတ်လုပ်နိုင်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရထားလမ်း၊ ကားလမ်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကောင်းမွန်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို အမြန်ပြီးစီးရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## အကြံပြုကြိုးစားကြရန် လိုအပ်

စားအုန်းဆီတင်သွင်းမှုမှာလည်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိပါကြောင်း၊ ယင်းကို လျှော့ချနိုင်ရေးအတွက် မိမိတို့တိုင်းပြည်၌ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပြည်သူများ နားလည်အောင် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကို အားပေးရမည်ဖြစ်ကြောင်း၊ လောင်စာဆီနှင့် စားသုံးဆီဝယ်ယူမှုကို လျှော့ချနိုင်မည်ဆိုပါက လိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကော်မတီတွင် ပါဝင်ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက တိုင်းပြည်စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ထွဋ်ဦး၊ ဦးအောင်နိုင်ဦး၊ ဦးအောင်သန်းဦး၊ ဦးရွှေလေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က စာချုပ်လက်မှတ်ရေးထိုးခွင့်ပြုရန် ကိစ္စ၊ ခန့်အပ်ခွင့်ပြုရန် ကိစ္စ၊ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခွင့်ပြုရန်ကိစ္စ၊ ကင်းလွတ်ခွင့်ပြုရန် ကိစ္စ၊ ဆက်လက်တာဝန်ထမ်းဆောင်ရန် သက်တမ်းတိုးမြှင့်ခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ သို့ ❐

❐ စာမျက်နှာ ၃ မှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးချစ်နိုင်၊ ဦးဝင်းရှိန်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာပွင့်ဆန်း၊ ဦးအောင်သန်းဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်များတွင် ငါးမျိုးများ စိုက်ထည့်သွားမည့်အခြေအနေ၊ သတင်းထုတ်ပြန်ရေးကိစ္စ၊ နိုင်ငံတော်ဘဏ္ဍာငွေ စနစ်တကျသုံးစွဲရေးကိစ္စ၊ လူမှုဖူလုံရေးထောက်ပံ့ငွေနှင့် ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေ၊ COVID-19 ကာကွယ်ဆေးဆက်လက်ထိုးနှံရေးကိစ္စ၊ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးကိစ္စ၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်နေမှုအခြေအနေ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်သွားမည့်ကိစ္စ၊ အာဆီယံခရီးသွားလုပ်ငန်းစာချုပ်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ၊ လူမှုကာကွယ်စောင့်ရှောက်ရေးကိစ္စနှင့် တိုင်းရင်းသားအထိမ်းအမှတ်ပွဲတော်များ ကျင်းပသွားရေးကိစ္စတို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝန်ထမ်းများခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိသူများကို ရွေးချယ်ခန့်ထားရန်နှင့် ဝန်ထမ်းများအား ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လိုအပ်ကြောင်း၊ ဌာနများတွင် လုပ်ငန်းတာဝန်ကျေပွန်သူများကို အားပေးချီးမြှောက်၍ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဆီစားသုံးမှုကိုလျှော့ချပြီး စားသုံးမှုပုံစံ ပြောင်းခြင်းဖြင့် ကျန်းမာရေးကိုအထောက်အကူပြုနိုင်ကြောင်း၊ တရားမဝင်လမ်းကြောင်းများမှ စားသုံးဆီများနှင့် ကုန်ပစ္စည်းများတင်သွင်းမှုများကို ထိရောက်စွာတားဆီးခြင်းဖြင့် နိုင်ငံ့အခွန်ငွေတိုးတက်မှုကို အထောက်အကူပြုစေနိုင်ကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက်ပိုမိုတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေမည့် ကိစ္စရပ်များအား လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခြင်းများမရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ဒီမိုကရေစီသည် ဥပဒေနှင့် ညီညွတ်မှသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထုတ်ချေးထားသည့် နှစ်လစာချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ကာလတစ်ခုအထိ ဆိုင်းငံ့ပေးထားမည်ဖြစ်ကြောင်း၊ နေပြည်တော်သည် မိမိတို့နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ယခုထက်ပိုမိုတိုးတက်စည်ကားအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အချက်အချာကျသောနေရာတွင် တည်ထားခြင်းကြောင့် ပညာသင်ကြားရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် အခြားသော သဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား ဖွင့်လှစ်နိုင်ရေး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နေပြည်တော်၌ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၈၁ ပေရှိ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- ☆ **ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက်ပိုမို တိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လို**
- ☆ **ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**
- ☆ **အရှုံးပေါ်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်ရန်လို**
- ☆ **ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုထိခိုက်စေမည့် ကိစ္စရပ်များအား လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခြင်းများမရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လို**
- ☆ **ဒီမိုကရေစီသည် ဥပဒေနှင့်ညီညွတ်မှသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်**
- ☆ **နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထုတ်ချေးထားသည့် နှစ်လစာချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ကာလတစ်ခုအထိ ဆိုင်းငံ့ပေးထားမည်**

# စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၂ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့် လုပ်ငန်းသစ်များဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၈၃၀၁၀၉၇၅၊ ၀၁-၈၃၀၂၁၇၅

ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ



# စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ လာမည့်ဘဏ္ဍာနှစ်တွင် ဦးစားပေးမြှင့်တင်သင့်သည့် စီးပွားရေးလုပ်ငန်းများ၊ တစ်နေရာတည်း၌ အလုံးစုံဝန်ဆောင်မှုပေးသည့်(One Stop Service For Investment)ဆောင်ရွက်ပေးမှု အခြေအနေများ၊ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက နိဂုံးချုပ်မှာကြားရာတွင် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးခွင့်ပြုလုပ်ကိုင်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမား အလုပ်သမားများ ဝင်ငွေမြင့်မားစေမည့် အသေးစား၊ အလတ်စားလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန်၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး စသည်တို့ကို ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိ

လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများမဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကို ထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းပါအချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ် ထပ်ဆင့်ရှင်းလင်းမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း အုပ်ချုပ်ရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်အတွင်း ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ ဖွင့်လှစ်ရေး၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်ရေးနှင့် ကျောင်းဥပမိရုပ်ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဒေသများအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သုတေသနမှ ဖွံ့ဖြိုးရေးသို့ .....

**ကိုလူလှ**

သုတေသနပညာရပ်သည် ကမ္ဘာနှင့်ချီသည့် တီထွင်ဆန်းသစ်မှုများသာမက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုပါ ထိရောက်စွာ အကျိုးပြုသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်မျိုးစုံတို့တွင် သုတေသနသည် အောင်မြင်မှုအတွက် အထောက်အပံ့ဖြစ်သည်။ အဆင့်မြင့်ပညာရပ်များသင်ယူရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ စီမံကိန်းများဖော်ဆောင်ရေးမှသည် နိုင်ငံတော်၏ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရေးနှင့် စိစစ်လေ့လာအကဲဖြတ်ရေးစသည့် ကိစ္စရပ်အမျိုးမျိုးတွင် မရှိမဖြစ်အသုံးချရသော ပညာရပ်တစ်ခုဖြစ်သည်။

### တိုးတက်အောင်မြင်မှုများရရှိလာ

ယနေ့ကမ္ဘာကြီးသည် အသိပညာ၊ နည်းပညာကမ္ဘာကြီးဖြစ်လာသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာပညာရပ်များအလိုက် သုတေသနပြုလုပ်ခြင်း အခန်းကဏ္ဍနှင့် အကျိုးပြုပုံများကို ပိုမိုသိရှိခံစားလာကြသည်။ သုတေသနလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပိုမိုအားပေးထောက်ပံ့လာသည်ကို တွေ့ရသည်။ နိုင်ငံတိုင်းတွင် သုတေသနလုပ်ငန်းများကို စစ်ပြီးကာလမှစ၍ ပိုမိုအားပေးအလေးထားဆောင်ရွက်လာသည်နှင့်အညီ သုတေသနနယ်ပယ်တွင် အထောက်အပံ့ကောင်းများ ရရှိလျှင် ရရှိသလို သိသာထင်ရှားသော တိုးတက်အောင်မြင်မှုများ ရရှိလာကြသည်။

ကမ္ဘာပေါ်တွင် ဗြိတိန်နိုင်ငံသည် သိပ္ပံနှင့် သုတေသနအရာတွင် ကမ္ဘာ့အင်အား အကောင်းဆုံးနိုင်ငံဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ထက်မြက်သော ရှာဖွေတွေ့ရှိမှု၊ ပေါ်ထွန်းလာသော နည်းပညာများနှင့် ရှေ့တန်းရောက်နေသော ကမ္ဘာကျော် တက္ကသိုလ်များ ဖြစ်ထွန်းနေသောကြောင့် တီထွင်ကြံဆမှုနှင့် ဖန်တီးထုတ်လုပ်နိုင်မှု စွမ်းအားဘက်တွင် အမြင့်မားဆုံးဖြစ်ခဲ့သည်။ ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ကုန်ထုတ်စွမ်းအား မြင့်တက်လာမှု၏ ထက်ဝက်ကျော်မှာ သိပ္ပံပညာနှင့် တီထွင်ဆန်းသစ်နိုင်မှု၏ သုတေသနရလဒ်များကြောင့်ဖြစ်သည်ဟု ဆိုထားသည်။ ကုန်ထုတ်စွမ်းအား မြင့်တက်လာမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး စီးပွားရေးလုပ်ငန်းများမှ အကျိုးအမြတ်များစွာ ပိုမိုရရှိခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှုများစွာ ပုံအောထား

ယနေ့ကမ္ဘာတွင် နည်းပညာနှင့် စီးပွားရေးထိပ်တန်းရောက်နေသော နိုင်ငံများသည် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပုံအောထားသည်ကိုတွေ့ရသည်။ နည်းပညာပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် များစွာရင်းနှီးမြှုပ်နှံထားသော နိုင်ငံများသည် အကျိုးရလဒ် အများဆုံးဖြစ်ထွန်းသည်ကို နားလည်ထားကြသည်။ အမေရိကန်၊ ဂျပန်၊ အစ္စရေး၊ ကနေဒါနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည့် နိုင်ငံများဖြစ်သည်။ ခေတ်မီဆန်းပြားသော နည်းပညာများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်သောကြောင့် နိုင်ငံအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံဖြစ်သည့်အတွက် သုတေသနနည်းပညာကို အသုံးချနိုင်သည့် တတ်သိနားလည်သော လူ့စွမ်းအားအရင်းအမြစ်များ အထူးလိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စစ်ကြိုခေတ်ကာလမှစ၍ မြန်မာ့သမိုင်းသုတေသနလုပ်ငန်းများ ဖြစ်ထွန်းလာခဲ့သည်။ စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်တွင် သင်ကြားရေးသာမက သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ တက္ကသိုလ်၏ အသက်သည် သုတေသနလုပ်ငန်းဖြစ်သည်။ ဌာနအလိုက် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေးသားပြုစုခြင်း၊ ထုတ်ဝေဖြန့်ချိခြင်းတို့ကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ခဲ့သည်။

### ထူထောင်ထား

မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲကို ထူထောင်ထားသည်။ ဒေသတွင်းသာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်းလုပ်ကိုင်ဆောင်ရွက်နိုင်သော စွမ်းဆောင်ရည်မြင့်မားသည့် အရည်အချင်းပြည့်ဝသောဝန်ထမ်းများ တိုးတက်များပြားလာစေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာတွင် တစ်စိတ်တစ်ဒေသအဖြစ် အထောက်အကူပြုသည်။ မူဝါဒရေးရာ(ပြည်တွင်း/နိုင်ငံတကာ) သုတေသနလုပ်ငန်းများနှင့် မျက်မှောက်ရေးရာ(ပြည်တွင်း/ပြည်ပ) သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေး၊ အာဆီယံနှင့် မြန်မာ့စီးပွားရေးအပေါ် ရှုမြင်သုံးသပ်၍ ပိုမိုကောင်းမွန်သော မြန်မာ့စီးပွားရေး ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးနိုင်ရန် စီးပွားရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲမှုများကိုအခြေခံ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် မူဝါဒများ၊ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်များကို သုံးသပ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

> **မိမိတို့ နေ့စဉ်ထိတွေ့အသုံးပြုနေရသည့် အရာဝတ္ထုတိုင်းသည် အကြိမ်ရေ အမြောက်အမြား သုတေသနပြုလုပ် လေ့လာဆန်းစစ်ပြီးမှ ရရှိလာသော ကုန်ပစ္စည်းများဖြစ်သည်။ လူမှုအသိုက်အဝန်းကြီးတစ်ခုလုံးအတွက် အသက်ရှည်နေထိုင်ရန် မရှိမဖြစ် အသုံးပြုရန် လိုအပ်သောပစ္စည်းများ၊ ဖွံ့ဖြိုးတိုးတက်သည့်တိုင်းပြည်၊ ချမ်းသာကြွယ်ဝသည့် တိုင်းပြည်ဖြစ်ပေါ်ရေးအတွက် သုတေသနပြုလုပ် တီထွင်ဆန်းသစ်ထုတ်လုပ်မှုများသည် မဖြစ်မနေလိုအပ်သည်။ ထုတ်ကုန်ပစ္စည်းများ ခေတ်နှင့်အညီ အဆင့်မြင့်ပေါ်ထွက်လာရေး၊ အသုံးပြုလာနိုင်ရေး၊ အခြားခေတ်မီပစ္စည်းများ ပေါ်ထွက်လာရေး၊ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးပစ္စည်းများနှင့် ဆေးများပေါ်ထွက်လာရေး၊ ပြည်သူများ နေ့စဉ်အသုံးပြုနေရသော ပစ္စည်းများကို ပိုမိုကောင်းမွန်သော အမျိုးအစားများဖြစ်အောင် အစဉ်အမြဲ ဆန်းသစ်တီထွင် သုတေသနပြုနေရသည်။**

မြန်မာနိုင်ငံတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းဌာနများကိုလည်း ဖွဲ့စည်းထူထောင်ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ပြန်လည်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသုံးပြုမှု Training Center ကို ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စမ်းသပ်မှုများ ဝန်ဆောင်မှုပေးခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြန်ပြည့်မြဲနှင့် ဆန်းသစ်သော စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အီလက်ထရောနစ် နည်းပညာဆိုင်ရာ သုတေသနနည်းပညာများ အပြန်အလှန် ပူးတွဲလေ့လာခြင်းအတွက် BIRM မှ ကျွမ်းကျင်ပညာရှင်များလာရောက်၍ သင်တန်းပို့ချခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ရွေးချယ်စေလွှတ်သော သုတေသနပညာရှင်များ BIRM သို့ သွားရောက်လေ့လာခြင်း အစီအစဉ်များ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

### သုတေသနဓာတ်ခွဲခန်းများတိုးချဲ့

ထို့အပြင် နည်းပညာဖြန့်ဝေခြင်းနှင့် နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမှရရှိလာသော နည်းပညာများ ဖြန့်ဝေခြင်းနှင့် သုတေသနလုပ်ငန်းများမှရရှိလာသော အသိပညာများနှင့် လက်တွေ့အသုံးချနည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် နာနိုဒြပ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် လက်တွေ့ အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်မီအစားအစာ၊ ဆေးဝါးနှင့် ဓာတုနည်းပညာ သုတေသနဌာနအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်စဉ်စီမံကိန်းများဖြင့် သုတေသနဓာတ်ခွဲခန်းများတိုးချဲ့၍ အစီအမံများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် သုတေသနဌာနများမှနိုင်ငံအကျိုးပြု သုတေသနဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၏ နိုင်ငံတကာအသိအမှတ်ပြု ISO/ IEC 17025 လက်မှတ်ရရှိသော ဓာတ်ခွဲခန်းတစ်ခုဖြစ်လာစေရေးအတွက် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဓာတ်ခွဲခန်း ပြင်ဆင်ထားမှုများနှင့် ဓာတ်ခွဲတိုင်းတာဆောင်ရွက်မှုများကို အရည်အသွေးပြည့်မီရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ဓာတ်ခွဲတိုင်းတာမှုစွမ်းဆောင်ရည် စစ်ဆေးခြင်း (Proficiency Testing)တွင် ပါဝင်ဆောင်ရွက်ခြင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များကို ဓာတ်ခွဲတိုင်းတာမှု အရည်အသွေးတိုးတက်မြင့်မားလာရေးနှင့် တိုင်းတာအသုံးပြုသော စက်ပစ္စည်းကိရိယာများ ရေရှည်သုံးစွဲနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အတွက် နည်းပညာဆွေးနွေးခြင်း၊ ဓာတ်ခွဲတိုင်းတာမှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

### အုပ်ချုပ်ရေးစနစ်သစ်

မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနသည် ၁၉၅၅ ခုနှစ်တွင် ပညာညွှန်ကြားရေးဝန်ရုံးအောက်ရှိ ပညာရေးသုတေသနဌာနခွဲတစ်ခုဖြစ်ခဲ့သည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံပညာရေး သုတေသနဗျူရို (Burma Education Research Bureau – BERB) အမည်ဖြင့် သီးခြားဌာနတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လတွင် အုပ်ချုပ်ရေးစနစ်သစ်ကို ချမှတ်ပြဋ္ဌာန်း အကောင်အထည်ဖော်သည့်အခါ မြန်မာနိုင်ငံပညာရေးသုတေသနဗျူရိုကို ပညာရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုကဲ့သို့ အဖွဲ့တစ်ရပ်အဖြစ် ပြုပြင်ပြောင်းလဲ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ (ဥပဒေအမှတ် ၁၅/၈၉) အရ ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ (Myanmar Education Research Bureau–MERB) ဟု အမည်ပြောင်းလဲ ခေါ်တွင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန (Department of Myanmar Education Research Bureau – DMERB) အဖြစ်သို့ ပြန်လည်ပြုပြင်တိုးချဲ့ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံရှိ သုတေသနဆိုင်ရာလုပ်ငန်းများသည် စစ်ကြိုခေတ်၊ စစ်ပြီးခေတ်ကာလမှသည် မျက်မှောက်ခေတ်ကာလများအထိ နိုင်ငံတော်အစိုးရအဆက်ဆက်တို့က ဦးစားပေးအလေးထားဆောင်ရွက်ခဲ့သည်။ ဝန်ကြီးဌာနများအလိုက်၊ သက်ဆိုင်ရာဌာနများအလိုက်၊ ဘာသာရပ်ဆိုင်ရာများအလိုက် သုတေသနလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်၍ စိုက်ပျိုးရေးဆိုင်ရာ သုတေသန

**စာမျက်နှာ ၉ သို့** ✻

**ယနေ့ကမ္ဘာတွင် နည်းပညာနှင့် စီးပွားရေးထိပ်တန်းရောက်နေသော နိုင်ငံများသည် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပုံအောထားသည်ကိုတွေ့ရသည်။ နည်းပညာပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် များစွာရင်းနှီးမြှုပ်နှံထားသော နိုင်ငံများသည် အကျိုးရလဒ် အများဆုံးဖြစ်ထွန်းသည်ကို နားလည်ထားကြသည်။ အမေရိကန်၊ ဂျပန်၊ အစ္စရေး၊ ကနေဒါနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည့် နိုင်ငံများဖြစ်သည်။ ခေတ်မီဆန်းပြားသော နည်းပညာများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်သောကြောင့် နိုင်ငံအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေခြင်းဖြစ်သည်။**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် အစားထိုးရွေးချယ်နိုင်ရန် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာဥပဒေ(၂၀၁၄ခုနှစ်)နှင့် သတင်းမီဒီယာနည်းဥပဒေများအရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"၏ ကောင်စီဝင် လစ်လပ်နေရာများရှိနေပါ၍ အစားထိုးရွေးချယ်ရန် လိုအပ်ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ သတင်းမီဒီယာနည်းဥပဒေ ၁၅ အရ "အဖွဲ့သည် ကောင်စီသက်တမ်း နောက်တစ်ကြိမ်အတွက် အဖွဲ့အသစ်ဖွဲ့စည်းသည်အထိ လုပ်ငန်းတာဝန်ထမ်းဆောင်ရမည်" ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ တွင် ပါရှိသည့် "သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာ စသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများနေရာ လစ်လပ်လျက်ရှိပါသည်။

၄။ ကောင်စီဝင်အစားထိုးရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်း သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) သတင်းမီဒီယာအဖွဲ့အစည်းများ**

(၁) လစ်လပ်နေရာအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။
(၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။
(၃) သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။
(၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်း မဖြစ်စေရ။

**(ခ) တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**

(၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်နှင့်အထက် ရှိရမည်။
(၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်း ဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။
(၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ဂျာနယ်များအား ထုတ်ဝေသူ / အမှုဆောင်အရာရှိချုပ်/ အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာသတင်းခန်းမှ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။
(၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။
(၅) သတင်းမီဒီယာ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ) နှင့်အညီ လိုက်နာသောပုဂ္ဂိုလ်ဖြစ်ရမည်။

**(ဂ) တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**

(၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။
(၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

**(ဃ) ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ ကောင်စီဝင် ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ-**

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။
(၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။
(၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။
(၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁)ရက် သောကြာနေ့မှ (၃-၃-၂၀၂၁)ရက် ဗုဒ္ဓဟူးနေ့အထိ နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁)ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀) နာရီ မတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ အပိုဒ် ၅ ပါ အချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းပါ အချက်အလက်များအား အရာထမ်း / အမှုထမ်းများသို့ ထပ်ဆင့်ရှင်းလင်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များကို ထုတ်နုတ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်သို့ ထပ်ဆင့်ညွှန်ကြား ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် Zoom Meeting ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

**ဆောင်ရွက်သွားမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၂၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ အစည်းအဝေးပြုလုပ်ခဲ့ပြီး လက်ရှိလုပ်သက်ခွင့် ယူထားသူများကို ဖေဖော်ဝါရီ ၂၄ ရက်အထိသာ ခံစားခွင့်ပြုခဲ့သဖြင့် မီးဖွားခွင့်နှင့် အရေးကြီးသော ကျန်းမာရေးကိစ္စများမှအပ ကျန်ကိစ္စများဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်သက်ခွင့်ယူထားသူများကို ဖေဖော်ဝါရီ ၂၅ ရက်တွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ရန်နှင့် တာဝန်ထမ်းဆောင်ခြင်းမရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဝန်ထမ်းတစ်ဦးချင်းစီသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများမှာ ကိုဗစ်-၁၉ ရောဂါကြောင့် အသွားအလာကန့်သတ်မှု၊ နေအိမ်တွင် နေထိုင်ရေးအစီအစဉ်ကြောင့် အခက်အခဲများဖြစ်ခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်လုပ်ငန်းအားဖြင့် လုံခြုံမှုအပြည့်ရှိပါကြောင်း၊ အခြားအခွင့်အလမ်းများဖြစ်သည့် နေထိုင်ရေးကိစ္စများ၊ ပြည်ပသင်တန်းကိစ္စများ၊ ပင်စင်လစာစသည့် အခွင့်အလမ်းများရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ရခြင်းကို ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အာမခံချက်၊ အခွင့်အရေးမတူပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်အတွက် ရေရှည်တွင် ဝန်ထမ်းများအတွက် ဘဝအာမခံချက်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ရုံးတက်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်း သုံးမျိုးရှိသည့်အနက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဘဝအာမခံချက် အတည်ငြိမ်ဆုံးနှင့် တက်လမ်းများရှိသည့် ဝန်ထမ်းများဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများဖြစ်သည့်အတွက် အမြဲဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ စနစ်ကျမှု စသည့်အချက်များနှင့်အညီ ထိထိရောက်ရောက် လည်ပတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အစိုးရအပြောင်းအလဲ မည်သို့ပင်ရှိရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းမိသားစုဘဝများ ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ချပြရှင်းလင်း**

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များကို ထုတ်နုတ်၍ Zoom Meeting ဖြင့် တက်ရောက်လာကြသော ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ရုံးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများကို ချပြရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဓိကအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းအပေါ် အရာထမ်း၊ အမှုထမ်းများအနေဖြင့် နားလည်သဘောပေါက်စေလိုပါကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ တင်ပြချက်များနှင့် အခြားတင်ပြချက်များရှိပါက တင်ပြနိုင်ပါကြောင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် စုပေါင်းတိုင်ပင်ဆွေးနွေးဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေသူတွေကို ကိုယ်လုပ်နိုင်သလောက် လုပ်ပေးနေခဲ့တယ်ဆိုတဲ့ ပြည်သူတွေရဲ့ဆရာဝန်

## နေခြည်သွေး

ကံထူးမတိုက်နယ်ဆေးရုံရှေ့က ဗီဒီယိုဖိုင်လေး တစ်ခု မနေ့က လူမှုကွန်ရက်မှာ တက်လာခဲ့ပါတယ်။ CDM မလုပ်ဘဲ သူ့တာဝန်ကို သူထမ်းဆောင်၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေတဲ့ ပြည်သူတွေကို အစွမ်းကုန် တာဝန်ကျေပွန်နေတဲ့ ဆရာဝန်ကို လူ ၁၀၀ ကျော်ပါတဲ့ လူအုပ်စုတစ်စုက အတင်းအကျပ် ဖိအားပေးပြီး CDM လုပ်ခိုင်းခဲ့တာပါ။

လက်ရှိဆေးရုံမှာရှိတဲ့ လူနာတွေရဲ့အခြေအနေ၊ ဆရာဝန်တစ်ယောက်ရဲ့ ရပ်တည်မှုကို လူအုပ်စုကြီးထံ နားလည်မှုရှိအောင် ကြိုးစားရှင်းပြနေတဲ့ ဆရာဝန်ကို မြင်ရတာ စိတ်မသက်မသာဖြစ်မိပြီး အားနာရှက်ရွံ့မိပါတယ်။ ဆရာဝန်က ရှင်းပြနေမှုကို မထီမဲ့မြင်နဲ့ ဖြစ်လိုရာ၊ ဖြစ်စေချင်တာကို အတင်းအကျပ် ပြောဆိုနေတာကိုလည်း မြင်ရပါတယ်။ နောက်ဆုံးမှာ လူနာနဲ့ ပြည်သူတွေရဲ့အသက်ကို စောင့်ရှောက်ကယ်တင်ပေးနေတဲ့ မွန်မြတ်တဲ့ ဆရာဝန်ပါလားဆိုတဲ့ အတွေးအခေါ်မျိုးမရှိလာတဲ့ အပြင် ရုန့်ရင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေနဲ့ ဆရာဝန်ကို ဝိုင်းဝန်းဆဲဆို လှောင်ပြောင်ခဲ့ကြပါတယ်။

တန့်ဆည်မြို့နယ်မှာရှိတဲ့ ကံထူးမတိုက်နယ်ဆေးရုံမှာ အရေးပေါ်အခြေအနေအရ ကုသပေးနေရတဲ့ လူနာတွေရှိပါတယ်။ ကလေးမီးဖွားခါနီးပြီမို့ စိတ်လှုပ်ရှားစွာနဲ့ ဆေးရုံကို အားကိုးတကြီး လာရောက်တဲ့ ကိုယ်ဝန်ဆောင်တွေရှိသလို၊ မြွေကိုက်တာတို့၊ ဆိုင်ကယ်တိုက်တာတို့ကြောင့် အပြေးအလွှားရောက်လာကြတဲ့ လူနာတွေရှိပါတယ်။ တိုက်နယ်ဆေးရုံက ပြည်သူတွေအတွက် အပြည့်အဝတာဝန်ထမ်းဆောင်နေတဲ့ ကရုဏာရှင် တစ်ယောက်လည်းရှိပါတယ်။ သူကတော့ ဒေါက်တာနေဇော်အောင်ဖြစ်ပါတယ်။

ဒီရက်ပိုင်းမှာတော့ အစိုးရကို ဆန့်ကျင်တဲ့ လှုပ်ရှားမှု CDM မလုပ်တဲ့အတွက် ဆရာဝန်ကို ဖိအားပေးဖို့ ကံထူးမတိုက်နယ်ဆေးရုံဆီကို စုစုပေါင်း လူဦးရေ ၁၀၀ ကျော် ရောက်ရှိလာကြပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးကို ဦးစားပေး၊ ဆရာဝန်ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းပြီး စေတနာ၊ မေတ္တာအပြည့်နဲ့ ကုသပေးနေတဲ့ ဆရာဝန်ကို CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ ဖိအားပေးတဲ့လုပ်ရပ်ဟာ အတော်ကို အရုပ်ဆိုးအကျည်းတန်ခဲ့ရပါတယ်။

**စေတနာဆိုတာ အသွားအပြန်ရှိတတ်ပါတယ်။ သမားကောင်း၊ ဆရာဝန်ကောင်းများအဖြစ် ပြည်သူ့အသက်အိုးအိမ်ကို ကာကွယ်သူများအတွက် ပြည်သူများ၏ နားလည်လက်ခံမှုနှင့် အားကိုးယုံကြည်မှု၊ လေးစားတန်ဖိုးထားမှုတွေကို အရယူပေးကြပါလို့ ထပ်မံတောင်းဆိုရင်း ပြည်သူအတွက် ရပ်တည်ပေးနေသော ဒေါက်တာနေဇော်အောင်နှင့် ပြည်သူ့ဆရာဝန်များအားလုံးကို ဦးညွှတ်ဂါရဝပြုလိုက်ရပါတယ် . . .**

ဆရာဝန်က သူ့ကိုဖိအားပေးပြီး CDM လုပ်ဖို့ တိုက်တွန်းတဲ့ လူစုကို ဆေးရုံရဲ့ လက်ရှိအခြေအနေ၊ လူနာအနေအထားတွေကို ထွက်ပြီးရှင်းပြပေးမယ့် ဘယ်လိုမှ လက်မခံတဲ့လူအုပ်စုရဲ့ တုံ့ပြန်မှုက ဒီမိုကရေစီစံနှုန်းနဲ့ ဆန့်ကျင်နေတာကို မြင်တွေ့ရပါတယ်။

"ကျွန်တော်မေးခဲ့ပါတယ်။ မြွေကိုက်လူနာတွေ၊ ကလေးမီးဖွားပြီး အချင်းကပ်၊ သွေးသွန်၊ ရှောခ့်ရနေတဲ့ လူနာတွေ၊ အဆိပ်သောက်ထားတဲ့လူနာ၊ သားပျက်၊ သားလျှောလူနာတွေ၊ ဗိုက်ခွဲပြီးမှ ကလေးမီးဖွားဖို့လိုအပ်နေတဲ့ ဆေးရုံထဲက လူနာတွေရှိတယ်။ အဲဒီလို လူနာတွေကို ဘယ်လိုစီစဉ်ပေးမှာလဲလို့ပါ။ ဒီလထဲမှာပဲ သူများတွေ CDM လုပ်နေတဲ့

**CDM လုပ်တဲ့ဆရာဝန်တွေနဲ့ ဖိအားပေးအတင်းအကျပ် CDM လုပ်ဆောင်ခိုင်းနေတဲ့သူတွေကို မေးခွန်းထုတ်ချင်ပါတယ်။ အချိန်တိုအတွင်း ရောဂါမြန်မြန်ပြန့်ပွားနိုင်တဲ့ ကင်ဆာဝေဒနာရှင်တွေ ကုသနေရင်းတန်းလန်းနဲ့ ဓာတ်ရောင်ခြည်ကုထုံး ကုသခွင့်မရတော့တာ၊ ကျောက်ကပ်ပုံမှန်မဆေးရင် အသက်မရှင်နိုင်တဲ့ ကျောက်ကပ်ဝေဒနာရှင်တွေ တဖြုတ်ဖြုတ်ကြွေနေကြတာကို ဆက်လက်မြင်တွေ့ပြီး နေနိုင်ကြပါသလား၊ အပြစ်မကင်းသလို မခံစားရကြဘူးလား . . .**

အချိန် အခုဆန္ဒပြပွဲကို ဦးဆောင်သူရဲ့သမီး ဆိုင်ကယ်အက်ဆီးဒင့်နဲ့လာလို့ ကျွန်တော် ကုပေးထားပါတယ်"လို့ ပြည်သူ့အတွက် ရပ်တည်ပေးခဲ့တဲ့ ကံထူးမတိုက်နယ်ဆေးရုံရဲ့ ဆရာဝန် ဒေါက်တာနေဇော်အောင်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ မနေ့က ရေးသားထားခဲ့ပါတယ်။

CDM မလုပ်တဲ့ ဒေါက်တာနေဇော်အောင်ကို ရုန့်ရင်းကြမ်းတမ်းတဲ့ ဆဲဆိုမှုတွေလုပ်ခဲ့ကြပြီး ဆရာက အားလုံးကြားသိအောင် မိုက်ခရိုဖုန်းနဲ့ ရှင်းပြပြောဆိုမှုကိုလည်း လက်မခံကြတာကို တိုက်ရိုက်ထုတ်လွှင့်နေတဲ့သူတွေဆီကနေ မြင်တွေ့ရတဲ့အခါ ဆရာ့အပေါ် အတော်ကို လေးစားမိတဲ့စိတ်ဖြစ်ပေါ်လာပါတယ်။

ကံထူးမတိုက်နယ်ဆေးရုံလေးမှာ ဝန်ထမ်း စုစုပေါင်း ၁၀ ဦးရှိပြီး မည်သည့်ဝန်ထမ်းကိုမျှ CDM မလုပ်ဖို့အတွက် တားမြစ်ပြောဆိုထားခြင်းမရှိဘူးလို့ ဒေါက်တာနေဇော်အောင်က အတိအလင်း ပြောထားပါတယ်။ ဘယ်နေရာမှ CDM မလုပ်ခင်ကတည်းက CDM လုပ်ချင်ရင် လုပ်နိုင်ကြောင်း ပြောထားပြီးသားဖြစ်တယ်လို့ သိရပြီး ဘယ်ဝန်ထမ်းကိုမှလည်း Duty ပျက်ကွက်နေလို့ ဘာမှမပြောခဲ့ကြောင်းနဲ့ ကိုယ်လုပ်ပေးနိုင်သလောက် လုပ်ပေးရုံသက်သက်သာဖြစ်ကြောင်း၊ မလုပ်ပေးနိုင်တဲ့လူနာများကိုလည်း လွှဲပြောင်းပေးနေတယ်လို့ ဒေါက်တာနေဇော်အောင်က ဖေဖော်ဝါရီ ၉ ရက်နေ့မှာ ပြောကြားထားခဲ့ပါသေးတယ်။

လူအုပ်စုဖွဲ့ပြီး အတင်းအကျပ်ဖိအားပေး၊ CDM လုပ်ခိုင်းနဲ့၊ ဆရာဝန်က သူရှင်းပြနေတာကို လက်မခံဘဲ မိုက်ခရိုဖုန်းနဲ့ အားလုံးကြားအောင် ရှင်းပြနေတဲ့အချိန် မိုက်ခရိုဖုန်းနဲ့ ပြောတာကိုပါ မဆီမဆိုင် ဖိအားပေးပြောဆိုလာတဲ့အခါ သူ့လက်ထဲက မိုက်ခရိုဖုန်းကို မြေကြီးပေါ် ပစ်ချလိုက်ပါတော့တယ်။ အဲဒီဗီဒီယိုကို ကြည့်ရှုသူ လူပေါင်းများစွာဟာ ဆရာဝန်အပေါ် အားတုံ့အားနာဖြစ်ကြရသလို ပြည်သူ့ကျန်းမာရေးအတွက် ဘယ်လိုဖိအားကိုမဆို ကြံ့ကြံ့ခံ ကာကွယ်ပေးသွားမယ်ဆိုတဲ့ ဆရာဝန်အပေါ် လေးစားဂုဏ်ယူခဲ့ကြပါတယ်။ နောက်ဆက်တွဲအနေနဲ့ ဆရာဝန်ကိုလည်း ရန်လိုနေတဲ့လူအုပ်ကြီးဆီကနေ တပ်မတော်က ကယ်ထုတ်သွားနိုင်ခဲ့တယ်ဆိုတဲ့သတင်းကြောင့် စိတ်သက်သာရာရမိပါတယ်။

ပြည်သူ့ကျန်းမာရေးကို မျက်ကွယ်ပြု အတင်းအကျပ်ဖိအားပေးပြီး စော်ကားလှောင်ပြောင်ခံကာ ပြည်သူတွေအတွက် ရပ်တည်ပေးနေတဲ့ ဒေါက်တာနေဇော်အောင်လိုမျိုး ဆရာဝန်တွေ အများအပြားကျန်ရှိနေဦးမှာဖြစ်ပါတယ်။ ဆေးရုံမှာ ဆရာဝန်လုံးလုံးမရှိတဲ့အခါ လူနာတွေ ဒုက္ခရောက်ကြရမယ်ဆိုတဲ့အသိနဲ့ Hippocratic Oath (ဟစ်ပိုကရေးတစ် ကတိသစ္စာ)ကို လိုက်နာကြတဲ့ မွန်မြတ်တဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ပေးဖို့နဲ့ လေးစားနားလည်ပေးဖို့က ပြည်သူတွေရဲ့တာဝန်ဖြစ်ပါတယ်။ ပြည်သူတိုင်းကလည်း ဆရာဝန်တွေ ပြည်သူ့ဆေးရုံဆီ ပြန်လည်ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် တိုက်တွန်းပေးကြဖို့လည်း အချင်းချင်း သတင်းစကားပါး မျှဝေစေလိုပါတယ်။

လက်ရှိမှာ အပင်ပန်းခံကုသပေးနေတဲ့ တပ်မတော်ဆေးရုံတွေကို မသွားဖြစ်ကြတဲ့၊ သွားရမှန်းမသိတဲ့ ပြည်သူတွေထဲမှာ နေ့စဉ်ရာထောင်ချီနေတဲ့ နေ့မစေ့လမစေ့ မွေးကင်းစကလေးငယ်တွေ (Premature Neonate)လေးတွေ၊ ICU လို့၊ HDU လို့ခေါ်တဲ့ အရေးပေါ်ကြပ်မတ်ခန်း၊ ကုသခန်းအသီးသီးထည့်သွင်းရမယ့် ကလေးတွေအပါအဝင် CDM စလုပ်ကတည်းကဆိုရင် အခုအချိန်အထိ Daily Unconscious တို့၊ Semi-Conscious rate တို့နဲ့ Daily Critical Cases Rate နဲ့ Daily RTA Rate တွေကိုသာ ပေါင်းစပ်ကြည့်လိုက်မယ်ဆိုရင် ဆရာဝန်တွေ CDM လုပ်ခဲ့ကြလို့ ပြည်သူတွေ ထိခိုက်သေဆုံးမှုက သောင်းဂဏန်းအထိရှိနိုင်တယ်လို့ ဆရာဝန်အချို့ကလည်း ခန့်မှန်းထားကြတာပါ။

ဒါတွေဟာ ပြည်သူတွေရဲ့ နစ်နာဆုံးရှုံးမှုတွေဖြစ်ပါတယ်။ CDM လုပ်တဲ့ဆရာဝန်တွေနဲ့ ဖိအားပေး အတင်းအကျပ် CDM လုပ်ဆောင်ခိုင်းနေတဲ့သူတွေကို မေးခွန်းထုတ်ချင်ပါတယ်။ အချိန်တိုအတွင်း ရောဂါ မြန်မြန်ပြန့်ပွားနိုင်တဲ့ ကင်ဆာဝေဒနာရှင်တွေ ကုသနေရင်းတန်းလန်းနဲ့ ဓာတ်ရောင်ခြည်ကုထုံး ကုသခွင့်မရတော့တာ၊ ကျောက်ကပ်ပုံမှန်မဆေးရင် အသက်မရှင်နိုင်တဲ့ ကျောက်ကပ်ဝေဒနာရှင်တွေ တဖြုတ်ဖြုတ်ကြွေနေကြတာကို ဆက်လက်မြင်တွေ့ပြီး နေနိုင်ကြပါသလား၊ အပြစ်မကင်းသလို မခံစားရကြဘူးလား။

ပြီးခဲ့တဲ့ရက်ကပဲ ပြည်သူ့ဆေးရုံတွေမှာ တာဝန်သိကျန်းမာရေးဝန်ထမ်းများဖြင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်ပေးရေးအတွက် တောင်းဆိုဆန္ဒဖော်ထုတ်ကြတဲ့ ပြည်သူတွေကိုလည်း အနယ်နယ်အရပ်ရပ်မှာ မြင်တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဒေသခံပြည်သူ ၁၀၀ ဝန်းကျင်က ပြည်သူ့ဆေးရုံကို တာဝန်သိကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြန်လည်ဖွင့်လှစ်ပေးဖို့ တောင်းဆိုနေတဲ့မြင်ကွင်းတစ်ခုကိုလည်း တွေ့မိပါတယ်။

နိုင်ငံရေးဇာတ်ခုံဟာ အနိမ့်အမြင့် အပြောင်းအလဲ စုံလင်တတ်ပါတယ်။ ငိုကြွေးရတဲ့အခန်း၊ ပျော်ရွှင်ရတဲ့အခန်း၊ အားမလိုအားမရ ဖြစ်ကြရတဲ့ အခန်း စသည်ဖြင့် အများကြီးကြုံနိုင်ပါတယ်။ သမိုင်းဖြစ်စဉ်တွေမှာလည်း အမျိုးမျိုးအဖုံဖုံ ပြောင်းလဲခဲ့ရတာပဲ မဟုတ်ပါလား။ ပြင်းထန်တဲ့ စစ်မက်တွေ၊ ပဋိပက္ခတွေ ဖြစ်ပွားနေကြတဲ့ ကမ္ဘာ့နိုင်ငံအချို့မှာတောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ရပ်တန့်ပစ်လို့မရပါဘူး။ အပြစ်မဲ့တဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဝန်ထမ်းတွေ မရှိတဲ့အခါ ဘယ်လိုရပ်တည်နေကြမလဲဆိုတာ စိုးရိမ်ပေးကြဖို့ ပြည်သူတွေ အားကိုးနေကြရတဲ့ ဆရာဝန်တစ်ယောက်ဆီတိုင်းကို တိုက်တွန်းလိုပါတယ်။

စေတနာဆိုတာ အသွားအပြန်ရှိတတ်ပါတယ်။ သမားကောင်း၊ ဆရာဝန်ကောင်းများအဖြစ် ပြည်သူ့အသက်အိုးအိမ်ကို ကာကွယ်သူများအတွက် ပြည်သူများ၏ နားလည်လက်ခံမှုနှင့် အားကိုးယုံကြည်မှု၊ လေးစားတန်ဖိုးထားမှုတွေကို အရယူပေးကြပါလို့ ထပ်မံတောင်းဆိုရင်း ပြည်သူအတွက် ရပ်တည်ပေးနေသော ဒေါက်တာနေဇော်အောင်နှင့် ပြည်သူ့ဆရာဝန်များအားလုံးကို ဦးညွှတ်ဂါရဝပြုလိုက်ရပါတယ်။ ။

# COVID-19 ရောဂါ ကြိုတင်ကာကွယ်ရန် လူ ၅၀ ဦးထက်ပို၍ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၂/၂၀၂၁**
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀၊ ၂၈–၅–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြုဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦး ဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၉–၇–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၇၉/၂၀၂၀ ဖြင့် ၁–၈–၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန်နှင့် ၁၂–၈–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ ဖြင့် ၁၆–၈–၂၀၂၀ ရက်မှစ၍ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၂၆–၂–၂၀၂၁ ရက်မှစ၍ အဆိုပါ အမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၃၀ ဦးအစား လူ ၅၀ ဦးထက်ပို၍ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

* စာမျက်နှာ ၆ မှ

လုပ်ငန်းများစွာကို ကြိုးပမ်းကြံဆ လုပ်ကိုင်ခဲ့ကြသည်။ သို့သော် သုတေသနလုပ်ငန်းဆိုသည်မှာ ရေရှည်ရင်းနှီးမြှုပ်နှံရသော လုပ်ငန်းဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားခြင်းတို့ကြောင့် အောင်မြင်မှုအတိုင်းအတာ ထိရောက်စွာပေါ်မလာဘဲ နှေးကွေးနေသည်ဟုဆိုရမည်ဖြစ်သည်။

**အကြိမ်ရေအမြောက်အမြား**

မိမိတို့ နေ့စဉ်ထိတွေ့ အသုံးပြုနေရသည့် အရာဝတ္ထုတိုင်းသည် အကြိမ်ရေ အမြောက်အမြား သုတေသနပြုလုပ်လေ့လာဆန်းစစ်ပြီးမှ ရရှိလာသော ကုန်ပစ္စည်းများဖြစ်သည်။ လူမှုအသိုက်အဝန်းကြီးတစ်ခုလုံးအတွက် အသက်ရှည်နေထိုင်ရန် မရှိမဖြစ်အသုံးပြုရန် လိုအပ်သောပစ္စည်းများ၊ ဖွံ့ဖြိုးတိုးတက်သည့်တိုင်းပြည်၊ ချမ်းသာကြွယ်ဝသည့်တိုင်းပြည် ဖြစ်ပေါ်ရေးအတွက် သုတေသနပြုလုပ်တီထွင်ဆန်းသစ်ထုတ်လုပ်မှုများသည် မဖြစ်မနေလိုအပ်သည်။ ထုတ်ကုန်ပစ္စည်းများ ခေတ်နှင့်အညီ အဆင့်မြင့်ပေါ်ထွက်လာရေး၊ အသုံးပြုလာနိုင်ရေး၊ အခြားခေတ်မီပစ္စည်းများ ပေါ်ထွက်လာရေး ကျန်းမာရေးနှင့် ပတ်သက်သော ဆေးပစ္စည်းများနှင့် ဆေးများပေါ်ထွက်လာရေး၊ ပြည်သူများ နေ့စဉ်အသုံးပြုနေရသော ပစ္စည်းများကို ပိုမိုကောင်းမွန်သော အမျိုးအစားများဖြစ်အောင် အစဉ်အမြဲဆန်းသစ်တီထွင် သုတေသနပြုနေရသည်။

**ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်အောင်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ စိုက်ပျိုးရေးကဏ္ဍအမျိုးမျိုးတို့တွင် ဈေးကွက်ဝင်သော၊ အရည်အသွေးမြင့်မားသော စိုက်ပျိုးရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် စိုက်ပျိုးရေး သုတေသနကို တိုးတက်မြှင့်တင်နိုင်ရေး ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံများအနေဖြင့် စားနပ်ရိက္ခာဘက်တွင် ပိုမိုလိုအပ်နေသောအချိန်၌ စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုသုတေသနပြုလုပ်ခြင်းဖြင့် စီးပွားရေးနှင့် အခွင့်အလမ်းကောင်းများကို ရှာဖွေယူရမည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော မျိုးစေ့အသစ်များ၊ မြေဩဇာအသစ်များ၊ စိုက်ပျိုးရေးနည်းလမ်းအသစ်များ ပေါ်ပေါက်လာရေး အစရှိသည်တို့သည် သုတေသနပြုလေ့လာစမ်းသပ်ဖော်ထုတ်မှုများ ပြုလုပ်မှသာ အလားအလာကောင်းများရရှိမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် ကဏ္ဍအသီးသီးတွင် အစဉ်ခေတ်မီတိုးတက်နေစေရန်အတွက် သုတေသနလုပ်ငန်းများကို အပြိုင်အဆိုင်လုပ်ကိုင်နေကြသည်။ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနည်းပညာနှင့် စစ်ရေးတို့တွင်ပါ အစဉ်အမြဲ တီထွင်ဖန်တီးနေကြသည်။ နည်းပညာအသာစီးရအောင် သုတေသနပြုတီထွင်ထုတ်လုပ်မှု ပြုလုပ်နိုင်သော နိုင်ငံများသည် တစ်ပန်းသာစမြဲဖြစ်သည်။ ပြည်သူများအတွက်မူ လူမှုစီးပွားဖွံ့ဖြိုးရေးသည် အစဉ်အရေးကြီးနေသဖြင့် ကမ္ဘာပေါ်ရှိ သက်ရှိများအားလုံးနေထိုင်ရာ လောကကြီးတစ်ခုလုံးအတွက် သုတေသနလုပ်ငန်းများကို အဆက်မပြတ် လုပ်ဆောင်နေကြရမည်ဖြစ်သည်။

**အစဉ်သုတေသနပြုနေရမည်**

ကျောင်းသူ ကျောင်းသားလူငယ်များ၏ အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပညာရေးကဏ္ဍကို အစဉ်သုတေသနပြုနေရမည်ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်ရှိ ပြည်သူများ လိုအပ်ချက်မြင့်မားလာသော လူ့အသုံးအဆောင်ပစ္စည်းများ၊ စားနပ်ရိက္ခာများပါ ခေတ်မီဖွံ့ဖြိုးလာရေးကို သုတေသနပြုနေရမည်ဖြစ်သည်။ ကမ္ဘာကြီးတွင် ရောဂါအသစ်အဆန်းများ မကြာခဏပေါ်ပေါက်နိုင်လာသောကြောင့် အစွမ်းထက်ထိရောက်သော ဆေးနှင့်ဆေးပစ္စည်းများ အလျင်အမြန်ပေါ်ပေါက်လာရေးကို ဆေးသုတေသနပြုနေရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့နေရသော သဘာဝဘေးဒဏ်များအား ရင်ဆိုင်ဖြေရှင်းနိုင်ရေးနည်းလမ်းများကိုလည်း ရှာဖွေသုတေသနပြုနေရမည်ဖြစ်သည်။

ကမ္ဘာလောကကြီး သက်ရှိအားလုံးအကျိုးပြုခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ လူသားအားလုံး အသက်ရှင်သန်နေထိုင်ဖွံ့ဖြိုးရေးအတွက် သက်ရှိလောကဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးမှု သုတေသနလုပ်ငန်များကို အဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်နေကြရမည်ဖြစ်သည်။ သုတေသနလုပ်ငန်းများ ထိရောက်အောင်မြင်အောင် လုပ်ဆောင်ရာတွင် သုတေသနပညာရှင်များ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါလျှင် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်မှာ သေချာပါသည်။

မြန်မာလူမျိုးများ၊ မြန်မာလူသားအရင်းအမြစ်များမှာ ဉာဏ်ရည်မြင့်မားကြသူများ ဖြစ်ပါသည်။ အတွေးအခေါ်မြင့်မားကြသူများ ဖြစ်ပါသည်။ ရရှိလာမည့်အခွင့်အရေးများကို အသုံးချ၍ နယ်ပယ်ကဏ္ဍအသီးသီးတွင် သုတေသနမှ ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးမှ သုတေသနလုပ်ငန်းများကို တက်ညီလက်ညီ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

■

## ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
(၂၅–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၄–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၇,၅၂၀)ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၄၁) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၁၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၈) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင် ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရိုးသားဖြောင့်မတ်ခြင်းနှင့် နိုင်ငံရေး

ပိုက်တင်

**ရိုးသားဖြောင့်မတ်ခြင်းကို တန်ဖိုးမထားနိုင်ကြသော နိုင်ငံရေးပါတီများ၊နိုင်ငံရေးသမားများသည် ဒီမိုကရေစီ၏ အနှစ်သာရကို ဖျက်လိုဖျက်ဆီးပြုသူများသာ ဖြစ်လိမ့်မည်တည်း။ အဘယ်ကြောင့်ဆိုသော် မရိုးဖြောင့်သော နိုင်ငံရေးပါတီများ၊နိုင်ငံရေးသမားများကို နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်များဖြစ်ကြသော နိုင်ငံသားတို့က နိုင်ငံရေးရေချိန်နိမ့်နေသေးသောကြောင့်ဖြစ်စေ၊ မျက်စိလည်၍ဖြစ်စေ၊ ဆုံးဖြတ်ချက်မှားယွင်းမိ၍ဖြစ်စေ မဲပေးရွေးချယ်ပြီး တာဝန်ပေးမိပါက အရာခပ်သိမ်းသည် ဆုတ်ယုတ်ပျက်စီးမည်ဖြစ်ပြီး နိုင်ငံတော်၏ ဂုဏ်သရေကိုလည်း ထိခိုက်ညှိုးနွမ်းစေမည်ဖြစ်။**

နိုင်ငံရေးဟုဆိုလျှင် ရိုးသားဖြောင့်မတ်ခြင်းသည် သော့ချက်တစ်ခုဖြစ်တော့၏။ နိုင်ငံရေးသမားတို့သည် ရိုးသားဖြောင့်မတ်ရမည်။ နိုင်ငံရေးပါတီတို့သည် ရိုးသားဖြောင့်မတ်ရမည်။

လိမ်လည်လှည့်ဖြားခြင်းကို အခြေခံသော နိုင်ငံရေးသည် ယိုယွင်းပျက်စီးခြင်းသို့ ဦးတည်သည်ဖြစ်၏။ နိုင်ငံရေးသမားတို့သည်လည်း ပျက်စီးလိမ့်မည်တည်း။ နိုင်ငံရေးပါတီတို့သည်လည်း ပျက်စီးလိမ့်မည်တည်း။ နိုင်ငံသည်လည်း ယိုယွင်းပျက်စီးလိမ့်မည်တည်း။

နိုင်ငံရေးပါတီများသည်လည်းကောင်း၊ နိုင်ငံရေးသမားများသည်လည်းကောင်း ဦးစွာပထမအနေဖြင့် နိုင်ငံသားများအပေါ် ရိုးသားဖြောင့်မတ်ရန် မဖြစ်မနေလိုအပ်ပေသည်။ နိုင်ငံသားတို့၏ ယုံကြည်ကိုးစားမှုကို ရိုးသားဖြောင့်မတ်ခြင်းအားဖြင့်သာ ရယူအပ်ပေသည်။ မိမိတို့အမှန်တကယ် တည်နိုင်သော ကတိကဝတ်များပြုခြင်း၊ မိမိတို့ကိုင်စွဲထားသော မူဝါဒများနှင့် ခံယူထားသော ယုံကြည်မှုများကို နိုင်ငံသားများအား အမှန်အတိုင်းအသိပေးခြင်း၊ ကတိကဝတ်များကို လက်တွေ့ကျကျ အမှန်တကယ် အကောင်အထည်ဖော်ခြင်း၊ နိုင်ငံသားတို့ကငင်းတို့၏ဆန္ဒမဲများဖြင့် စိတ်ချယုံကြည်စွာ အပ်နှံတာဝန်ပေးလိုက်သော မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံသားတို့၏ မျှော်လင့်ချက်များကို အလေးထားလျက် ၎င်းတို့၏စားဝတ်နေမှုဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခြင်း စသည်တို့သည် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၏ နိုင်ငံသားများအပေါ် ရိုးသားဖြောင့်မတ်ခြင်းကို အထင်အရှားပြဆိုသော ကိစ္စရပ်များတည်း။

**နိုင်ငံသားများအပေါ် လိမ်ညာလှည့်ဖြား**

အခြားတစ်ဖက်တွင် မိမိတို့အမှန်တကယ် မတည်နိုင်သော ကတိကဝတ်များဖြင့် နိုင်ငံသားတို့ထံမှ တန်ဖိုးရှိလှသောဆန္ဒမဲများကို ရလိုဇောဖြင့် မဲဆွယ်ခြင်း၊ မိမိတို့ကိုင်စွဲထားသော မူဝါဒများနှင့် ခံယူထားသော ယုံကြည်ချက်များကို အမှန်အတိုင်း မတင်ပြခြင်း သို့တည်းမဟုတ် မူဝါဒယုံကြည်ချက်များကို နိုင်ငံသားတို့နှစ်သက်သဘောကျစေရန် ဖော်ပြပြောဆိုလျက် လက်တွေ့တွင်မူ ဖော်ပြထားသည့် မူဝါဒများ၊ ယုံကြည်ချက်များနှင့် ဆန့်ကျင်ဘက်လုပ်ရပ်များကို ရှေ့နောက်မညီစွာ လုပ်ကိုင်ခြင်း၊ ကတိကဝတ်များကို မေ့လျော့ခြင်း သို့တည်းမဟုတ် အကောင်အထည်ဖော်ရန် ပျက်ကွက်ပြီး တန်ဖိုးရှိလှသော နိုင်ငံသားတို့၏ ယုံကြည်မှုကို စော်ကားမော်ကားပြုမူခြင်း၊ နိုင်ငံသားတို့က ယုံကြည်စိတ်ချစွာအပ်နှင်းထားသော တာဝန်များကို မကျေပွန်ခြင်း၊ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်း၊ နိုင်ငံသားတို့၏ အခြေခံအကျဆုံး မျှော်လင့်ချက်ဖြစ်သော စားဝတ်နေမှုကိစ္စများကို အဆင့်အတန်းမီရေး ဆောင်ရွက်ပေးရန်ပျက်ကွက်ခြင်း စသည်တို့မှာကား နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများက နိုင်ငံသားများအပေါ် လိမ်ညာလှည့်ဖြားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြသောကိစ္စရပ်များတည်း။

ဒီမိုကရေစီဟူသည် နိုင်ငံသားများထံမှ အာဏာအရပ်ရပ် စီးဆင်းရမည်ဆိုသောသဘောအရ နိုင်ငံသားတို့ကိုယ်စား နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများက အရာခပ်သိမ်းကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်လျက် ထိုတာဝန်များကို ရိုးသားဖြောင့်မတ်စွာ၊ ထိရောက်စွာထမ်းဆောင်နိုင်မှသာ နိုင်ငံသားတို့က ယုံကြည်လျက် အပ်နှင်းလိုက်သောအာဏာတို့သည် အဓိပ္ပာယ်နှင့်အနှစ်သာရပြည့်ဝနိုင်ပြီး ဒီမိုကရေစီစနစ်၏ ကောင်းကျိုးကိုနိုင်ငံတော်သည်လည်းကောင်း၊ နိုင်ငံသားတို့သည်လည်းကောင်း ခံစားရရှိနိုင်မည်ဖြစ်ပေသည်။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများသည် နိုင်ငံသားတို့ပေးအပ်လာသောအာဏာများကို အထက်တွင်ဖော်ပြခဲ့သလား၊ မရိုးမဖြောင့် အလွဲသုံးစားပြုလျက် နိုင်ငံသားများကို မထီမဲ့မြင်စော်ကားမော်ကား ပြုသည်ရှိသော် ဒီမိုကရေစီစနစ်၏ အနှစ်သာရသည် ကောင်းကျိုးထက် ဆိုးကျိုးများကိုဖြစ်ပေါ်စေမည်မုချတည်း။

နိုင်ငံရေးသမားတို့၏ အရည်အသွေး သတ်မှတ်ချက်များတွင် ရိုးသားဖြောင့်မတ်ခြင်းသည် တစ်ချက်အပါအဝင် ဖြစ်သင့်ပေ၏။ ရိုးသားဖြောင့်မတ်ခြင်းမရှိသူများသည် နိုင်ငံရေးသမားအလုပ်နှင့် လုံးဝသင့်တော်အပ်စပ်မှုမရှိပါ။ အထူးသဖြင့်နိုင်ငံသားများအပေါ် မရိုးမဖြောင့် လုပ်ကိုင်တတ်သူတို့သည် နိုင်ငံရေးကျင့်ဝတ်များကို မစောင့်စည်းသူများတည်း။ နိုင်ငံသားတို့ထံမှရယူထားသည့်လုပ်ပိုင်ခွင့်အာဏာများနှင့်မထိုက်တန်သူများတည်း။ ဒီမိုကရေစီစနစ်၏ အနှစ်သာရများကိုဖျက်ဆီးသူများတည်း။ နိုင်ငံတော်ကို ဖျက်ဆီးသူများတည်း။

နောက်ထပ်အလေးထားသင့်သည့်အကြောင်းအရာတစ်ရပ်သည်ကား ဥပဒေစည်းကမ်းများကို တန်ဖိုးထားလိုက်နာခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်း အကြားဆက်နွယ်မှုတည်း။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများသည် တည်ဆဲဥပဒေများနှင့် စည်းမျဉ်း၊စည်းကမ်းများကို တိတိကျကျလေးလေးစားစားလိုက်နာကြရန် မဖြစ်မနေလိုအပ်ပေသည်။ ဥပဒေများသည် ကာလံဒေသံအရအပြောင်းအလဲများပြုလုပ်ရန် လိုအပ်သည်မှာမှန်သော်ငြား တည်ဆဲဥပဒေများကို လိုက်နာရေး၊ လေးစားရေးမှာ သီးခြားကိစ္စတည်း။ ဥပဒေများ၊စည်းမျဉ်းစည်းကမ်းများကို နိုင်ငံသားတိုင်းက တန်ဖိုးထားလေးစားကြရန်၊ လိုက်နာကြရန်ဆိုသည်မှာ နိုင်ငံတစ်ခုတွင် အရေးကြီးဆုံးကိစ္စဖြစ်သော နိုင်ငံရေးစနစ်ပီပြင်ရေး၊ ခိုင်မာရေးကိစ္စရပ်၏ သော့ချက်ဖြစ်သော တရားဥပဒေစိုးမိုးရေးကိုတည်ဆောက်ခြင်း မည်ပေသည်။ ဥပဒေပြုကြသည့် နိုင်ငံတော်အာဏာကိုရယူလျက် နိုင်ငံကို တည်ဆောက်ကြမည့်ဥပဒေများနှင့်ပတ်သက်လျှင် တာဝန်အရှိဆုံးဖြစ်သည့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများကမှ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားရကောင်းမှန်း၊ တန်ဖိုးထားရကောင်းမှန်း၊ လိုက်နာစောင့်ထိန်းရကောင်းမှန်းမသိဘဲ နိုင်ငံတစ်ခုကို မည်သို့အောင်မြင်အောင်တည်ဆောက်မည်နည်း။ နိုင်ငံရေးစနစ်ကောင်းတစ်ခု မည်သည့်နည်းနှင့် ပေါ်ပေါက်လာနိုင်မည်နည်း။ နိုင်ငံရေးပါတီများ နိုင်ငံရေးသမားများကမှ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာမှုမရှိပါက နိုင်ငံသားများက ဥပဒေစည်းကမ်းများကို လေးစားလာကြရန်၊ လိုက်နာကြရန်မည်သို့ မည်ပုံဆွဲဆောင်သိမ်းသွင်းရန် ဖြစ်နိုင်ပါမည်နည်း။

နိုင်ငံရေးပါတီများ၊နိုင်ငံရေးသမားများသည် ရာထူးနေရာများကိုရယူရန် အားထုတ်ကြရာတွင် နိုင်ငံသားများနှင့်နိုင်ငံရေးအရ သဘောတူညီချက် (Political contract between citizens and politicians) သည် စာရွက်ပေါ်တွင် ချရေးပြီး လက်မှတ်ထိုးထားကြသည် မဟုတ်သော်ငြား အနှစ်သာရအားဖြင့် အသေအချာရှိနေကြောင်း သဘောပေါက်ရန်လိုအပ်ပေသည်။ ထိုသဘောတူညီချက်များတွင် နိုင်ငံသားများအပေါ် ရိုးသားဖြောင့်မတ်ရန်၊ နိုင်ငံတော်ကိုတန်ဖိုးထားရန်အပြင် တည်ဆဲဥပဒေများကို အလေးအနက် လိုက်နာကြရန်ဆိုသည့်ကိစ္စသည် အပါအဝင်ဖြစ်၏။ အာဏာရသည့်အခါ၊ လုပ်ပိုင်ခွင့်ရသည့်အခါဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာလိုပါဟု အစက နဦးကတည်းက တင်ကြိုငြင်းဆန်ထားကြသည်ရှိသော် ထိုနိုင်ငံရေးပါတီ၊ ထိုနိုင်ငံရေးသမားတို့ကို ဘယ်နိုင်ငံသားတို့က ၎င်းတို့ကိုယ်စား နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားများကို စီမံခန့်ခွဲရန် ခွင့်ပြုပါမည်နည်း။ ထို့ကြောင့် နိုင်ငံရေးပါတီများ သည်လည်းကောင်း၊ နိုင်ငံရေးသမားများသည် လည်းကောင်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြောင်ကျကျဖြစ်စေ၊ မလိမ့်တစ်ပတ်ဖြစ်စေချိုးဖောက် ခြင်းသည် မရိုးဖြောင့်ခြင်းသာဖြစ်ကြောင်း မှတ်ယူရမည်တည်း။ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများကို တရိုတသေ တလေးတစားလိုက်နာကြခြင်းသည်လည်း ရိုးသားဖြောင့်မတ်ခြင်းဖြစ်ကြောင်း မှတ်ယူရလိမ့်မည်ဖြစ်သည်။

**နိုင်ငံတော်၏ အထိန်းအကွပ်**

ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာခြင်းကား နိုင်ငံသားတို့၏ ယုံကြည်မှုကို အလွဲသုံးစားပြုခြင်း၊ ကျေးဇူးသစ္စာစောင့်သိရန် ပျက်ကွက်ခြင်း၊ မရိုးမသားပြုမူခြင်းဖြစ်ရုံမျှမက နိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်း၊မရိုးမသားပြုခြင်းလည်းမည်သည်ဖြစ်ကြောင်း အထူးတလည် ရှင်းလင်းဖော်ပြနေဖို့ပင် လိုအပ်မည်မဟုတ်ပေ။ ဥပဒေစည်းကမ်းများကို ချိုးဖောက်လိုသောနိုင်ငံရေးသမားများ၏လက်တွင် နိုင်ငံတော်၏ ဂုဏ်ကျက်သရေသည်လည်း အကြီးအကျယ် ထိခိုက်ညှိုးနွမ်းလိမ့်မည်ဖြစ်ကြောင်းကို အထူးတလည် ရှင်းလင်းဖော်ပြနေဖို့ မလိုအပ်။ ဥပဒေစည်းမျဉ်းတို့သည်နိုင်ငံတော်၏ အထိန်းအကွပ်လည်းဖြစ်ပေ၏။ နိုင်ငံရေးစနစ်၏ အထိန်းအကွပ်လည်း ဖြစ်ပေ၏။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၏ အထိန်းအကွပ်လည်းဖြစ်ပေ၏။ အခြားသော အင်စတီကျူးရှင်းများ တောင့်တင်းခိုင်မာစွာ ရပ်တည်နိုင်ရေး ကောင်းမွန်စွာ သက်ဝင်ရှင်သန်ရေးအတွက် အထိန်းအကွပ်လည်းဖြစ်ပေ၏။ နိုင်ငံသားတို့၏ အထိန်းအကွပ်လည်း ဖြစ်ပေ၏။ သို့ပေသောကြောင့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများသည် ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို တန်ဖိုးထားလေးစားလျက် အလေးအနက်လိုက်နာကြမှသာ နိုင်ငံတော်အပေါ်တွင်လည်းကောင်း၊ နိုင်ငံသားများအပေါ်တွင်လည်းကောင်း ရိုးသားဖြောင့်မတ်ရာရောက်မည်ဖြစ်ကြောင်း သတိရှိကြရန်သင့်၏။

ထို့ကြောင့်နိဂုံးချုပ်လျှင်နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၏ ရိုးသားဖြောင့်မတ်မှုသည် နိုင်ငံရေးစနစ်ကောင်းမွန်ရေး၊နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊နိုင်ငံသားတို့၏ လူမှုဘဝများအဆင့်မီ တိုးတက်ကောင်းမွန်ရေးတို့အတွက် အခြေခံလိုအပ်ချက်တည်း။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများသည် ရိုးသားဖြောင့်မတ်သည့်စိတ်အခံကိုကောင်းစွာတည်ဆောက်နိုင်ကြလျှင် ဒီမိုကရေစီနိုင်ငံရေးစနစ်၏ အနှစ်သာရဖြစ်သော နိုင်ငံသားများ၏ ဆန္ဒသဘောထားများကို တန်ဖိုးရှိစေရန် အားဖြည့်သလိုရှိမည်ဖြစ်၏။ နိုင်ငံတော်အာဏာအရပ်ရပ်၏ အနှစ်သာရနှင့်အဓိပ္ပာယ်ကို ပြည့်ဝစေလျက် မဏ္ဍိုင်သုံးရပ်၏ လုပ်ငန်းဆောင်တာများသည် ကောင်းမွန်ပြည့်ဝပြည့်စုံနေလိမ့်မည်ဖြစ်၏။ ရိုးသားဖြောင့်မတ်ခြင်းကို တန်ဖိုးမထားနိုင်ကြသော နိုင်ငံရေးပါတီများ၊နိုင်ငံရေးသမားများသည် ဒီမိုကရေစီ၏ အနှစ်သာရကို ဖျက်လိုဖျက်ဆီးပြုသူများသာ ဖြစ်လိမ့်မည်တည်း။ အဘယ်ကြောင့်ဆိုသော် မရိုးဖြောင့်သော နိုင်ငံရေးပါတီများ၊နိုင်ငံရေးသမားများကို နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်များဖြစ်ကြသော နိုင်ငံသားတို့က နိုင်ငံရေးရေချိန်နိမ့်နေသေးသောကြောင့်ဖြစ်စေ၊ မျက်စိလည်၍ဖြစ်စေ၊ ဆုံးဖြတ်ချက်မှားယွင်းမိ၍ဖြစ်စေ မဲပေးရွေးချယ်ပြီး တာဝန်ပေးမိပါက အရာခပ်သိမ်းသည် ဆုတ်ယုတ်ပျက်စီးမည်ဖြစ်ပြီး နိုင်ငံတော်၏ ဂုဏ်သရေကိုလည်း ထိခိုက်ညှိုးနွမ်းစေမည်ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် နိုင်ငံရေးပါတီများသည်လည်းကောင်း၊နိုင်ငံရေးသမားများသည်လည်းကောင်း ရိုးသားဖြောင့်မတ်ခြင်းတည်းဟူသော ဂုဏ်ပုဒ်ကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်နွယ်နေသော အကြောင်းခြင်းရာဖြစ်ကြောင်း နားလည်သဘောပေါက်လျက် နိုင်ငံသားတို့၏ ရှေ့မှ ဦးဆောင်လမ်းပြလျက် နိုင်ငံတော်ကိုလည်းကောင်း၊ နိုင်ငံရေးစနစ်ကိုလည်းကောင်း တည်ဆောက်ကြရသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဖြစ်သည်နှင့်လျော်ညီစွာ မိမိတို့၏ကိုယ်ကျင့်ကောင်းကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစေရန်ကျင့်ကြံလျက် ရိုးသားဖြောင့်မတ်ကြရန် မဖြစ်မနေလိုအပ်ပါကြောင်း သတိပေးလိုရင်း ဖြစ်ပေတော့သည်။ ။

**(၉-၁၁-၂၀၂၀ ရက်နေ့ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ပိုက်တင်၏ "ရိုးသားဖြောင့်မတ်ခြင်းနှင့် နိုင်ငံရေး" ဆောင်းပါးကို ရတနာပုံသတင်းစာအယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)**

# အမေရိကန်ပြည်သူ ၆၆ ဒသမ ၅ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူ ၆၆ ဒသမ ၅ သန်းရှိပြီဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ယမန်နေ့ ပြောကြားချက်အရ သိရသည်။

အမေရိကန်နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေး ထိုးနှံရေးစင်တာများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၈၈၆၆၉၀၃၅ လုံး ဖြန့်ချိပေးထားပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်အထိ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူ ၆၆၄၆၄၉၄၇ ဦးရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုလျက်ရှိသည်။

ကာကွယ်ဆေးဖြန့်ဖြူးရေးနှင့် ထိုးနှံရေးဆိုင်ရာ တွက်ချက်မှုစစ်တမ်းအရ လက်ရှိအချိန်အထိ ပြည်သူ ၄၅၂၃၇၁၄၃ ဦးအား ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ပြည်သူ ၂၀၆၀၇၂၆၁ ဦးအား ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကာလရှည်ကျန်းမာရေးစောင့်ရှောက်မှု စင်တာများသို့ ကာကွယ်ဆေး အလုံးရေ ၆၇၂၄၃၁၀ ကို ဖြန့်ဖြူးပေးထားကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# သီရိလင်္ကာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ငါးသိန်း ရောက်ရှိ

**ကိုလံဘို ဖေဖော်ဝါရီ ၂၅**

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးသိန်း ယနေ့ ထပ်မံရောက်ရှိလာခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ ဆေးဝါးကော်ပိုရေးရှင်းနှင့် အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူတို့အကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀ သန်းဝယ်ယူရန် မကြာသေးမီက သဘောတူညီချက်ရရှိခဲ့ပြီးနောက် ယခုကဲ့သို့ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသိန်း ထပ်မံရောက်ရှိလာခြင်းဖြစ်ကြောင်း သီရိလင်္ကာ ခေတ္တကျန်းမာရေးဝန်ကြီး ချန်နာ ဂျာရာဆူမာနာက ပြောကြားသည်။

သီရိလင်္ကာအစိုးရအဖွဲ့က ယခုသီတင်းပတ်အစောပိုင်းက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃ ဒသမ ၅ သန်းကို ဝယ်ယူရန် ခွင့်ပြုခဲ့သည်။ နိုင်ငံအတွင်း ဇန်နဝါရီ ၂၉ ရက်မှစတင်ပြီး ရှေ့တန်းမျက်နှာစာတွင် ကိုဗစ်- ၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမည်ဖြစ်သည်။ နိုင်ငံသား ၁၄ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အမြန်ဆုံးထိုးနှံပေးနိုင်ရန် ဆောင်ရွက်နေကြောင်း အစိုးရက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် စင်ကာပူနိုင်ငံလက်ခံရရှိ

**စင်ကာပူ ဖေဖော်ဝါရီ ၂၅**

စင်ကာပူနိုင်ငံက တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို လက်ခံရရှိပြီးဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ တရုတ်သံရုံး ဝက်ဘ်ဆိုက်၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

Sinovac ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကာကွယ်ဆေး ရောက်ရှိမှုသည် စင်ကာပူနိုင်ငံ၏ ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည့်အပြင် ပြည်သူများ၏ နေ့စဉ်ဘဝကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။




တရုတ်နိုင်ငံသည် ကာကွယ်ဆေးနှင့် ကပ်ရောဂါထိန်းချုပ်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာကျန်းမာရေး အသိုက်အဝန်းတစ်ခု တည်ဆောက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် Sinovac ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြင် ကာကွယ်ဆေးထုတ်လုပ်သည့် အခြားကုမ္ပဏီနှစ်ခုမှလည်း ကာကွယ်ဆေးဝယ်ယူရန် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၏ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်အတွက် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးမပြုမီ နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိရန် ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးအကဲဖြတ်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၀၀၀၀ နီးပါးရှိ



**ဆော်ပေါ်လို ဖေဖော်ဝါရီ ၂၅**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၀၀၀၀ နီးပါးရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၁၄၂၈ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

အဆိုပါ သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ပျံ့နှံ့သည့် အချိန်မှစပြီး နေ့စဉ် သေဆုံးသူအရေအတွက် လေးကြိမ်မြောက် အမြင့်မားဆုံးဖြစ်လာခဲ့သည်။

ထို့ပြင် နေ့စဉ် လူနာ ၁၀၀၀ ကျော်သေဆုံးသည့် ၃၅ ရက်မြောက်နေ့လည်းဖြစ်သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၉၉၅၇ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၆၅၈၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၃၂၄၄၆၃ ဦးရှိလာခဲ့ပြီဖြစ်သည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်ပြီးလျှင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကူးစက်မှုတွင်လည်း အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ကူးစက်မှုအရေအတွက် တတိယအများဆုံးနိုင်ငံဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံနယ်စပ် ကက်ရှ်မီးယားဒေသ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိ




**နယူးဒေလီ ဖေဖော်ဝါရီ ၂၅**

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံက နှစ်နိုင်ငံနယ်စပ် ကက်ရှ်မီးယားဒေသ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ယမန်နေ့က ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုသည် ဖေဖော်ဝါရီ ၂၄ ရက် ညသန်းခေါင်ယံတွင် စတင်အသက်ဝင်ခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများမှ ထိပ်တန်းတာဝန်ရှိသူများက နှစ်နိုင်ငံဆိုင်ရာ အရေးပေါ်ဆက်သွယ်ရေးလမ်းကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် နယ်စပ်ဒေသတစ်လျှောက်နှင့် အခြားသောကဏ္ဍများတွင် လွတ်လပ်ပွင့်လင်းပြီး ရင်းနှီးဖော်ရွေသည့် ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၊ အပြန်အလှန်နားလည်နိုင်မှုများနှင့် ချမှတ်ထားသော သဘောတူညီချက်များကို တိကျစွာလိုက်နာနိုင်ရေးအတွက်ကိုလည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

နယ်စပ်ဒေသတစ်လျှောက် အပြန်အလှန်အကျိုးရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးကို နှစ်နိုင်ငံက လိုလားလျက်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ထို့ပြင် နှစ်နိုင်ငံ၏ ကြိုတင်မမြင်နိုင်သော အခြေအနေများ (သို့မဟုတ်) နားလည်မှုလွဲမှားခြင်းများကို ဖြေရှင်းနိုင်ရန် လက်ရှိအရေးပေါ်ဆက်သွယ်ရေးယန္တရားများကို အသုံးပြုသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ထပ်လောင်း အတည်ပြုခဲ့ကြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် မတ် ၁ ရက်တွင် စတင်မည်




**မနီလာ ဖေဖော်ဝါရီ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

**လက်ခံရရှိမည်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ယခုရက်သတ္တပတ်အတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုအရေအတွက် မြင့်မားလျက်ရှိသော်လည်း ကာကွယ်ဆေးလက်ခံရရှိမှုတွင် အချိန်ကြန့်ကြာလျက်ရှိခဲ့သည်။

တရုတ်နိုင်ငံ Sinovac Biotech ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း သမ္မတဒူတာတေး၏ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရိုကူးက ဆိုသည်။

မတ် ၁ ရက်တွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်ကို စတင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် Sinovac ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၅ သန်း ဝယ်ယူထားပြီးဖြစ်သည့်အပြင် Sinopharm ဆေးဝါးကုမ္ပဏီမှလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၀၀၀၀ ကို ဝယ်ယူထားသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများမှာ လာမည့်ရက်အနည်းငယ်အတွင်း ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် AstraZeneca ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မတ်လအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ပြောကြား**

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်မှုရှိပြီး အနောက်နိုင်ငံအများအပြားနှင့် ဆက်ဆံရေးတင်းမာလျက်ရှိသည့် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက တရုတ်သို့မဟုတ် ရုရှားနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် ဆန္ဒရှိကြောင်း ယခင်က ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် နိုင်ငံ၏စီးပွားရေးကို ပြန်လည်ကောင်းမွန်လာစေရန် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## အီသီယိုးပီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၇ ဦး ထပ်မံတွေ့ရှိ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၂၅**

အီသီယိုးပီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၇ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၅၅၂၃၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၁၆ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၃၄၃၈ ဦးရှိကြောင်း သိရသည်။

အာဖရိကဒေသ၏ လူဦးရေအများဆုံးနိုင်ငံဖြစ်သော အီသီယိုးပီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်သည်။

အီသီယိုးပီးယားနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် အာဖရိကဒေသတစ်ခုလုံး၏ လေးရာခိုင်နှုန်းရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ စာရင်းများအရ သိရသည်။ နိုင်ငံသားများအား နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့ခြင်းမှ တားဆီးရန်အတွက် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာကြရန် အီသီယိုးပီးယားအစိုးရက ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် မိုဇမ်ဘစ်နိုင်ငံသို့ ရောက်ရှိ



**မာပူတို ဖေဖော်ဝါရီ ၂၅**

တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်မှာ မိုဇမ်ဘစ်နိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

**မိတ်ဆွေဖြစ်မှုကို ဖော်ပြနေ**

မိုဇမ်ဘစ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် တရုတ်နိုင်ငံက ပါဝင်ဆောင်ရွက်မှုများအတွက် ချီးကျူးဂုဏ်ပြုကြောင်းနှင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် တရုတ်၏ ပံ့ပိုးကူညီမှုသည် နှစ်နိုင်ငံပြည်သူများကြား မိတ်ဆွေဖြစ်မှုကို ဖော်ပြနေကြောင်း၊ ထို့ပြင် နှစ်နိုင်ငံအစိုးရများ၏ နိုင်ငံသားများအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုကို အလေးထားကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု မိုဇမ်ဘစ်ဝန်ကြီးချုပ် ကားလို့စ်အက်ဂိုစတင်ဟိုက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလက်ခံရယူသည့် အခမ်းအနားတွင် ပြောကြားသည်။

**ဦးစားပေးထိုးနှံပေးမည်**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ဦးစားပေးထိုးနှံပေးမည့်သူများထဲတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါကူးစက်မှု အခွင့်အလမ်းများသူများကိုသာ ဦးစားပေးထိုးနှံပေးမည်ဟု သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့သူ ကမ္ဘာ့သားများအတွက် ဘုံရန်သူဖြစ်ပြီး ထိုကပ်ရောဂါကိုတိုက်ဖျက်ရန် ဆေးဝါးကသာ အစွမ်းထက်စွာ စွမ်းဆောင်နိုင်ကြောင်း မိုဇမ်ဘစ်နိုင်ငံ ဆိုင်ရာတရုတ်သံအမတ်ကြီး ဝမ်ဟီဂျန်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## Pfizer ဆေးဝါးကုမ္ပဏီက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှု အရှိန်မြှင့်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မှုကို အရှိန်မြှင့်တင်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

Pfizer ဆေးဝါးကုမ္ပဏီနှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယခုလအတွင်း အမေရိကန်နိုင်ငံသို့ သီတင်းတစ်ပတ်လျှင် အလုံးရေ လေးသန်းမှ ငါးသန်း ပေးပို့ခဲ့သည်။ မတ်လဒုတိယပတ်မတိုင်မီ ကာကွယ်ဆေးအလုံးရေ ၁၃ သန်း တိုးမြှင့်ပေးပို့သွားမည်ဖြစ်ကြောင်း Pfizer ဆေးဝါးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Pfizer ဆေးဝါးကုမ္ပဏီက ကမ္ဘာ့နိုင်ငံများအတွက် ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၃ ဘီလီယံမှ ၂ ဘီလီယံအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ သို့သော် ကမ္ဘာ့နိုင်ငံတိုင်းသို့ ကာကွယ်ဆေးဖြန့်ချိရန် ခိုင်မာသည့် ဈေးကွက်အလားအလာများ လက်ရှိအချိန်အထိ မရရှိသေးပေ။

အမေရိကန်နိုင်ငံရှိ Duke တက္ကသိုလ်က Pfizer ကုမ္ပဏီမှ ထုတ်လုပ်မည့် ကာကွယ်ဆေးအလုံးရေပမာဏကို ခန့်မှန်းတွက်ချက်ထားသည်။ နိုင်ငံနှင့်အဖွဲ့အစည်းပေါင်း ၄၀ ကျော်က Pfizer ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ ဘီလီယံကျော် ဝယ်ယူရန် သဘောတူစာချုပ်များ ချုပ်ဆိုထားကြောင်း အဆိုပါ တက္ကသိုလ်၏ ပြောကြားချက်အရ သိရသည်။

အလားတူ ဥရောပသမဂ္ဂအဖွဲ့သည် Pfizer ကာကွယ်ဆေးအလုံးရေ သန်း ၆၀၀ ကြိုတင်မှာယူထားပြီး အမေရိကန်နိုင်ငံက သန်း ၃၀၀၊ ဂျပန်နိုင်ငံက ၁၄၄ သန်း၊ တရုတ်နိုင်ငံက သန်း ၁၀၀ နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်က သန်း ၄၀ ကြိုတင်မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံက ယခုနှစ်အတွင်း Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၄၄ သန်း ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားသည်။ လက်ရှိ အချိန်အထိ ကာကွယ်ဆေးအလုံးရေ ၈၃၈၀၀၀ ကို လက်ခံရရှိပြီးဖြစ်သည်။ Pfizer ဆေးဝါးကုမ္ပဏီက ကာကွယ်ဆေးများကို ဘယ်လ်ဂျီယံနှင့် ဂျာမနီနိုင်ငံများရှိ ဆေးဝါးထုတ်လုပ်ရေးစက်ရုံများမှ ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**







## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရန် ဥရောပနိုင်ငံများ စီစဉ်

**အေသင် ဖေဖော်ဝါရီ ၂၅**

ဥရောပနိုင်ငံအများစုက နိုင်ငံတကာသို့ခရီးသွားလာရာတွင် လွယ်ကူစေရန်ရည်ရွယ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်များကို ၎င်းတို့၏ပြည်သူများအား ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂရိနိုင်ငံက အဆိုပါကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်များကို ပြည်သူများအား ထုတ်ပေးလျက်ရှိသည်။ အဆိုပါ သက်သေခံလက်မှတ်များထုတ်ပေးခြင်းသည် ဂရိနိုင်ငံ၏ ခရီးသွားလာရေးလုပ်ငန်းကို အထောက်အကူပြုမည်ဖြစ်သည်။

ဂရိနိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချင်းချင်း အပြန်အလှန်ခရီးသွားလာရေး လွယ်ကူစေရန်အတွက် ကာကွယ်ဆေးထိုးနှံပြီးသည့် သက်သေခံလက်မှတ်များ ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် နယ်စပ်ဒေသများမှ ဖြတ်ကျော်ဝင်ရောက်သည့်အခါ သက်ဆိုင်ရာနိုင်ငံများ၏ စည်းမျဉ်းများအတိုင်း ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ စစ်ဆေးမှု ခံယူရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ခရီးသွားလာရေးလုပ်ငန်း ပြန်လည်အသက်ဝင်လာဖို့ ကြိုးပမ်းနေပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ခရီးသွားပြည်သူတွေ ဘေးအန္တရာယ်ကင်းစေဖို့ အဓိကထားဆောင်ရွက်ပါတယ်ဟု ဂရိနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီး ဟာရီသီအိုဟာရစ်က ပြောကြားခဲ့သည်။

အလားတူ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံများကလည်း ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်များ ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၃၁၉၉၅၉၀ | ဦး |
| သေဆုံးသူ | ၂၅၁၀၈၆၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၈၈၀၂၃၃၆ | ဦး |

## နီပေါနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး ကနဦးအစီအစဉ်တွင် ပြည်သူလေးသိန်းကျော်အား ကာကွယ်ဆေးထိုးနှံပြီးဖြစ်

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၅**

ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးကာလအတွင်း နီပေါနိုင်ငံသား လေးသိန်းကျော်အား ထိုးနှံပေးခဲ့ကြောင်း နီပေါကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ယခုဆောင်ရွက်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတွင် လူပေါင်း ၄၂၉၇၀၅ ဦးအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးနောက် သီတင်းရှစ်ပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြံပေးကော်မတီမှ တာဝန်ရှိသူ ဒေါက်တာ ရှာရန် ရက်ဂျ် ယူပရီတီက ပြောကြားသည်။

နီပေါနိုင်ငံအနေဖြင့် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းကို ဇန်နဝါရီ ၂၁ ရက်က ရရှိခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအဆင့် ထိုးနှံရေးကာလအတွင်း ကျန်းမာရေးဝန်ထမ်းများ၊ သန့်ရှင်းရေးဝန်ထမ်းများ၊ သတင်းထောက်များနှင့် သံတမန်အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ဒုတိယအဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်တွင် အသက် ၅၅ နှစ်ကျော် အရွယ်ရှိ နိုင်ငံသားပေါင်း ၃ ဒသမ ၇ သန်းအား ထိုးနှံပေးမည်ဖြစ်ကြောင်း ယူပရီတီက ပြောကြားသည်။ ပြီးခဲ့သော သီတင်းပတ်အတွင်းက တရုတ်နိုင်ငံ Sinopharm ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အသုံးပြုရန် နီပေါဆေးဝါးဆိုင်ရာ လုပ်ငန်းအဖွဲ့က ခွင့်ပြုခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၂ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။



အဆိုပါကူးစက်ခံရသူ ၁၄ ဦးတွင် ၁၂ ဦးမှာ ပြည်ပမှကူးစက်ခံရခြင်းဖြစ်ပြီး နှစ်ဦးမှာ ပြည်တွင်းတွင် ကူးစက်ခံရသူများဖြစ်ကြောင်း ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ဗြိတိန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၂၂ ဦး၊ တောင်အာဖရိက ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၄ ဦးနှင့် ဘရာဇီး ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ခြောက်ဦးရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဗြိတိန်မှလာရောက်မည့် ခရီးသည်တင်လေယာဉ်များကို ယမန်နှစ် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ပြီး ပိတ်ပင်ခဲ့သည်။

နိုင်ငံအတွင်း ဝင်ရောက်မည့် အခြားနိုင်ငံများမှ ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ နှစ်ကြိမ် စစ်ဆေးရန်လိုအပ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ မထွက်ခွာမီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်တင်ပြရန် လိုအပ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၅၁၆ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**







# တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရန် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုကို ပျက်ပြားစေလိုသူအချို့က ဖိအားပေးခြိမ်းခြောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် မြို့နယ်စီမံအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအား နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုကို ပျက်ပြားစေလိုသူအချို့က CDM တွင် ပါဝင်လာစေရန် ဖိအားပေး ခြိမ်းခြောက် အကျပ်ကိုင်ပြောဆိုနေသည့် Video File တစ်ခု လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကံထူးမ တိုက်နယ်ဆေးရုံ၌ သမားကောင်းတစ်ဦးပီသစွာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝဆောင်ရွက်ပေး လျက်ရှိသော တာဝန်သိ တိုက်နယ်ဆရာဝန်တစ်ဦးအား ဒေသအကျိုး ဖြစ်ထွန်းမှုကို မလိုလားသူအချို့က CDM လုပ်ဆောင်ရန် အတင်းအကျပ် ပြောဆိုမှုအပေါ် အဆိုပါတိုက်နယ်ဆရာဝန်က ပြန်လည်ရှင်းလင်းမှု Video File တစ်ခု လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။

ထိုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိစွာဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ဖိအားပေးအကျပ်ကိုင်မှုဖြစ်စဉ်များ၊ စော်ကားပြုမူမှုများ၊ Social punishment ပြုလုပ်မှုများသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား လည်ပတ်မှုကို ပျက်ပြားစေနိုင်သောကြောင့် မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထုတ်ပြန်ထားသည့် သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



မြင့်ဇော်၊ သန်းထိုက်ဇော်နှင့် စိုးနွေဦး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျိုက်ထိုမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ကားလမ်း မရမ်းချောင် စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ကျိုက်ထိုမြို့သို့ သန်းထိုက်ဇော် မောင်းနှင်ပြီး စိုးနွေဦးနှင့် မြင့်ဇော်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၈၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် အမှတ်(၂)(က)ရပ်ကွက် ခရေပင်လမ်း အမှတ်(၁၆၆) သန်းထိုက်ဇော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို ထပ်မံသိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၉ စီး၊ သွင်းကုန် ၁၂၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန် ၂၁၄ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၈၀၀ သန်း တန်ဖိုးရှိ တရားမဝင် အကောက် ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Spy Wine (275 ml) (1x24) (40 Pkgs) အား သိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထု အခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System– CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၁ ဒသမ ဝ၉၈၆ တန်၊ သစ်မာ ၂၅ ဒသမ ၅၉၀၀ တန်၊ အခြား ၄၅ ဒသမ ၂၆၁၂ တန် စုစုပေါင်း ၉၁ ဒသမ ၉၄၉၈ တန်၊ ပြစ်မှုကျူးလွန်သူ ကိုးဦး၊ ယာဉ်/ယန္တရား ရှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

# တိမ်ရိပ်ကင်းတဲ့ လပြည့်ဝန်း

## ကျွတ်နီ

တော်ရုံတန်ရုံ စိတ်ညစ်ရုံနဲ့ ကျွန်တော်မပြောဘူး။ တော်တော်စိတ်ညစ်လို့ ပြောမှာ။ ကျွန်တော်က တော်ရုံဆို စိတ်ညစ်တတ်တဲ့ မနုဿမဟုတ်။ သူများတွေ စိတ်ညစ်ရင်တောင် ကျွန်တော်က ပျော်ပျော်ပဲ။ ကျွန်တော်က သည်လိုလူစား။

ကျွန်တော်က ပင်စင်စား။ ကျွန်တော် ပင်စင်ယူခါစက အေးဆေးပဲ။ လကုန်ဖို့မလို။ ပင်စင်ထုတ်လို့ရတယ်။ ကြိုက်တဲ့ ATM သွား။ စမတ်ကတ်ထည့်။ ကုတ်ရိုက်ထည့်။ ပင်စင်ထုတ်။ အေးဆေး။ လတိုင်း ၂၁ ရက်နေ့ဆို ရပြီ။ ကိုယ်ကြိုက်တာကိုယ်လုပ်။ ကြိုက်ရာကိုစား။

ကျွန်တော့်ပင်စင်က ကျွန်တော်နဲ့သာဆိုင်၏။ ကျွန်တော် ပင်စင်မယူခင် ရှာဖွေစုဆောင်းထားတာ မှန်သမျှ မိသားစု ဘုံပိုင် ဘုံဆိုင်။ အဲဒါက မိသားစုအားလုံးဆိုင်တယ်။ သားသမီးတွေ သူတို့လုပ်စာ သူတို့စား။ ဘုံဆိုင် ဘုံပိုင်တာကို ဝိုင်းကြိတ်။ ကျွန်တော့်ပင်စင် ကျွန်တော်စား။ မိန်းမလည်း သူ့ပင်စင်ကြိုက်တာလုပ်။ ဘယ်လောက်ကောင်းသတုန်းဗျာ။ ကြိုက်ရာလုပ်။ လာမရောနဲ့။

ပြောရဦးမယ်။ ကျွန်တော်က ချွေတာစားတယ်။ ရတာနဲ့လောက်တယ်။ ယုတ်စွအဆုံး ရေတင်ရတာ မီတာတက်တယ်ထင်လို့ ရေအိမ်ကိုတောင် တစ်နေ့ဘယ်နှကြိမ်ဆိုပြီး ချွေတာသုံးတယ်။ မီးပိတ်၊ ရေပိတ်၊ ဆီးဝမ်းပိတ်။ ပိတ်လေးပိတ်။

သားသမီးတွေကျတော့ ပြောင်းပြန်။

ဒီလီဘရီ (delivery) ဆိုတဲ့သူတွေကို လုပ်ကျွေးတယ်။ စားစရာမှာတယ်။ သောက်စရာမှာတယ်။ ဝတ်စရာ မှာတယ်။ လိမ်းစရာမှာတယ်။ ဆွတ်စရာ ဖျန်းစရာ အကုန်မှာတယ်။ ဒီလီတစ်ခါလာရင် အနည်းဆုံး တစ်သောင်းတစ်သောင်းခွဲ။ အိမ်ကို ဒီလီကိုယ်တော်တွေ တစ်ပတ်သုံးခါလောက် စီးတော်ဘီးနဲ့ ရောက်လာတယ်။ တစ်ခါတစ်ခါကျ တစ်ပြားမှ ပေးတာ မတွေ့ဘူး။ ဘယ်တွေ့မလဲ။ "ကတ်ပေး" ပြီးပြီလေ။ ကပ်ပြီးကျိတ်ပြီးပေးတာ။ ဘယ်လောက် ပေးရတာ မိဘသိမှာစိုးလို့။ card pay ။ ကျွန်တော် သိတာပေါ့။

ငွေယား ထုတ်မရှင်းတဲ့အခါ ဒီလီဘရီပေးတဲ့ အထုပ်က သေးတယ်။ သေချာပြီ။ သောင်းကြီးကြီးတန်တဲ့ရေမွှေး၊ ဘော်ဒီလိုးရှင်း၊ မိတ်ကပ်၊ နှုတ်ခမ်းနီပဲ။ အဲဒီလို အသုံးနဲ့အဖြုန်းကို ခွဲမသိတဲ့ သားသမီးကို မွေးထား၊ တင်ကျွေးထားရတာ။ သူတို့ရတာ သူတို့သုံး။ ဖေဖေ၊ မေမေ ကျွေးဇူး ဆပ်ဖို့တော့ စားပြီးနားမလည်။ အူကြောင်ကြောင်လုပ်။ ဘာမှ အမှတ်အတေးမထားပါနဲ့။ မိဘဝတ္တရားကျေတယ်မှတ်ပါဆိုတာက လာသေးတယ်။

လက်သည်း ခြေသည်းကို ကိုယ့်ဘာသာမညှပ်။ သူများကို ပိုက်ဆံပေးပြီးညှပ်တယ်။ ဆံပင်ကို တစ်လ တစ်ရောင်ပြောင်းတယ်။ ကောက်၊ ကွေး၊ ဖြောင့်၊ ဆန့်တာကတော့ ခုတင်ခုခါပဲ။

ခေတ်မီ သူတွေ သိပါတယ်လေ။ ကျန်တာတွေ တွက်ကြည့်။ တွေ့လိုက်ရတဲ့ သူငယ်ချင်း။ စားလိုက်ရတဲ့ မိတ်ဆုံ။ မြစ်ဆုံတောင်ဝေးလို့သွားမစားတာ။ နီးရင်လစ်မယ့် ကလေးမ။

အိမ်မှာ ထမင်းဟင်း မချက်တတ်ဘူး။ သင်ပေးတော့ ဝယ်စားရင်ရတာပဲတဲ့။

တံမြက်စည်းတစ်ချက်မခတ်။ ဖုန်စုပ်စက် ဝယ်ပေးထားလည်း ပလပ်တောင်မတပ်။

ဘယ်လိုလုပ်မလဲ။ Dunlop မွေ့ရာနဲ့မှ အိပ်တယ်။ ဖျာတောင် သင်ဖြူးဖျာခင်းပေးမှ။ ဝါးချောဖျာ၊ ထန်းကြောဖျာ၊ ဝါးကြမ်းခင်းကို ကြားတောင်မကြားဖူးတဲ့ကလေး။

သည်အထိ ကျွန်တော် စိတ်မညစ်သေးဘူး။

စိတ်ညစ်တာလာပြီ။ ဘာတွေ ဘယ်လိုဖြစ်တယ် မသိ။ ဉာဏ်လည်းမမီ။ တွေးလည်း မပေါက်။

"ဖေဖေ"

"ဘာလဲပြော"

"မီးငယ် အလုပ်မသွားတော့ဘူးတဲ့"

"ဘာလို့လဲ။ မသွားချင်တာလား။ မသွားရဲတာလား"

အံ့ရောပဲ။ မသွားလို့ လစာမရရင် နင်ဘာနဲ့စားမလဲ။ ဖေဖေကျွေးပေါ့တဲ့။ မိဘနဲ့ သားသမီးလေ မွေးထားတာ ကျွေးရမှာပေါ့တဲ့။ "ကျွေးမွေးမပျက်" ဆိုတာ သားသမီးဝတ္တရားဟဲ့။ နားလည်လား။ ဟင့်အင်း၊ မရဘူး။ မသိဘူး။ ဖေဖေ မကျွေးရင် သမီးသူငယ်ချင်းတွေ ကျွေးလိမ့်မယ်။ ကြီးမေနဲ့ ဒေါ်လေးအိမ်မှာ သွားစားမယ်။ အေးပေါ့။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း။ ကျွေးမှာပေါ့။ ဒါနဲ့နေပါဦး၊ နင့်ကို ဘယ်လောက်ကြာကြာ ကျွေးမယ်လို့ ပေးနေမယ်လို့ ပြောနေသတုံး။ ခေါင်းမလှုပ်၊ ခေါင်းမခါ။ မွေးထားရင် ကျွေးပေါ့တဲ့။ ကျွေးတာတော့ ဟုတ်ပြီ။ နင်အလုပ်မသွား၊ လစာမရ ဝင်ငွေမရှိဘဲ ဘယ်လောက်ကြာကြာ ငါကကျွေးနေရမှာလဲ ဆိုတော့လည်း မသိဘူးတဲ့။ နာတာရှည်မှန်းတော့ သိသားပဲ။ အလုပ်မသွားလို့ အလုပ်မရှိရင် နင့်ကို ဘယ်သူက အရေးတယူ လုပ်မလဲဟဲ့။ အလုပ်လက်မဲ့ကို ဘယ်သူက အထင်ကြီးလေးစားမလဲဟဲ့။ ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ်၊ ကြက်ဥပြုတ်ကပဲ စားလို့ရတယ်ဟဲ့။ သိလား။ ကြက်ကြီးလည်လိမ် ငြိမ်နေတယ်။ နင် ညာ၊ မနက် ကြက်ဥပြုတ် တစ်လုံးတည်းနဲ့ ထမင်းစားပြီး ဘယ်လောက်ကြာကြာ အသက်ရှင်နေနိုင်မလဲ။ ဘာမှပြန်မပြောနိုင်ဘူး။ နင်စီးနေတဲ့ သောင်းချီတန်တဲ့ ဖိနပ်အစား ဂျပန်ဖိနပ် စီးနိုင်သလား။ ချည်ကြမ်းထဘီ ဝတ်နိုင်သလား။

တုံဏှိဘာဝေ။

တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်နိုင်လား။ သနပ်ခါးရေကျဲ ဘဲကျားလူးပြီးနေနိုင်လား။

အဖြေမပေး။ နိုးရှော့ပင်းဆိုရင်၊ နိုးဒီလီဘရီဆိုရင်ရော ဘယ်လိုလဲ။ ရမလားဖေဖေရဲ့။ သွားနေကျမှာနေကျပဲဟာ။ ဒါဆို ဘယ်ကရတဲ့ ဘယ်ပိုက်ဆံနဲ့ သွားမလဲ။ ကတ်ထဲမှာ ရှိတယ်တဲ့။

ကုန်သွားရင်ရော။ ဖေဖေနော် စိတ်ညစ်နေပါတယ်ဆိုမှ။ အမယ် သူကပဲ စိတ်ညစ်ရတယ် ရှိသေး။ ဟောသည်မှာ ပဲပြုတ်၊ ပြောင်းဖူးပြုတ်လို့ လမ်းတကာ လှည့်အော်နိုင်လား။ ဈေးတောင်း ခေါင်းရွက်နိုင်လား။ နိုးအန်ဆာ။

သမီးတတ်တာလေးနဲ့ အပြင်မှာလုပ်တော့ ဘယ်လောက်ရမတုံး။ အပြင်အလုပ်တွေရော ကောင်းတာကြားလား။ ဆံပင်တွေ ဖွေ့ယမ်းသွားတယ်။ ခေါင်းငုံ့ထားတယ်။ ကိုယ့်အရိုး ကိုယ်သယ်ပြီး နေပူစပ်ခါးမှာ နှစ်မိုင်လမ်းလျှောက်နိုင်သလား။ YBS နဲ့ သွားလာနေရမယ်ဆို ဘယ်လိုလဲ။ ပါးစပ်စေ့နေတယ်။ သူ့မှာအဖြေမရှိ။ သမီးရဲ့ ကျန်တဲ့အသက်ရှင်ရမယ့် ကာလ နှစ် ၅၀ လောက်ကို လူတန်းစေ့နေသွားနိုင်ဖို့ သေသေချာချာ စဉ်းစားသမီး။

ကိုယ့်ဘဝကိုယ်သိပါ သမီးလေးရယ်။ ကိုယ်တိုင်က သစ်ပင်လား။ ပန်းပင်လား။ သေချာသိအောင်လုပ်။ သစ်ပင်က သူ့အစာနဲ့သူ့ရေကို သူ့ဘာသာ သူ့အမြစ်တွေနဲ့ စုပ်ယူ၊ ရှာစား၊ အသက်ဆက်နိုင်တယ်။ သတ္တဝါတွေကို ခိုနားစရာ အရိပ်ပေးတယ်။ စားစရာ အသီးပေးတယ် သမီးရယ်။ ပန်းပင်လည်း အပွင့်ပေးတယ်ဆိုပေမယ့် သူ့ကို ရေလောင်းပေး၊ ပေါင်းသင်ပေး မြေဩဇာကျွေးမှ ရှင်သန်နိုင်၊ ပွင့်နိုင်တာပါ သမီးရယ်။ သမီး သေချာစဉ်းစားနော်။ "ခဏတာ" ကို "ဘဝတာ" နဲ့ လဲနိုင် မလဲနိုင်၊ လဲသင့် မလဲသင့် သမီးသေသေချာချာစဉ်းစား။ ဖေဖေ ဒါပဲပြောချင်တယ်။

ငြိမ်နေတယ်။ သူစိမ်းကောင်းတယ်ဆိုတာ အာနဲ့လေနဲ့ပဲ ကောင်းပြမှာ။ ခဏလေးပဲ ကောင်းနိုင်မှာပါ။ မိဘကောင်းတာကမှ တကယ်စားရမှာ။ ကိုယ်တိုင်က သစ်ပင်လို လူစားမျိုးဖြစ်မှ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်မှ လူရာဝင် တာပါ သမီးရယ်။ သူများအိမ်က ထမင်းရည်မျှော်ပြီး ဝက်မွေး လို့ မဖြစ်ထွန်းနိုင်ဘူးဆိုတာကို သမီး နားလည်လား။

ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ပြတယ်။ ကိုယ်လုပ်မှစားရမှာ၊ သမီးဖြစ်ထွန်းကြီးပွားမှ အဖေတို့က အိုလာပြီ။ မိအိုဖအိုတွေကို သမီး စောင့်ရှောက်ကျွေးမွေးပြုစုနိုင်မှ သားသမီးဝတ္တရား ကျေမှာလေ။ အဖေတို့ ဘဝနေဝင်ချိန်အတွက် စားဖို့၊ ဆေးကုဖို့ စုထားရတာလေးကို ကပ်စားနေမှာလား သမီးလေးရယ်။ အဖေတို့ဘက်ကတော့ မိဘဝတ္တရားကျေခဲ့ပြီ သမီး။ သမီးအနေနဲ့ သားသမီးဝတ္တရားကျေမှ လောကီ၊ လောကုတ္တရာ အကျိုးရှိမှာလေ သမီးလေးရဲ့။စဉ်းစား။

သမီးကို ၁၇ နှစ်တိတိ ပညာသင်ပေးထားတာဟာ အရာရာကို အသိဉာဏ်နဲ့ယှဉ်ပြီး စဉ်းစားဖို့၊ လုပ်ကိုင်ဖို့ပါ သမီးရယ်။ အဲဒါကို မမေ့စေချင်ဘူး သမီးရယ်နော်။ သမီးက ခေါင်းမော့ပြီး ကျွန်တော့်ကို ကြည့်တယ်။ သမီးမျက်ဝန်းတို့ စိုစွတ်စပြုပြီ။ မောဟလွှမ်းသော ပယောဂအပူတွေက သမီးငယ်ရဲ့မျက်ဝန်းကနေတစ်ဆင့် မျက်ရည်တွေနဲ့အတူ စီးဆင်းပျောက်ကွယ်သွားပေတော့မယ်။ တိမ်တိုက်ကြားက ထွက်ပေါ်လာတဲ့ လပြည့်ဝန်းဟာ ဝိုင်းစက်ပြည့်ဖြိုးကာ လှပလွန်းတယ်။ အေးမြကြည်လင်လွန်းတယ်။ အေးချမ်းတဲ့ မေတ္တာလရိပ်ကို ကျွန်တော် မြင်ခဲ့ရပြီ။

ပြာလဲ့ကြည်လင်တဲ့ကောင်းကင်မှာ မိုးသားတိမ်ရိပ်ကင်းတဲ့ လပြည့်ဝန်း၊ လမင်းနဲ့ ကြယ်စင်တွေကို ကျွန်တော်မြင်ရနိုးနိုး တမ်းတမှန်းဆနေရပါသေးတယ်။

ကျွန်တော် ပင်စင်စားရပေမယ့် သမီးနဲ့သား ပင်စင်မစားရမှာ ပူလို့စိတ်ညစ်တယ်။ ကျွန်တော့်လို ပင်စင်စားမဟုတ်ဘဲ ဆင်းဆင်းရဲရဲနဲ့ သားသမီးလုပ်စာကိုပဲ မှီခိုပြီး စားသောက်နေရ၊ ဆေးကုနေရတဲ့ မိသားစုတွေ၊ ပညာသင်နေရတဲ့ ကလေးငယ်တွေအတွက် ပူနေမိပြန်တယ်။ ကျွန်တော့်အတွက်လည်း စိတ်ညစ်တယ်။ မပြည့်စုံတဲ့ (အသိဉာဏ်နှင့် ဥစ္စာနေ) သူများအတွက်လည်း ပူပန်ပြီး ကျွန်တော် စိတ်ညစ်တယ်။

ထို့ကြောင့် . . . ကျွတ်နီ အတော်စိတ်ညစ်နေတယ်။ ။

**ကိုယ့်ဘဝကိုယ်သိပါ သမီးလေးရယ်။ ကိုယ်တိုင်က သစ်ပင်လား။ ပန်းပင်လား။ သေချာသိအောင်လုပ်။ သစ်ပင်က သူ့အစာနဲ့သူ့ရေကို သူ့ဘာသာ သူ့အမြစ်တွေနဲ့ စုပ်ယူ၊ ရှာစား၊ အသက်ဆက်နိုင်တယ်။ သတ္တဝါတွေကို ခိုနားစရာ အရိပ်ပေးတယ်။ စားစရာ အသီးပေးတယ် သမီးရယ်။ ပန်းပင်လည်း အပွင့်ပေးတယ်ဆိုပေမယ့် သူ့ကို ရေလောင်းပေး၊ ပေါင်းသင်ပေး မြေဩဇာကျွေးမှ ရှင်သန်နိုင်၊ ပွင့်နိုင်တာပါ သမီးရယ်။ သမီးသေချာစဉ်းစားနော်။ "ခဏတာ" ကို "ဘဝတာ" နဲ့ လဲနိုင် မလဲနိုင်၊ လဲသင့် မလဲသင့် သမီးသေသေချာချာ စဉ်းစား။**

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# တပ်မတော်၏ ဥပဒေနှင့်အညီဆောင်ရွက်မှုအပေါ် ငြိမ်းချမ်းစွာထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာလျက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား ယာယီသမ္မတမှ လွှဲပြောင်းတာဝန်ပေးအပ်ထားသည့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ခေတ္တထိန်းသိမ်းဆောင်ရွက်လျက်ရှိကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံဆန္ဒဖော်ထုတ်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူအင်အားတစ်သိန်းခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့ ကွမ်းခြံလမ်းနေရာမှစ၍ ဂျိုးဖြူလမ်း၊ အလံပြဘုရားလမ်း၊ ဆူးလေဘုရားလမ်းအတိုင်း ဆူးလေဘုရားသို့ တစ်ပတ်ပတ်ကာ စုရပ်ကွမ်းခြံလမ်းနေရာသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တောင်ကြီးမြို့တွင် လူအင်အား ငါးထောင်ခန့်သည် ဈေးပိုင်းရပ်ကွက် ကုန်သည်လမ်းနှင့် မြို့မဈေးမြောက်ဘက်တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ငပုတောမြို့တို့တွင် လူအင်အား ၁၀၀၀ ခန့်၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် လူအင်အား ၁၅၀၀ ခန့်၊ မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့နှင့် သံဖြူဇရပ်မြို့တို့တွင် လူအင်အား ၁၃၀၀ ခန့်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့တွင် လူအင်အား ၁၄၀၀ ခန့်တို့ဖြင့် လည်းကောင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံကြောင်း လမ်းလျှောက်ဆန္ဒဖော်ထုတ်ကြသည်။



ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် နိုင်ငံတော်အလံများ၊ တပ်မတော်အလံများနှင့်အတူ စစ်ချီတေး၊ စစ်သည်တေးများကို ဖွင့်လှစ်ပြီး အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ We Stand With Our Defence Services၊ We Want Democracy၊ We Stand With State Administration Council၊ ပြည်သူတို့၏အကျိုးကို အမှန်ဖော်ဆောင်မည့် တပ်မတော်အား ထောက်ခံပါသည်၊ စစ်မှန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည့် တပ်မတော်အား ထောက်ခံပါသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံပါသည်ဟု စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက် အထွေထွေရွေးကောက်ပွဲနောက်ပိုင်း တပ်မတော်အပေါ် ထောက်ခံကြောင်း ဟောပြောပွဲ ၃၄ ကြိမ်၊ လမ်းလျှောက်ဆန္ဒဖော်ထုတ်မှု ၁၃၂ ကြိမ်၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ဆန္ဒဖော်ထုတ်မှု ၁၈ ကြိမ်၊ ရပ်လျက်ဆန္ဒဖော်ထုတ်မှု လေးကြိမ် စုစုပေါင်း ၁၈၈ ကြိမ် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံသည့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအား NLD ထောက်ခံသူများအချို့က ရန်စတိုက်ခိုက်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒမဲပေးမှုတွင် မဲစာရင်းများ မှားယွင်းနေမှုအတွက် နိုင်ငံတစ်ဝန်းလုံး နစ်နာသူပြည်သူများ သံသယကင်းရှင်းစေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခြင်းနှင့် မြို့နယ် ၉၉ မြို့နယ်၌ မဲစာရင်းမှားယွင်းမှုကို ရှင်းလင်းပေးရန် ပြည်သူများက ၁၂၄ ကြိမ် ပြည်သူ့ဆန္ဒဖော်ထုတ်ခြင်း ပြုလုပ်ခဲ့သော်လည်း တိကျစွာ ရှင်းလင်းပေးမှုမရှိခြင်း၊ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း ဆွေးနွေးနိုင်ရေး တောင်းဆိုမှုကို ပယ်ချခြင်းနှင့် နောက်ဆုံးအဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ရှင်းလင်းဆွေးနွေးခွင့်ပြုရန် နှစ်ကြိမ်တိုင်တိုင် တောင်းဆိုမှုတို့ကို လုံးဝလက်မခံ အကြိမ်ကြိမ်ပယ်ချခဲ့သည့်အပြင် မဲစာရင်း ၁၀ ဒသမ ၄ သန်းကျော် မှားယွင်းနေမှုအပေါ် သံသယကင်းရှင်းစေရေး ဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်၏ အာဏာသုံးရပ်အား မတရားနည်းဖြင့်ရယူရန် ကြိုးပမ်းလာမှုတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါအတိုင်း ခေတ္တထိန်းသိမ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်လျက်ရှိသည့်အပေါ် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူအင်အားတစ်သိန်းခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့ ကွမ်းခြံလမ်းမှစ၍ ဂျိုးဖြူလမ်း၊ အလံပြဘုရားလမ်း၊ ဆူးလေဘုရားလမ်းအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ထောက်ခံမှုများပြုလုပ်ကြသည်။

ထိုသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ထောက်ခံမှုများ ပြုလုပ်လျက်ရှိရာ NLD ထောက်ခံသူများအနက်မှ ဆူပူသောင်းကျန်းမှုနှင့် အကြမ်းဖက်မှုဖြစ်စေရန် ရည်ရွယ်၍ အောင်ဆန်းကွင်း၊ သမိုင်းလမ်းဆုံ၊ ပြည်လမ်း၊ တိရစ္ဆာန်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားဝင်းအနီးနှင့်ဓမ္မာရုံအနီး၊ သိမ်ဖြူဈေးအနီး(၉၄)လမ်းထိပ်၊ ဒေါ်သိန်းတင်လမ်းမ(၉၂)လမ်းထိပ်နှင့် ဆူးလေလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်နေရာ အနီးတစ်ဝိုက်တို့တွင် ယာဉ်များရပ်တန့်၍ ပိတ်ဆို့တားဆီးခြင်း၊ သံပုံးများနှင့် ဒန်အိုး၊ ဒန်ခွက်များတီး၍ နှောင့်ယှက်ဆူပူခြင်း၊ နည်းမျိုးစုံဖြင့် ဆဲဆိုရန်စခြင်း၊ ထောက်ခံသူများ အနာတရဖြစ်စေရန် ဂျင်ကလိများ၊ လေးခွများ၊ ခဲများဖြင့် ပစ်ပေါက်ခြင်း စသည့် အကြမ်းဖက်မှုလုပ်ရပ်များဖြင့် တိုက်ခိုက်မှု ၁၀ ကြိမ် ပြုလုပ်ခဲ့ကြသည်။ ယင်းသို့ NLD ထောက်ခံသူများက ရန်စတိုက်ခိုက်မှုများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ထောက်ခံပွဲသို့ တက်ရောက်လာသည့် မော်တော်ယာဉ်သုံးစီး၏ ကားမှန်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ငြိမ်းချမ်းစွာထောက်ခံသူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပြင် အချို့မြို့နယ်များတွင်လည်း ဆန္ဒပြသူများကို NLD လိုလားထောက်ခံသူများက လူအုပ်စုဖြင့် အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်းများ ဖြစ်ပေါ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီဖြေရှင်းဆောင်ရွက်ပေးခဲ့ရသည်။

ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့၏ သဘောဆန္ဒများကို ငြိမ်းချမ်းစွာဖြင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်နိုင်သော်လည်း ယခုကဲ့သို့ အမြင်၊ သဘောထားမတူမှုတို့အပေါ် မင်းမဲ့စရိုက်ဆန်စွာ ရန်စတိုက်ခိုက်မှုမျိုး ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီကျင့်ဝတ်နှင့် တည်ဆဲဥပဒေအပေါ် ချိုးဖောက်ကျူးလွန်ခြင်း ဖြစ်ကြောင်းနှင့် ရန်စတိုက်ခိုက်မှုများကို ဦးဆောင်ပြုလုပ်သူများအား လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုပြုလုပ်၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံသားများတင်ဆောင်၍ ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များ မြန်မာ့ရေပြင်နယ်နိမိတ်အတွင်း ရောက်ရှိခုတ်မောင်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား ပြန်လည်ခေါ်ဆောင်လာသော စစ်ရေယာဉ်များသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေပြင်နယ်နိမိတ်အတွင်း ရောက်ရှိခဲ့သည်။ မြန်မာ့ရေပြင်အတွင်း ဝင်ရောက်ချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ နွေးထွေးပျူငှာစွာ ကြိုဆိုနိုင်ရေးအတွက် စေလွှတ်ပေးလိုက်သော တပ်မတော်စစ်ရေယာဉ်များက ပင်လယ်ပြင်တွင် လာရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။



**အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြရ**

စစ်ရေယာဉ်များပေါ်တွင် ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားများသည် မလေးရှားနိုင်ငံ၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြရသဖြင့် မြန်မာ့ရေပြင်အတွင်း ပြန်လည်ဝင်ရောက်ချိန်၌ စစ်ရေယာဉ်များ၏ ကုန်းပတ်အသီးသီးပေါ် တက်ရောက်ကြပြီး မြန်မာ့ရေပြင်၊ မြန်မာ့ရှုခင်းများအား ကြည့်ရှုခံစားရင်း လိုက်ပါလာခဲ့ကြသည်။ ထို့ပြင် တနင်္သာရီရေတပ်စခန်းဌာနချုပ်နယ်မြေအတွင်းရှိ ဇာဒက်ကြီးကျွန်းရေတပ်အခြေစိုက်စခန်းမှ စစ်သည်၊ ရဲမေများက ချက်ပြုတ်ပေးသော မြန်မာအစားအစာ မုန့်ဟင်းခါးများအား တပ်မတော်စစ်ရေယာဉ်ဖြင့် ပင်လယ်ပြင်သို့ လာရောက်ပို့ဆောင်ပေးခဲ့ရာ နံနက်စာအဖြစ် စားသုံးခဲ့ကြသည်။

**အနီးကပ်ဆောင်ရွက်ပေးလျက်ရှိ**

စစ်ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများကလည်း မိမိနိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများအား အနီးကပ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် နေရပ်ပြန်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အဓိကရုဏ်းဆန်စွာ ပြုလုပ်ခဲ့သူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ပြည်သူလူထုအချို့လာရောက်၍ နိုင်ငံတော်မှ ရွေးချယ်တာဝန်ပေးအပ်သော အုပ်ချုပ်ရေးမှူးအား လက်မခံနိုင်ကြောင်းနှင့် အုပ်ချုပ်ရေးရုံးအား သော့ခတ်ပိတ်ဆို့ပြီး လူစုလူဝေးဖြင့် ဆန့်ကျင်ဆန္ဒပြနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် အဆိုပါနေရာသို့ သွားရောက်ခဲ့ရာ ရပ်ကွက်နေပြည်သူလူထု ၄၀၀ ကျော်ခန့်က သံပုံးတီးခြင်း၊ ဆူပူအော်ဟစ်ပြီး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား အဓိကရုဏ်းဆန်ဆန် ပြုမူဆောင်ရွက်ရန် ကြိုးစားလာခဲ့သဖြင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအနေဖြင့် အသံမြည်ဗုံးဖြင့် ပစ်ခတ်ခြင်း၊ ဒသမ ၁၂ ဗို့ကျည်ကို မိုးပေါ်ထောင်ဖောက် အသံပေးပစ်ခတ်ခြင်းများ ဆောင်ရွက်၍ လူစုခွဲခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အဓိကရုဏ်းဆန်စွာ နိုင်ငံတော်အားဆန့်ကျင်ခဲ့သည့် ဦးစီးဦးဆောင်ပြုလုပ်သူ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၃ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဖြစ်စဉ်ကဲ့သို့သော ဖြစ်စဉ်ဖြစ်ရပ်များကို အခြားဒေသ၊ အခြားနေရာများတွင် ဖြစ်ပွားလာပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကုလားကြီးစုကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ NLD ပါတီထောက်ခံသူအချို့ ဦးဆောင်သည့်အဖွဲ့က ဝင်ရောက်၍ တာဝန်ဝတ္တရားများအား နှောင့်ယှက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် အုပ်ချုပ်ရေးလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးမှူးအသစ်များအား ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးလျက်ရှိရာ အချို့ရပ်ကွက်၊ ကျေးရွာများ၌ နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားထိခိုက်စေရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်မှုများကို ပျက်ပြားစေရန် ဆူပူဆန္ဒပြခြင်း၊ နှောင့်ယှက်ခြင်း၊ ကန့်ကွက်ရန်စခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ခြိမ်းခြောက်**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ည ၇ နာရီခွဲခန့်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကုလားကြီးစုကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ NLD ပါတီမြို့နယ်စည်းရုံးရေးမှူး ဒေါ်နန်းသန္တာဝင်း ဦးဆောင်သည့် ကျေးရွာနေလူအုပ်စုတစ်စုက ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးကျော်စိုးပိုင်(ဘ) ဦးမောင်မောင်ညွန့်အား အလိုမရှိကြောင်း ကြွေးကြော်သံများဖြင့် အကြောင်းမဲ့ အော်ဟစ်ဆူပူခြင်း၊ ရန်စနှောင့်ယှက်ခြင်း၊ ပါရှိလာသည့် တုတ်၊ ဓား၊ လေးခွများဖြင့် ခြိမ်းခြောက်ခြင်းစသည့်တရားဥပဒေစိုးမိုးရေးပျက်ပြားစေသည်အထိ ဆောင်ရွက်လာမှုအပေါ် အုပ်ချုပ်ရေးမှူးရုံးအတွင်း ရောက်ရှိနေသည့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ရပ်ကွက်နေပြည်သူ ဦးသန်းလွင်အပါအဝင် ရွာသား ၁၂ ဦးတို့က မခံရပ်နိုင်ဘဲ အပြန်အလှန် စကားများရန်ဖြစ်ကြရာ တုတ်၊ ဓား၊ လေးခွများဖြင့် ခိုက်ရန်ဖြစ်ပွားနေကြောင်းနှင့် ဦးသန်းလွင်ပါ ၁၂ ဦးအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ပင် အကြမ်းဖက်လူအုပ်စုက အဓမ္မဖမ်းဆီးထားကြောင်း သတင်းရရှိသဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးမှူးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖျန်ဖြေခဲ့ရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်ဆူပူဆန္ဒပြသူများကြောင့် ရှန်းရင်းဆန်ခတ်မှုအတွင်း ရပ်ရွာတည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဦးလှိုင်မင်းအောင်(ဘ) ဦးခင်သိန်းတွင် ဦးခေါင်းချိုစောင်း ပေါက်ပြဲဒဏ်ရာ၊ ဘယ်လက်ဖျံနာကျင်ဒဏ်ရာနှင့် ဦးဇော်ထက်(ဘ) ဦးမြင့်အောင်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရှိရသည်။



အဆိုပါ လှိုင်သာယာမြို့နယ်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်ထားသည့် မြို့နယ်တစ်ခုဖြစ်ပြီး ယင်းမြို့နယ်အတွင်း လူငါးဦးသို့မဟုတ် ငါးဦးအထက်ပိုသောသူများ စုဝေးခြင်း မပြုရန်နှင့် လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရှန်းရင်းဆန်ခတ်ပြုမူခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည့်နေရာဖြစ်သဖြင့် ဆူပူအုံကြွသူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးအတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဂျပန်နှင့် တိတ်ဆိတ်ငြိမ်သက်မှု

အောင်အောင် IR

> **ပိုပြီးအမှတ်တရဖြစ်စေသည်မှာ မြို့တွင်းလမ်းများတစ်လျှောက် အိုသိုးဆန်နှင့်အတူ တစ်လမ်းဝင် တစ်လမ်းထွက် သွားလာနေချိန်တွင် လမ်းများ၊ ရပ်ကွက်များအတွင်း အိမ်များစွာတွင် လူသံ မပြောနှင့်၊ လူရိပ်လူခြေပင် မတွေ့မြင်ရလေရာ အတူပါသော အိုသိုးဆန်အား "ဒီအိမ်တွေမှာ လူတွေကော နေထိုင်ကြသလား" ဆိုသည်ကို နှစ်ကြိမ်နှစ်ခါ မေးဖြစ်ခဲ့သည်။ လူနေရပ်ကွက်များအတွင်းမှ တိတ်ဆိတ်မှုပင် မဟုတ်ပါချေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများတွင်လည်း ဂျပန်တို့ ဘာလုပ်နေသည်၊ ဘာတွေးနေသည်၊ ဘာလုပ်ချင်သည်ဆိုသည်ကို မသိရတတ်ပါချေ။ အချိန်ကျမှသာ တိတ်တဆိတ်ဘွားခနဲ ပေါ်လာတတ်။**

ဂျပန်နိုင်ငံသို့ ရောက်ရှိအနေကြာလျှင် လူအများ သတိပြုမိကြသော အကြောင်းအရာတစ်ခုမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်သည်။ လူတစ်ဦးချင်းစီ၏ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံး၏ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်သည်။ ယေဘုယျအခြေအနေကို ပြောခြင်းဖြစ်သည်။ ဘာပဲလုပ်လုပ် တိတ်တိတ်ဆိတ်ဆိတ် လုပ်ကျင့်ရှိသည်မှာ ဂျပန်တို့၏အတတ်ပညာတစ်ခုဖြစ်သည်။ အချို့ဂျပန် မြို့၊ ရွာ၊ ရပ်ကွက်များသို့ သွားရောက်လည်ပတ်လျှင် နေ့လယ်နေ့ခင်းဘက်တွင်ပင် ကြောက်စိတ်များ ဝင်လာရလောက်အောင် တိတ်ဆိတ်ငြိမ်သက်ခြင်းမျိုး ကြုံတွေ့ရမည်ဖြစ်သည်။ လူများပင် နေကြပါ၏လော၊ အိမ်များတွင် လူများကော ရှိကြပါ၏လောဟု ဆိုရလောက်အောင် တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်သည်။ ဂျပန်တို့၏ ရိုးရာအစဉ်အလာများက တိတ်ဆိတ်မှုကို အားပေးသည်၊ ဂျပန်တို့ ကိုးကွယ်သည့်ဘာသာများက တိတ်ဆိတ်မှုကို အထောက်အကူပြုသည် စသည်ဖြင့် ရေးသားပြောဆိုမှုများစွာ ရှိသည့်တိုင် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ရလျှင် လူတစ်ဦးချင်းစီ၏ အကျင့်စရိုက်များနှင့်သာ သက်ဆိုင်ပါသည်။

### နားလည်ရအခက်ဆုံး လူသားများ

စာရေးသူ ဂျပန်နိုင်ငံသို့ ပထမအကြိမ် (၂၀၀၄-၂၀၀၅) ရောက်ရှိခဲ့စဉ်ကပင် ဂျပန်တို့၏ တိတ်ဆိတ်ငြိမ်သက်မှုကို ကောင်းစွာသတိပြုမိခဲ့သည်။ ကျောင်းသို့သွားရန် မနက်ဘက် အိမ်မှဘူတာရုံသို့ နေ့စဉ် ၁၅ မိနစ်ခန့် စက်ဘီးနင်းရသည်။ လမ်းတစ်လျှောက် အိမ်များစွာ၊ လမ်းများစွာ၊ ရပ်ကွက်များစွာ ဖြတ်သန်းရပြီး စက်ဘီးလမ်းတစ်လျှောက်သည် တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။ ကျောင်းပြီးခါနီး အိုသိုးဆန် (ဂျပန်အဖေကြီး) နှင့် အိုခါးဆန် (ဂျပန်အမေကြီး) တို့က စာရေးသူအား နာဂိုယာမြို့အနီးရှိ တာခါးယာမ (Takayama) ဟုခေါ်သော တောင်ပေါ်အပန်းဖြေမြို့လေးသို့ ခေါ်ဆောင်သွားသည်။ တာခါးယာမတွင် လှပသော အင်းအိုင်ချောင်းမြောင်းများစွာရှိပြီး အဆိုပါ ချောင်းမြောင်းများဆီသို့ မျက်နှာမူတည်ဆောက်ထားသော တောင်စောင်းများတစ်လျှောက်မှ ရိုးရှင်းလှသော အိမ်များ၊ မြို့တွင်းလမ်းများတစ်လျှောက် ရေမြောင်းများအတွင်း သန့်ရှင်းကြည်လင်လှသော ရေများအတွင်း ကူးလူးသွားလာနေကြသော အရောင်စုံငါးကြီး၊ ငါးလတ်၊ ငါးငယ်များသည် စာရေးသူ၏ ဂျပန်နိုင်ငံ ပထမအခေါက် နောက်ဆုံးနေ့ရက်များကို ဦးနှောက်အတွင်း သံမှိုရိုက်နှိပ်ထားလိုက်ဘိသကဲ့သို့ စွဲထင်စေခဲ့သည်။ ပိုပြီးအမှတ်တရဖြစ်စေသည်မှာ မြို့တွင်းလမ်းများတစ်လျှောက် အိုသိုးဆန်နှင့်အတူ တစ်လမ်းဝင် တစ်လမ်းထွက် သွားလာနေချိန်တွင် လမ်းများ၊ ရပ်ကွက်များအတွင်း အိမ်များစွာတွင် လူသံမပြောနှင့်၊ လူရိပ်လူခြေပင် မတွေ့မြင်ရလေရာ အတူပါသော အိုသိုးဆန်အား "ဒီအိမ်တွေမှာ လူတွေကော နေထိုင်ကြသလား" ဆိုသည်ကို နှစ်ကြိမ်နှစ်ခါ မေးဖြစ်ခဲ့သည်။ လူနေရပ်ကွက်များအတွင်းမှ တိတ်ဆိတ်မှုပင် မဟုတ်ပါချေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများတွင်လည်း ဂျပန်တို့ ဘာလုပ်နေသည်၊ ဘာတွေးနေသည်၊ ဘာလုပ်ချင်သည် ဆိုသည်ကို မသိရတတ်ပါချေ။ အချိန်ကျမှသာ တိတ်တဆိတ် ဘွားခနဲပေါ်လာတတ်သည်။ သို့ဖြစ်ရာ ဂျပန်တို့သည် နားလည်ရအခက်ဆုံး လူသားတွေအဖြစ် နိုင်ငံတကာတွင် လူပြောများပါသည်။ စာရေးသူ၏ ဂျပန်အမေကြီးကပင် သူ၏အိမ်တွင်းရေးကိစ္စများ အဆင်မပြေလျှင် ငါတို့ဂျပန်တွေ အတော်နားလည်ရခက်တယ်ဆိုသည့် နှုတ်ထွက်စကားကို ရံဖန်ရံခါ အသုံးပြုလေ့ရှိပါသည်။

ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် ၂၀၁၉-၂၀၂၀ ပြန်လည်ရောက်ရှိပြီးနောက် တာခါးယာမမြို့လေးဆီသို့ ပြန်လည်သွားရောက်ရန် စိတ်ကူးရှိခဲ့ပါသည်။ ဂျပန်သို့ရောက်စ ပထမလများတွင် အခြားမြို့၊ ရွာများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ပြန်ခါနီးမှ တာခါးယာမသို့ သွားရောက်မည်ဟု စိတ်ပိုင်းဖြတ်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်ပျံ့နှံ့လာသော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါဘေးသည် စာရေးသူ၏ တာခါးယာမအိပ်မက်များကို ပျက်ပြယ်စေခဲ့ပါတော့သည်။ မည်သို့ဆိုစေ စာရေးသူ နေထိုင်သော ကျိုတိုမြို့သည် ယခင်ရှေးဟောင်းမြို့တော်ဖြစ်လေရာ နေရာအများအပြားတွင် တိတ်ဆိတ်ငြိမ်သက်မှုဆိုသည်ကို ခံစားရပါသည်။ ဂျပန်နိုင်ငံတွင် ဝန်းကျင်သန့်ရှင်းလျှင်၊ ဂျပန်လူမျိုးတို့ ယဉ်ကျေးပျူငှာလျှင်၊ ဂျပန်အစားအစာများ လတ်ဆတ်လှပဆွဲဆောင်မှုရှိလျှင် ဂျပန်ပြင်ပလူအများက ဂျပန်တို့၏ လျှို့ဝှက်ချက်ဆိုသည်ကို လိုက်လံရှာဖွေလေ့ရှိသည်။ စာရေးသူ ထိုမေးခွန်းများအား ဂျပန်မိတ်ဆွေတစ်ဦးကို မေးမြန်းခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ဖူးသော အဆိုပါမိတ်ဆွေက မြန်မာအစားအစာများလည်း အရသာရှိတာပါပဲဟု ဖြေသည်။ မြန်မာလူမျိုးများလည်း ယဉ်ကျေးပျူငှာတာပါပဲဟု ဖြေကြသည်။ မြန်မာနိုင်ငံမှာလည်း တိတ်ဆိတ်ငြိမ်သက်တဲ့နေရာတွေ အများကြီးပါဟု ဖြေပါသည်။ သူ့အဖြေက သံတမန်ဆန်ပါသည်။ ယဉ်ကျေးသိမ်မွေ့ပါသည်။ ဘယ်မှာဖြစ်ဖြစ် ဒီလိုပါပဲဟု သဘောရပါသည်။

### မလိုအပ်ဘဲ များစွာဆူညံ

အခြားဂျပန်မိတ်ဆွေတစ်ယောက်ကမူ မြန်မာနိုင်ငံတွင် ပြဿနာသည် လူကြောင့်ဖြစ်နေခြင်းဖြစ်ကြောင်း၊ သူနှစ်ပေါင်းများစွာ ရန်ကုန်မြို့တွင် နေထိုင်ခဲ့ဖူးကြောင်း၊ ဝန်းကျင်တွင် မလိုအပ်ဘဲ များစွာဆူညံမှုများရှိကြောင်း၊ တစ်ဖက်သား၏ ခံစားချက်ကို ထည့်မတွက်သည်များ များစွာရှိကြောင်း သူ၏အတွေ့အကြုံအချို့ကို ပြန်ပြောင်းပြောပြပါသည်။ စာရေးသူ မြန်မာနိုင်ငံရှိ ယူနက်စကိုတွင် အလုပ်လုပ်စဉ်ကလည်း ရုံးရှိအနောက်နိုင်ငံသူ အမျိုးသမီးတစ်ဦးက သူမြို့ထဲတွင် နေထိုင်ကြောင်း၊ မကြာခဏ မနက်စောစော ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ပြောပါသည်။ အခြားနိုင်ငံခြားသားတစ်ဦးကလည်း မြန်မာဆိုက်ကားဆရာတစ်ဦး ကျယ်လောင်လှသော လော်စပီကာများအနီး အေးဆေးစွာပင် သတင်းစာဖတ်နေသည်ကို မြင်တွေ့ရကြောင်း တအံ့တဩပြောလေသည်။ ထို့အတူ အီးယူမြန်မာသံရုံးတွင် အလုပ်လုပ်စဉ်ကလည်း ဥရောပသားများစွာနှင့် ထိတွေ့ဆက်ဆံရသည်ဖြစ်ရာ ခင်မင်ရင်းနှီးသော ဥရောပသူတစ်ယောက် သူ့ကားကို နောက်မှ အတင်းဟွန်းတီးကြောင်း၊ ရှေ့တွင်လည်း ကားများရှိနေကြောင်း၊ တစ်ကြိမ်တွင် ကားအတွင်းမှ ထွက်ပြီး ဟွန်းတီးသော ကားဆရာကို ရန်သွားတွေ့ကြောင်း၊ သူ့မိတ်ဆွေတစ်ဦးသည်လည်း လမ်းအတွင်း ဆူညံသံအချို့ ပုံမှန်ရှိသဖြင့် လမ်းအတွင်းမှ ဆောလျင်စွာ ပြောင်းရွှေ့ရကြောင်း စသည်ဖြင့် ပြောပါသည်။ စာရေးသူက အဆိုပါ နိုင်ငံခြားသား မိတ်ဆွေအချို့ကို "အဲဒီလိုဝန်းကျင်မှာ ဆူညံသံများနေတော့ ပူလောင်တယ်မဟုတ်လား၊ လူတွေက စိတ်တွေ မကြည်မလင်၊ ရိုင်းပျလာတယ်မဟုတ်လား၊ မြန်မာနိုင်ငံမှာ ပြဿနာတွေ ဖြေရှင်းဖို့ဆိုရင် အဲဒီဝန်းကျင်က ဆူညံသံတွေ အရင်လျှော့ချဖို့၊ အချို့ကို စည်းစနစ်နဲ့ ကြပ်မတ်ဖို့ ကြိုးစားရမယ်၊ နင်တို့ ပရောဂျက်လုပ်ရင် အဲဒီ မလိုအပ်တဲ့ ဆူညံသံတွေ လျှော့ချဖို့၊ လူတွေ အမူအကျင့်ပြောင်းဖို့ စဉ်းစားသင့်တယ်" စသည်ဖြင့် နောက်ပြောင်သလို ပြောဆိုသောအခါ အားလုံးနီးပါးက "မင်းပြောတာ မှန်တယ်"ဟု ပြောကြပါသည်။ သို့သော် မြန်မာအများစုသည် ဆူညံသံများနှင့် နားရည်ဝနေပြီ ဖြစ်နေသည် ဆိုသည်ကိုမူ စာရေးသူ သူတို့အား ရှင်းမပြဖြစ်ပါချေ။

ဂျပန်နှင့် တိတ်ဆိတ်ငြိမ်သက်မှုအား ပြန်ဆက်ရလျှင် ဂျပန်တို့ အမြဲတစေတိတ်ဆိတ်သည်ဟု မဆိုလိုပါ။ အရက်ဆိုင်များ၊ ဘားများသို့ သွားရောက်လျှင် အသံကျယ်လောင်စွာ ပြောဆိုနေသော ဂျပန်များကို တွေ့ရပါလိမ့်မည်။ တစ်ကြိမ်တွင် ညဘက် ဂျပန်မိတ်ဆွေများနှင့် စားသောက်ဆိုင်တစ်ဆိုင်သို့ သွားရောက်စားသောက်ရာ အနီးကပ်ဘေးဝိုင်းမှ အချင်းချင်းအော်ဟစ်ပြောဆိုနေသည်များမှာ ဆူညံလွန်းလှသဖြင့် အနီးရှိ ဂျပန်မိတ်ဆွေကို "ဂျပန်တွေ အတော်ဆိတ်ငြိမ်တယ်ဆိုတာ အခုမှပဲ မြန်မာနိုင်ငံလို ပုံစံမျိုးတွေ့တော့တယ်"ဟု ပြောဆိုရာ ဂျပန်မိတ်ဆွေက "ဂျပန်တွေ မမူးသေးလို့ပါ၊ သူတို့ မူးလာရင် ဆူပါတယ်"ဟု ရယ်မောကာ ပြောဆိုပါသည်။ အချို့ကလည်း စာရေးသူက ဆိတ်ငြိမ်ရပ်ကွက်မှာ နေခဲ့လို့ပါ၊ ရှေးဟောင်းမြို့တော်မှာ နေခဲ့လို့ပါ၊ တိုကျိုတို့၊ ယိုကိုဟားမားလို လူသိပ်စည်သည့်နေရာများမှာ ဆူသည့်နေရာ ဆူပါသည်ဟု ဆိုကြပါသည်။ စာရေးသူက ယေဘုယျအခြေအနေကို ဆိုခြင်းဖြစ်သည်။ အနည်းနှင့် အများဆိုသည်ကတော့ နေရာတိုင်းမှာ ရှိပါသည်။ ဆိတ်ငြိမ်သည်ဆိုခြင်းမှာ ဂျပန်အများစု နေထိုင်သောလမ်းများ၊ ရပ်ကွက်များကို ဆိုလိုပါသည်။ ဂျပန်တွင် ယခုတစ်လော တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားအများအပြား ဝင်ရောက်လာနေသည်ဖြစ်ရာ ဒေသခံဂျပန်များ စိတ်ညစ်ညူးသည့်အရာတစ်ခုမှာ ခရီးသွားများ ကျယ်လောင်စွာ စကားပြောဆိုကြခြင်း ဖြစ်သည်။ အချို့လေ့လာသူများက ယဉ်ကျေးမှုကွာခြားလှသော တရုတ်ခရီးသွားဧည့်သည်များနှင့် ဂျပန်အိမ်ရှင်များ အချင်းများမည်ကို စိုးရိမ်ကြပါသည်။ တရုတ်ခရီးသွားများ အသံကျယ်လောင်ခြင်းနှင့် ပတ်သက်ပြီး အပြန်အလှန်ရေးသားသော ဆိုရှယ်မီဒီယာမှတ်ချက်များကို ဝင်ရောက်ဖတ်ရှုရာ အချို့က အိမ်တစ်အိမ်သို့ အလည်သွားလျှင် အဆိုပါအိမ်၏စည်းကမ်းများကို လိုက်နာရမည်၊ အသိအမှတ်ပြုရမည်ဟု ရေးသားကြပြီး အချို့ကလည်း "ခရီးသွားဆိုသည်မှာ လွတ်လပ်ချင်လို့ ခရီးသွားတာ၊ ပျော်ပါးချင်လို့ ခရီးသွားတာ၊ အသံကျယ်ချင်ကျယ်မှာပေါ့" ဟု တုံ့ပြန်ကြသည်။

### သိုသိုသိပ်သိပ်သာ ရှိကြပါ

ယနေ့ခေတ်သည် ဆိုရှယ်မီဒီယာခေတ်ဖြစ်သည်။ ဂျပန်တို့ ဆိုရှယ်မီဒီယာ အထူးသဖြင့် မြန်မာတို့နှင့် ရင်းနှီးနေသော ဖေ့စ်ဘွတ်ကို မည်သို့မည်ပုံအသုံးပြုသည်ကိုတော့ မသေချာပါ။ သေချာသည်မှာ စာရေးသူနှင့် အဆက်အသွယ်ရှိသော ဂျပန်မိတ်ဆွေ ငါးဦး၊ ခြောက်ဦးခန့်၏ အကောင့်များသည် များစွာရှုပ်ထွေးမနေဘဲ သိုသိုသိပ်သိပ်သာ ရှိကြပါသည်။ သူတို့တွင် အခြားအကောင့်များ၊ တွစ်တာကဲ့သို့ ဆိုရှယ်မီဒီယာများ အဓိကအသုံးပြုနေလျှင်တော့ မသိပါ။ လေ့လာမိသလောက် အင်္ဂလိပ်ဘာသာဖြင့် ဆိုရှယ်မီဒီယာ ဂျပန်သတင်းများတွင်လည်း မှတ်ချက်ဝင်ရေးကြသူအများစုမှာ ဂျပန်နှင့် ရင်းနှီးနေသော နိုင်ငံခြားသားအများစုဖြစ်ပြီး ဂျပန်အမည်များက အနည်းစုဖြစ်ပါသည်။ ဂျပန်တို့ အင်္ဂလိပ်စာမရသဖြင့် မှတ်ချက်ဝင်မရေးဟု ဆိုနိုင်သော်လည်း ဂျပန်ဘာသာဖြင့် ဆိုရှယ်မီဒီယာ ဂျပန်သတင်းများတွင်လည်း မြန်မာနိုင်ငံကဲ့သို့ အုတ်အော်သောင်းတင်းရာထောင်ချီပြီး မှတ်ချက်ရေးကြ၊ ထောင်သောင်းချီပြီး နှစ်သက်၊ ရယ်ကြလုပ်ကြသည်မျိုးမဟုတ်ပါ။ မည်မျှအရေးကြီးသည့် သတင်းဖြစ်စေကာမူ အများစုသည် သိုသိုသိပ်သိပ်သာ တုံ့ပြန်ကြပါသည်။ မြန်မာအချို့ကတော့ ဘာမဟုတ်သည့် သတင်းများလည်း မှတ်ချက်များ ဝင်ရေး၊ ကြိမ်းမောင်းဆဲဆို၊ အသေးအဖွဲနှင့်ပင် အချေအတင်အငြင်းပွားနေသည်များ ဖေ့စ်ဘွတ်များတွင် မမြင်ချင်မှအဆုံးဖြစ်သည်။ မပြီးခင် မြန်မာမမြင်စေနဲ့ဆိုသော စကားတစ်ခွန်းပင် ရှိသည်မဟုတ်လော။ ဆိုလိုသည်မှာ ဂျပန်တို့ စကားများများ မပြောကြပါချေ။ လုပ်စရာရှိသည်များကိုသာ သိုသိုသိပ်သိပ် လုပ်ဆောင်သွားကြသည်။ စာရေးသူ၏ ဂျပန်မိတ်ဆွေတစ်ဦးက မြန်မာတို့၏ ပြဿနာအများစုသည် လူကြောင့်ဖြစ်တည်နေခြင်း ဖြစ်ကြောင်း၊ နှုတ်ကြောင့် သေနေခြင်းဖြစ်ကြောင်း စသည်ဖြင့် မှတ်ချက်ပြုပါသည်။ ဂျပန်တို့၏ တိတ်ဆိတ်ငြိမ်သက်မှုသည် စစ်ကာလတွင်ပင် ကမ္ဘာကျော်ပါသည်။ စာရေးသူဂျပန်တွင် စာတမ်းရေးသားစဉ် ဒုတိယကမ္ဘာစစ်ကာလ အကြောင်းအရာများကို လေ့လာဖတ်ရှုခဲ့ရာ မဟာမိတ်စစ်သား အချို့ရေးသားထားသော မြန်မာနိုင်ငံစစ်မြေပြင် အတွေ့အကြုံအချို့ကို ဖတ်ရှုရပါသည်။

**စာမျက်နှာ ၁၉ သို့** ❂

# ဒုတိယဝန်ကြီး ဦးမင်းထိန် နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်းပြီး ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာတည်ဆောက်နေသည့် သုခဝတီအိမ်ရာစီမံကိန်းသို့ရောက်ရှိရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက နေပြည်တော်ကောင်စီနယ်မြေတွင် ပြည်သူများအတွက် အငှားအိမ်ရာစီမံကိန်းများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အငှားအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသက်လင်း၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ တာဝန်ခံ ဦးပြည့်ဖြိုးလွင်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ခံ ဦးသန့်ဇင်ဦးတို့က အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍအလိုက်တင်ပြ**

ဆက်လက်၍ အိမ်ရာစီမံကိန်းတွင် ကြီးကြပ်သည့် မြို့ပြ / လျှပ်စစ် / ရေသန့်နှင့် အရည်အသွေး စစ်ဆေးရေးအဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့်ပတ်သက်၍ ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးအိမ်ရာစီမံကိန်းများဖြစ်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်း၊ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းဘေးရှိ မြေဧရိယာ ၃၃ ဧကပေါ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အငှားအိမ်ရာ ၁၂ ခန်းတွဲ ငါးထပ် ငါးလုံး ယူနစ် ၃၀၀၊ ၁၂ ခန်းတွဲ ငါးထပ် နှစ်လုံး ယူနစ် ၁၂၀ နှင့် လေးခန်းတွဲ ငါးထပ် ငါးလုံး ယူနစ် ၁၀၀ ကိုလည်းကောင်း၊ မြေဧရိယာ ဧက ၅၀ ပေါ်တွင် လေးခန်းတွဲ ငါးထပ် ၂၆ လုံး ၆၁၄ ယူနစ်နှင့် လေးခန်းတွဲ ငါးထပ် ၁၈ လုံး ၂၈၈ ယူနစ်တို့ကို ဘဏ္ဍာနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်သည်။

**ဆောင်ရွက်လျက်ရှိ**

ယခုဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်းများသည် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် နေထိုင်ရေး အဆင်ပြေစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့များပူးပေါင်းပြီး နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ သုခဝတီ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာများကို တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်က လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်က ၄၅ ရာခိုင်နှုန်းနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးလုပ်ငန်းရှင်များအသင်းက ၂၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး လုပ်သားအင်အား ၈၀၀ ခန့်ဖြင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နွေရာသီရေရှားပါးကျေးရွာအား သောက်သုံးရေများ ကြိုတင်ဖြည့်ဆည်းပေး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ထီဟန်ထိုးကျေးရွာရှိ အိမ်ခြေ ၃၅ အိမ် (လူဦးရေ ၁၈၀ခန့်)အတွက် နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိစေရေး ယမန်နေ့က သောက်သုံးရေများ ကြိုတင်ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

သောက်သုံးရေများ ကြိုတင်ဖြည့်တင်းပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် ထီဟန်ထိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အုတ်ရေလှောင်ကန်ထဲသို့ စနစ်တကျထည့်ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

✪ စာမျက်နှာ ၁၈ မှ

သူတို့အား (မဟာမိတ်တပ်များအား) ဂျပန်တို့ မည်သို့ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်သည်၊ သူတို့အနီးသို့ ဂျပန်တပ်များ တိတ်တဆိတ်မည်သို့ ချဉ်းကပ်ရောက်ရှိလာသည်၊ သူတို့ မည်သို့ အလစ်အငိုက် အဝိုင်းခံရသည်၊ ဂျပန်တို့ တိတ်တဆိတ်ဖြင့် လုပ်ဆောင်ရာတွင် မည်သို့ကျွမ်းကျင်သည် စသည်ဖြင့် အတွေ့အကြုံများ မှျဝေထားသည်ကို ဖတ်ရှုရသည်။

**တွေးလေ၊ ဝေးလေ**

စာရေးသူတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် တိတ်ဆိတ်ငြိမ်သက်မှုဆိုသည်နှင့် ပတ်သက်လျှင် ဆွေးနွေးပြောဆိုစရာ များစွာရှိပါသည်။ ဘာသာရေး၊ လူမှုရေးအခမ်းအနားများ ကျင်းပလျှင် အထူးသဖြင့် ကျေးလက်တောရွာများတွင် အသံကို ကျယ်လောင်စွာ တစ်ရွာလုံးကြားအောင် ဖွင့်တတ်ကြသည်ဖြစ်ရာ အသံဆူညံမှုဆိုသည်မှာ လူမှုအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုလိုပင် ဖြစ်နေပါတော့သည်။ ထိုသို့အလေ့အထများ မြို့ပေါ်ရောက်လာသောအခါ "စရိုက်တွေ၊ စရိုက်တွေ"ဟု ပြောတတ်ကြသည်။ အသံဆူညံမှုနှင့် ပတ်သက်ပြီး မကြာမကြာ ပြဿနာဖြစ်ကြသည့်သတင်းများလည်း ဖတ်ရှုရပါသည်။ သို့သော် ဒီလိုနှင့်ပြီးသွားသည်။ နောက်နှစ်လည်း ဘာသာရေး၊ လူမှုရေးရာသီကာလများရောက်လျှင် အသံပေါင်းစုံဖြင့် ဆူဆူညံညံ ဖြစ်ကြပြန်သည်။ ဒီလို ပုံမှန်ဝန်းကျင်စရိုက်များက လူတစ်ဦးချင်းစီကို လွှမ်းမိုးသောအခါ မြို့မှ၊ ရွာမှရယ်မဟုတ်၊ လမ်းများ၊ ရပ်ကွက်များတွင် အချို့သူများက သည်လိုပင် အချင်းချင်းအော်ဟစ်ပြောဆိုကြသည်။ ဂျပန်လူမှုဝန်းကျင်၏ တိတ်ဆိတ်ငြိမ်သက်မှုကို နှစ်သက်တောင့်တသော စာရေးသူအဖို့ မြန်မာ့လူမှုဝန်းကျင်၏ တိတ်ဆိတ်ငြိမ်သက်မှုဆိုသည်မှာ တွေးလေ၊ ဝေးလေပင် ဖြစ်ပါတော့သည်။

မြန်မာရုံးများ၊ ကျောင်းများ၊ ပွဲတော်အခမ်းအနားများတွင် မဝေးလှသော တစ်ချိန်က ဆောင်ပုဒ်များစွာ ရှိခဲ့ပါသည်။ အထူးသဖြင့် အစိုးရလုပ်ငန်းခွင်များအတွင်း ဆောင်ပုဒ်များ ချိတ်ဆွဲလေ့ရှိသည်။ ဆောင်ပုဒ်အများစုသည် များစွာကြွားဝါလှပြီး အချို့ဆောင်ပုဒ်များဆိုလျှင် နိုင်ငံနှင့်၊ ကမ္ဘာနှင့်ပင် ချီပါသည်။ ဆောင်ပုဒ်အတိုင်း ဖြစ်မလာသောအခါ ဆောင်ပုဒ်များသည် လူအများအကြား ဟာသများ သဖွယ် ကျန်ခဲ့လေသည်။ စာရေးသူ မြန်မာယူနက်စကိုရုံးတွင် ပညာရေးအရာရှိအဖြစ် အလုပ်လုပ်ခဲ့စဉ်က ဖြစ်ရပ်တစ်ခုကို မှတ်မိနေမိပါသည်။ ပညာရေးပရောဂျက်တစ်ခုအတွက် စင်ကာပူနိုင်ငံမှ ငှားရမ်းထားသော ပညာရေးအတိုင်ပင်ခံများက ရန်ကုန်မြို့ရှိ ကျောင်းတစ်ကျောင်းသို့ သွားရောက်လေ့လာသည့်အခါ စာရေးသူ လိုက်ပါသွားရပါသည်။

ကျောင်းအတွင်း လှည့်ပတ်ကြည့်ရှုပြီးနောက် စင်ကာပူမိတ်ဆွေများက ပထမဆုံးမေးမြန်းသော မေးခွန်းတစ်ခုမှာ ကျောင်းအတွင်း ကြီးမားစွာချိတ်ဆွဲထားသော ဆောင်ပုဒ်အချို့ကိုစွ ဖြစ်ပါသည်။ 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အား တည်ဆောက်အံ့' ဆိုသည့် ဆောင်ပုဒ်၏ အဓိပ္ပာယ်၊ သမိုင်းကြောင်း၊ အဘယ်ကြောင့် ချိတ်ဆွဲထားသည်၊ ဆောင်ပုဒ်သည် အကျိုးသက်ရောက်မှုရှိ၊ မရှိ၊ ဆောင်ပုဒ်၏အောင်မြင်မှုကို မည်သို့တိုင်းတာသည်စသည်ဖြင့် မေးမြန်းပါသည်။ အပြန်တွင် စာရေးသူအား စင်ကာပူမိတ်ဆွေတစ်ဦးက စင်ကာပူတွင်လည်း ဆောင်ပုဒ်များရှိပါကြောင်း၊ သို့သော် သိုသိုသိပ်သိပ်သာ ဖြစ်ကြောင်း၊ မဖြစ်လာလျှင် ရှက်စရာကောင်းကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ဆိုလိုချက်များနှင့် လက်ရှိအမှန် ဖြစ်ထွန်းတိုးတက်မှုများသည် အဆက်အစပ်ရှိသင့်ကြောင်း ပြောဆိုသည်ကို မှတ်မိနေပါသည်။

စာရေးသူတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းဆိုသည်နှင့် ပတ်သက်လျှင် ဆွေးနွေးပြောဆိုစရာ များစွာရှိပါသည်။ ဆူညံမှုဆိုသည်မှာ နိုင်ငံတိုင်းတွင် ပုံစံအမျိုးမျိုးဖြင့် တည်ရှိသော်လည်း စာရေးသူတို့ မြန်မာနိုင်ငံမှာတော့ နည်းနည်းပိုများသည်ဟု ထင်မိပါသည်။ အသံဆူညံမှုများနှင့်ပတ်သက်ပြီး မခံနိုင်သဖြင့် ပြဿနာဖြစ်သည်များ၊ မှုခင်းဖြစ်သည်များ မကြာခဏကြားသိရပါသည်။ စကားညင်သာစွာ ပြောဆိုခြင်း၊ လိုအပ်သော အသံပမာဏသာ အသုံးပြုခြင်း၊ မနက်စောစော၊ ညဘက်အချိန် အိမ်တွင်းလျှပ်စစ်ပစ္စည်းများ အသုံးမပြုခြင်း၊ ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေခြင်း၊ တစ်ဖက်သားဘက်မှ ခံစားစာနာ နားလည်ခြင်း၊ သိုသိုသိပ်သိပ်နှင့် လိုရင်းပန်းတိုင်ရောက်အောင် လုပ်ဆောင်ခြင်း၊ ဆိုရှယ်မီဒီယာများတွင် အမုန်းစကားများ မပြောခြင်း စသည်များသည် ကောင်းမွန်သော အလေ့အကျင့်များဖြစ်ပြီး ယဉ်ကျေးသောသူ၊ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၏ အမှတ်လက္ခဏာများလည်း ဖြစ်သည်။ လူအချင်းချင်းပင်လျှင် စကားများများမပြောသူ၊ တိတ်ဆိတ်ငြိမ်သက်သူ၊ သိုသိုသိပ်သိပ် နေထိုင်သူများဆိုလျှင် ရှေ့ရှည်တွင် စိတ်ဝင်စားမှု ခံရတတ်ပါသည်။ စာဖတ်သူတို့ မည်သည့်အတိုင်းအတာအထိ တိတ်ဆိတ်ငြိမ်သက်လိုသည်ဆိုခြင်းမှာ ကိုယ်တိုင်သာ ဆုံးဖြတ်ကြရန် ဖြစ်ပါသည်။ ။

# ညောင်ဦးမြို့နှင့် ပခုက္ကူမြို့ကြား ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ခရုစုတ်၊ ခရုတုတ်နှင့် တင်ကျီးငှက်များ ရာနှင့်ချီပြန်လည်ကျက်စားလာ

**ညောင်ဦး ဖေဖော်ဝါရီ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကြား ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် ခရုစုတ်၊ ခရုတုတ်ငှက်များပျောက်ကွယ်နေသည်မှာ ကြာပြီဖြစ်ကာ ဆယ်နှစ်ကျော်အကြာမှ ပြန်လည်မြင်တွေ့လာခဲ့ကြောင်း ပခုက္ကူမြို့ ဦးမျိုးမင်းထွဋ်က ပြောကြားသည်။

အဆိုပါ ခရုတုတ်၊ ခရုစုတ်သည် အနက်ရောင်တောင်ပံမွေးရှိသော အဖြူရောင်ငှက်မျိုးဖြစ်ပြီး အပေါ်နှင့် အောက်နှုတ်သီးကြားတွင် ဟလျက်ထူးခြားသည့်နှုတ်သီးရှိသည်။ ကိုယ်အလျား ၃၂ လက်မခန့်ရှိကာ မြစ်ကမ်းစပ်များနှင့် ကန်များ၊ အင်းအိုင်များတွင် တွေ့ရနိုင်ကြောင်း၊ မြေနိမ့်ပိုင်းရှိ လယ်ကွင်းများနှင့် စိမ့်တောများတွင်လည်း တွေ့ရနိုင်ကာအား သွန်ခွန်စိုက်ကြာရှည်ပျံသန်းနိုင်သည့် ငှက်မျိုးဖြစ်ကြောင်း၊ ရေချိုခရုမျိုးများကိုစားသုံးကြပြီး ကဏန်း၊ ငါး၊ တွားသွားသတ္တဝါများနှင့် ပိုးမွှားကောင်ကြီးများကိုလည်း စားတတ်ကြောင်း သိရသည်။ သားမပေါက်သည့် ဆောင်းခိုငှက်ဖြစ်ကာ ဌာနေငှက်ဖြစ်သည်ဟုလည်းငှက်ပညာရှင်များယူနေကြကြောင်း ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က ရှင်းပြသည်။

ခရုစုတ်အဖြူငှက်လည်းရှိပြီးနှုတ်သီး၊ ဦးခေါင်းနှင့် လည်တိုင်အနက်ရောင်ရှိသောအဖြူရောင်ငှက်မျိုးဖြစ်သည်။ ကိုယ်အလျား လက်မ ၃၀ ခန့်ရှိပြီး စိမ့်တောနှင့် လယ်တောများတွင် တွေ့ရနိုင်ကာ ပင်လယ်ကမ်းရိုးတန်းနှင့် ကန်များတွင်လည်း တွေ့နိုင်သည်။ အုပ်စုနေထိုင်ကြကာ သစ်ပင်ကြီးများပေါ်တွင်လည်းနားနေလေ့ရှိကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းမှအပ နေရာအနှံ့တွေ့နိုင်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ကမ်းရိုးတန်းဒေသများ တစ်လျှောက်အများအပြားတွေ့ရနိုင်ကြောင်း၊ သားမပေါက်သည့် ဆောင်းခိုငှက်ဖြစ်ကြောင်းလည်း သိရသည်။

ခရုစုတ်၊ ခရုတုတ်ငှက်များနှင့်အတူ တင်ကျီး/အော်ရောငှက်များလည်း လာရောက်ကျက်စားလျက်ရှိရာ တင်ကျီးငှက်သည် နှုတ်သီးတိုသောအနက်ရောင်ငှက်မျိုးဖြစ်ကြောင်း၊ လည်တိုင်တိုကာ ကိုယ်အလျား လက်မ ၂၀ ခန့်ရှိပြီး ရေချိုစိမ့်တော၊ ရေကန်နှင့် မြစ်ချောင်းများတွင် တွေ့ရနိုင်ကြောင်း တစ်ကောင်တည်း သို့မဟုတ် အုပ်စုကြီးများဖြင့် တွေ့ရနိုင်သည်။ မေလမှ စက်တင်ဘာလအတွင်းဗျိုင်း၊ ဥပန်းတို့နှင့်တွဲ၍ သားပေါက်ကြသည့် ဌာနေငှက်ဖြစ်ကြောင်း သိရသည်။ တင်ကျီးငှက်သည် ရှည်၍တုတ်ခိုင်သော နှုတ်သီးရှိသည်။ အနက်ရောင်သမ်းသည့်ငှက်မျိုးဖြစ်ကာ နီညိုရောင်တောက်တောက်ကျောကုန်းရှိပြီး ကိုယ်အလျား ၃၂ လက်မခန့်ရှိပြီး ကန်များ၊ မြစ်များ၊ စိမ့်တောများတွင် အတွေ့ရများကြောင်း သိရသည်။ အုပ်စုကြီးများဖြင့် တွေ့ရသည့်ရေချိုနေငှက်မျိုးဖြစ်ကြောင်း ဦးရွှေဌေးအောင်က ရှင်းပြသည်။

ဦးခေါင်းမတ်မတ်ဖြင့် ရေဖြည်းဖြည်းကူးကြောင်း၊ အန္တရာယ်ကြုံသည့်အခါ ဦးခေါင်းနှင့်လည်တိုင်သာ ရေပြင်ပေါ်ဖော်၍ ရေထဲငုပ်သွားကြောင်း၊ နားနေသည့်အခါ ကမ်းခြေ သို့မဟုတ် ကျောက်ဆောင် သို့မဟုတ် သစ်ပင်များပေါ်အတောင်ဖြန့်၍ နားနေတတ်ကြောင်း၊ တည့်တည့်မြန်မြန်ပျံသည့် ငှက်မျိုးဖြစ်ကြောင်းလည်း သိရသည်။ တိတ်ဆိတ်စွာနေပြီး အောက်တိုဘာလမှ ဇန်နဝါရီလအတွင်း သားပေါက်ကြကြောင်း သိရသည်။ စစ်တောင်းမြစ်ဝှမ်းတွင် သားပေါက်၍ မှတ်တမ်းတင်ထားနိုင်ကြောင်း သိရကာ မြန်မာနိုင်ငံတောင်ပိုင်းတွင်တွေ့ရသည့် ဌာနေငှက်ဖြစ်ကြောင်း သိရသည်။



ခရုတုတ်၊ ခရုစုတ်ငှက်များနှင့် ခရုစုတ်ဖြူငှက်များ ဖေဖော်ဝါရီလတတိယပတ်အတွင်း ပခုက္ကူမြို့ပေါ်ရှိ မန်ကျည်းပင်ကြီးများပေါ်တွင် အကောင်ရေရာနှင့်ချီ၍ လည်းကောင်း၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ခရုတုတ်၊ ခရုစုတ်ကောင်ရေရာနှင့်ချီ၍လည်းကောင်း လာရောက်ကျက်စားနေကြကြောင်းလည်း သိရသည်။

အဆိုပါ ဂရုစုတ်၊ ခရုတုတ်ငှက်များ၊ တင်ကြီးငှက်များ ရာနှင့်ချီ၍ မလာရောက်သည်မှာ ဆယ်နှစ်ခန့်လောက်ရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုထိန်(KPD)**

# နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်)ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး



**ဖားဆောင်း ဖေဖော်ဝါရီ ၂၅**
ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး(ပြည်နယ်)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ ညနေပိုင်းက ကယားပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးဦးသန့်ဇင်၊ ဖားဆောင်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်မာဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာတွင် ဆောင်ရွက်သည့် အမှတ်(၁)ရပ်ကွက်ရွာတွင်းလမ်းအရှည် ၄ ဖာလုံ၊ ဒု ခုနစ်လက်မ၊ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အမှတ်(၂)ရပ်ကွက်ရွာတွင်းလမ်း အရှည် ၁ မိုင် ၂ ဖာလုံ၊ တစ်ပေ ဒု၊ ၁၂ ပေအကျယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ပွန်ချောင်းမှ ဝမ်အောင်း(ကယား)သွားသည့် ကျေးရွာတွင်းသွားလမ်း အရှည် ၁ မိုင် ၄ ဖာလုံ၊ တစ်ပေဒု၊ ၁၂ ပေ အကျယ် ကျောက်ချောလမ်းနှင့် အဆိုပါလမ်းပေါ်ရှိအရှည် ပေ ၅၀ ရှိ ရေကျော်တံတားတစ်စင်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ခံများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**နန်းသဲနုအောင် (ဖားဆောင်း)**

# မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**မြဝတီ ဖေဖော်ဝါရီ ၂၅**
ကရင်ပြည်နယ်မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

မြဝတီခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က ရုံးဌာနများနှင့် နေအိမ်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများနှင့် အခြေအနေများ၊ မီးလောင်မှုဖြစ်ပွားပါက ကနဦးမီးငြိမ်းသတ်နည်းများ၊ ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စုစုသွယ်နှင့်ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးသတ်ဆေးဘူးအသုံးပြုပုံကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကသာ ဖေဖော်ဝါရီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းဒရန့်-နွယ်နီအိုင်-ငါးအိုးကျေးရွာချင်းဆက် ကွန်ကရစ်လမ်း တစ်မိုင် ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့က တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကသာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်း၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းခင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာခုနစ်ရွာရှိ အကျိုးပြုအိမ်ခြေ ၁၂၃၅ အိမ်မှ ကျေးရွာနေဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်ဖြစ်ပြီး ယင်းကျေးရွာများရှိပညာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကသာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မယ်စဲ့မြို့နယ်တွင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်

**မယ်စဲ့ ဖေဖော်ဝါရီ ၂၅**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့နယ်ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေများဖြင့် မြို့နယ်ပညာရေးမှူးရုံး သိုလှောင်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ မူလွန်(ဟိုဂျစ်)နှင့် အမက (သာယာ) ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

မယ်စဲ့မြို့နယ် ပညာရေးမှူးရုံး သိုလှောင်ရုံ အဆောက်အအုံ အကျယ်အဝန်း (၆၀x၃၀) ပေ RC တစ်ထပ် တည်ဆောက်လျက်ရှိရာ လုပ်ငန်း ၂၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး မူလွန်(ဟိုဂျစ်) ဝန်ထမ်းအိမ်ရာအကျယ်အဝန်း (၉၀x၃၀) ပေRCတစ်ထပ်၊ အမက (သာယာ) ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အကျယ်အဝန်း (၉၀x၃၀) ပေ RC တစ်ထပ်တို့ကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးရေးအတွက် ဌာနမှတာဝန်ရှိသူများကကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

■



## ရေမင်း မျိုးကောင်းမျိုးသန့်ပြန့်ပွားရေးနှင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေး တောင်သူများအား နည်းပညာအကူအညီပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် ရေမင်း မျိုးကောင်း မျိုးသန့် စပါးများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်ရေး အတွက်တောင်သူများအားနည်းပညာအကူအညီများ ပေးလျက်ရှိသည်။

ထိုသို့ ရေမင်းစပါးများ စိုက်ပျိုးရာတွင် မျိုးမှားယွင်းမှုမရှိစေရေးနှင့် မျိုးသန့်မျိုးမှန်ရရှိရေး အတွက် ဌာနပိုင် စိုက်ပျိုးရေးခြံများ၊ ပုဂ္ဂလိကစိုက်ပျိုး ရေးခြံများမှ စိုက်ပျိုးထုတ်လုပ်သည့် မျိုးသန့်မျိုး စပါးများနှင့် လုံလောက်မှုမရှိသောကြောင့် ၂၀၁၆-၂၀၁၇ခုနှစ်မှစတင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ၏ဦးဆောင်မှုဖြင့် မျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းကို စနစ်တကျဖွဲ့စည်းပြီး တောင်သူကိုယ်တိုင် ရေမင်း မျိုးသန့်မျိုးစပါး စိုက် ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးလုပ်ငန်းများ ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

မျိုးသန့်မျိုးပွား ရေမင်းမျိုးစပါးရရှိရေးအတွက် မျိုးစေ့များကို သုံးပေပတ်လည် အကွက်ငယ်များနှင့် သီးသန့်ပျိုးထောင်ရကြောင်း၊ ပျိုးသက် ၁၈ ရက် သားတွင် ကျန်းမာသန်စွမ်းသည့် ပျိုးပင်များကို ရွေးချယ်ပြီး ပေ ၁၀၀ အရှည်၊ အတန်း ရှစ်တန်း စနစ် တကျပြုလုပ်ပြီး ၁၀ လက်မပတ်လည်တစ်ပင်ချင်းစီ စိုက်ပျိုးရကြောင်း၊ ပြောင်းရွှေ့စိုက်ပျိုးပြီး ၁၀ ရက် သားတွင် ပျိုးပင်ဖာခြင်း၊ နှစ်လသားအရွယ်တွင် ပေါင်းမြက်နုတ်ခြင်း၊ ပင်ပွားစည်းချိန်၊ မှုံကပ်ချိန်၊ ရင့်မှည့်ချိန်များတွင် မျိုးကွဲပယ်ခြင်းများ ဆောင်ရွက် ရကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဦးရဲမင်းသောင်းက ပြောကြားသည်။

ကျောက်ဆည်မြို့နယ်တွင် ယမန်နှစ်ကရေမင်း မျိုးသန့်မျိုးပွား ၆၁၆ ဧကစိုက်ပျိုးခဲ့ပြီး လာမည်နှစ် တွင် စပါးစိုက်တောင်သူများ ပိုမိုအဆင်ပြေစေရေးနှင့် စိတ်ချရသောမျိုးစပါးအလွယ်တကူရရှိရေး စပါးစိုက် သည့်ကျေးရွာတိုင်းတွင် ရေမင်းမျိုးသန့်မျိုးပွားမျိုး စေ့ထုတ်စိုက်ခင်းတစ်ခင်းစိုက်ပျိုးနိုင်ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပုံမှန်ဝင်ငွေဖော်ဆောင်ပေးသည့် ကောက်ရိုးမှိုစိုက်ပျိုးရေးလုပ်ငန်း

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ အမရပူရမြို့နယ်တွင်ကောက်ရိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိရာ လက်ရှိကာလ နွေရာသီတွင် ကောက်ရိုးမှို ဈေးကောင်းသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

နွေရာသီ ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အရိပ်ရ သည့် သရက်ခြံများထဲတွင် အများဆုံးစိုက်ပျိုးကြ သည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများမှာ အနည်းဆုံးမှို ပျိုးပုံ ၁၀၀ မှစတင်ကာစီးပွားဖြစ်စိုက်ပျိုးကြသည်။ ရက်တိုတိုဖြင့် ငွေရလွယ်သောသီးနှံများထဲတွင် ကောက်ရိုးမှိုစိုက်ပျိုးခြင်းလုပ်ငန်းလည်း ပါဝင်သည်။

ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်း ကုန် ကြမ်းအစား ဂျပ်စက္ကူ၊ မြင်းချေး၊ နွားချေး၊ ဗေဒါတို့ ဖြင့် တွင်ကျယ်စွာ စိုက်ပျိုးလာခဲ့သည်။ နောက်ပိုင်း တွင် ကုန်ကြမ်းမြင်းချေးရှားပါးလာသောကြောင့် အသုံး မပြုတော့ဘဲ နွားချေး၊ ဂျပ်စက္ကူ၊ ဗေဒါတို့ကို အသုံးပြုကြသည်။ ကောက်ရိုးမှိုသည် အပူအအေး မျှတစေရန် ဆောင်ရွက်ပေးရပြီး ရာသီမရွေး ပျိုးနိုင် သည်။ နွေရာသီတွင် အရိပ်ရသောခြံများအတွင်း ပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များတွင် ပျိုးကြသည်။

မှိုစတင်ပျိုးသည့်ရက်မှစတင်ရေတွက်ပါက ၁၀ ရက်၊ ၁၁ ရက်တွင် မှိုစတင်ထွက်ရှိသည်။ မှိုထွက် သည့်အခါ ပလတ်စတစ်ကိုလှပ်၍ မှိုကိုအပွင့်အဆင့် မရောက်မီ ခူးပေးကြရသည်။ မှိုတစ်ပုံလျှင် ငါး ပိဿာမှ ခုနစ်ပိဿာအထိ ထွက်ရှိသည်။ မှိုအလုံး အဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် မှို တစ်ပိဿာငွေကျပ် ၄၅၀၀ ခန့်ရှိသည်။ မှိုအပွင့်ကမူ တစ်ပိဿာငွေကျပ် ၂၅၀၀၊ ၃၀၀၀ခန့်သာ ရရှိသည်။ ဆောင်းတွင်းပိုင်းတွင် မှိုဈေးနှုန်းပိုမိုတက်သည်။ မှိုကို တစ်နှစ်ပတ်လုံးဖောက်သည်ယူရောင်းသူများ မှာ မှိုပျိုးသည့်နေရာအထိ လာရောက်ဝယ်ယူလေ့ရှိ သည်။

**နွေနဒီ(မြစ်ငယ်)**



## ကြက်သွန်နီစိုက်ပျိုးရောင်းချခြင်းဖြင့် ပုံမှန်ဝင်ငွေရ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းဒေသတွင် တောင်သူ အချို့သည် ဒေသထွက်ကြက်သွန်နီများ တစ်ပိုင်တစ်နိုင်စိုက်ပျိုး ကြရာ ယခုအခါ ကြက်သွန်နီ ရိတ်သိမ်းရောင်းချနေပြီဖြစ်၍ ပုံမှန်ဝင်ငွေရရှိနေကြကြောင်း တစ်ပိုင်တစ်နိုင်ကြက်သွန်နီ စိုက်ပျိုးသည့်တောင်သူထံမှ သိရသည်။

“ကျွန်မတို့တောင်သူတွေဟာ လယ်ယာလုပ်ငန်းခွင်တွေ ရိတ်သိမ်းပြီးပြီဆိုရင် လယ်ကွင်းမှာပဲ ကြက်သွန်နီကို တစ်ပိုင် တစ်နိုင် ဆက်ပြီးစိုက်ပျိုးကြပါတယ်။ ဒီဒေသမှာ ကျေးရွာ အတော်တော်များက တောင်သူတွေဟာ ဒီလိုပဲ သူ့ရာသီနဲ့သူ မုန်ညင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေပဲရွက်၊ ဖရုံ၊ သခွား၊ ခရမ်းချဉ်၊ ပဲတီစိမ်းစတဲ့ မီးဖိုချောင်စားရိတ်ကိုအထောက်အကူ ပြုတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးပြီး ရောင်းချကြတယ်။ စီးပွားဖြစ်အနေနဲ့မဟုတ်သော်လည်းတစ်ပိုင်တစ်နိုင်စိုက်ပျိုး ကြပါတယ်။ တစ်နေ့နဲ့တစ်နေ့ ရောင်းချရမှု မတူသော်လည်း နေ့တိုင်းတော့ ပုံမှန်ဝင်ငွေလည်းရရှိပါတယ်”ဟု ကြက်သွန်နီ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

မိုင်းယောင်းမြို့နယ်တွင် ဒေသထွက်ကြက်သွန်နီကိုကီလို ချိန်ဖြင့်ရောင်းချပါက တစ်ကီလိုလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ကြက်သွန်နီဥ ၃၀ သား တစ်စည်းလျှင် ကျပ် ၅၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချရကြောင်း၊ တောင်သူ များသည် အခြားဟင်းသီးဟင်းရွက်သီးနှံများလည်း စိုက်ပျိုး ရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရှာဖွေနေကြကြောင်း တောင်သူ များ၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ချဉ်ပေါင်

**မင်းဘူး ဖေဖော်ဝါရီ ၂၅**


ချဉ်ပေါင်ပင်သည် ဟင်းသီးဟင်းရွက်ပင်တစ်မျိုး ဖြစ်ပြီး ရေရှိပါက တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင် သောအပင်ဖြစ်သည်။ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ ပန်းမုန်လာပင်များကဲ့သို့ ဈေးမကောင်း သော်လည်း အကြမ်းခံ၍ပိုးမွှားကျရောက်မှုနည်းပြီး တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသော သီးနှံပင်တစ်မျိုး ဖြစ်သည်။

ရေအစိုဓာတ်ရှိပါက အလွယ်တကူပေါက် ရောက်နိုင်ပြီး စိုက်ပျိုးသည့်မြေကောင်းပါက ရှင်သန်ကြီးထွားမှုလည်းမြန်စေသည်။ မိုးတွင်း ကာလများတွင် ပိုမိုဖြစ်ထွန်းပြီးမြေသြဇာလည်း ကျွေး မြေဓာတ်လည်းကောင်းပါက ခါးစောင်း ခန့်အထိ ကြီးထွားနိုင်သောအပင်မျိုးဖြစ်သည်။ နွေရာသီတွင် အပင်ဖြစ်ထွန်းမှု နှေးကွေးပြီး တစ်တောင်ခန့်သာ ကြီးထွားနိုင်သည်။

ချဉ်ပေါင်ပင်တစ်စည်းလျှင် ၅၀ ကျပ်သာ ရောင်း ရသော်လည်း ရေသွင်းရေဖျန်းထားသောစိုက်ခင်း ထဲတွင် မျိုးစေ့များပက်ကျဲပြီး အခြားသီးနှံများ ကဲ့သို့ မြေဆွပေါင်းသင် ထွေထွေထူးထူးဂရုစိုက် စရာ မလိုပေ။ " ကျွန်တော့် ဆူးပုပ်စိုက်ခင်းထဲ မှာတော့ ပန်းမုန်လာတွေနုတ်သိမ်းပြီးလို့ လူ လည်း တကူးတက ပင်ပန်းစရာမလိုဘဲစရိတ်စက သက်သာပြီး တစ်ဖက်တစ်လမ်းမှဝင်ငွေရနေတဲ့ ချဉ်ပေါင်ပင်တွေကိုသာစိုက်ပျိုးထားပါတယ်'' ဟု မင်းဘူး (စကု)မြို့နယ် ကျောက်တန်းကျေးရွာ မှ ဦးဟန်ဆင့်က ပြောကြားသည်။

**ဇေယျာထက် (မင်းဘူး)**

## ဖောင်းပြင်မြို့နယ်တွင် ခရမ်းချဉ်သီးဈေးကောင်းရ၍ ထပ်မံစိုက်ပျိုး



**ဖောင်းပြင် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်မှ ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူများမှာ အသီး များ စတင်ဆွတ်ခူးခဲ့ရချိန်တွင် တစ်ပိဿာလျှင် ကျပ် ၆၀၀ ဈေးနှုန်းရောင်းချခဲ့ရပြီး ယခုအချိန် အထိ တစ်ပိဿာလျှင် ကျပ် ၄၅၀ ဈေးနှုန်း ရောင်းချရသည့်အတွက် ခရမ်းချဉ်များထပ်မံ စိုက်ပျိုးနေကြကြောင်း သိရသည်။

“ခရမ်းချဉ်စိုက်တာ တစ်ပိဿာကို လက်ရှိ ငွေကျပ် ၄၅၀ ဈေးနဲ့ရောင်းနေရတော့တွက်ချေ ကိုက်ပါတယ်။ အခုနောက်တစ်သီးပြန်စိုက်တာ ကတော့တန်ခူးလထဲမှာ လှိုင်လှိုင်ဆွတ်ရမှာပါ၊ ဈေးကောင်းရမယ်လို့ မျှော်လင့်ထားပါတယ်” ဟု ရားပင်းကျေးရွာတွင် ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူဦးညိုလင်းက ပြောကြားသည်။

ဖောင်းပြင်မြို့နယ်မှခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် နှစ်စဉ် စက်တင်ဘာ လဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြပြီး ပျိုးပင် သက်တမ်း ၁၅ ရက်သားတွင် မြေပြင်သို့ပြောင်း ရွှေ့စိုက်ပျိုးကြကာ မြေပြင်သို့ပြောင်းရွှေ့ပြီး သက်တမ်းသုံးလအကြာတွင် အသီးများစတင် ဆွတ်ခူးနိုင်ကြကြောင်း၊ အသီးများစတင်ဆွတ်ခူး ချိန်မှ ခြောက်လအထိ ဆွတ်ခူးနိုင်ကြောင်း၊ အပင် ၁၀၀၀ စိုက်ပျိုးပါက ကုန်ကျစရိတ် တစ်သိန်းခန့် ရှိပြီး ဝင်ငွေအားဖြင့် ငွေကျပ် ၁၅ သိန်းဝန်းကျင် ခန့်ရရှိမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

# တာဝန်ကျေစွာ၊ ဂုဏ်ယူပါ

မောင်မောင်ဟိန်း

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရား လည်ပတ်နိုင်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ကြရသူများ ဖြစ်သည်။ ထိုသို့ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြခြင်းသည် တည်ဆဲအစိုးရအတွက် တာဝန်ထမ်းဆောင်ခြင်း မဟုတ်ပါ။ ဆိုလိုသည်မှာ အစိုးရအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးရာထူး၊ အာဏာလုပ်ပိုင်ခွင့် ရရှိထားကြသူများသည်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ကြသူများ ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက်၌ အစိုးရအဆက်ဆက်ကို ကြုံတွေ့နေကြရမည်ဖြစ်သည်။ မည်သည့်အစိုးရတက်တက် ဝန်ထမ်းအားလုံး

**မည်သို့သော ခံယူချက်အမျိုးမျိုးဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာစေကာမူ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာသည့်အခါ ဆိုင်ရာဌာနဆိုင်ရာအလိုက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရပါသည်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ မိမိတို့လုပ်ငန်းတာဝန်ကို တည်ဆဲဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းကြောင့် ထိုက်တန်သော ခံစားခွင့်များ ရရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း ပြန်လည်ကျေးဇူးဆပ်ရာရောက်။**

သည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရသည်။ ထိုသို့ ဆောင်ရွက်ကြခြင်းသည် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိခံယူထားကြရပါမည်။

**အရေးယူခံခဲ့ကြရ**

နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်အစိုးရ အဆက်ဆက်တွင်မဆို မိမိတို့၏ ခိုင်မာသော အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာနများ၏ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရသူများဖြစ်သည့်အားလျော်စွာ တည်ဆဲအစိုးရတစ်ရပ်အနေဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းတာဝန်များ ပေးအပ်၍ မရသည်ကိုလည်း သိရှိထားကြပြီး ဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံရေးအရ ခန့်အပ်ခြင်းခံရသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ဥပဒေပ ဆောင်ရွက်ချက်များကြောင့် အရေးယူခြင်းခံခဲ့ကြရသည့်ဖြစ်စဉ်များ များစွာရှိခဲ့ကြပြီးဖြစ်သည်ကိုလည်း သိရှိကြပြီး ဖြစ်သည်။ ဥပဒေပ ဆောင်ရွက်သည်များကို အလိုတူ၊ အလိုပါ ဥပဒေနှင့်မညီမှန်းသိလျက်နှင့် ဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ထမ်းများလည်း အရေးယူခံခဲ့ကြရသည်။

ဌာနဆိုင်ရာများတွင် လိုအပ်သည့်ဝန်ထမ်းများ ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားကြသည်။ အရည်အချင်းကိုက်ညီသူများသည် ယှဉ်ပြိုင်အစစ်အဆေးခံပြီး အောင်မြင်မှသာ ဌာနဆိုင်ရာများက အတည်ပြုရွေးချယ်ခန့်ထားခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် အတည်ပြုခန့်အပ်ခြင်းခံရသည့်အခါ နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရသည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းမှုဆိုင်ရာ အခွင့်အရေးများ ရရှိခံစားကြရသည်။ တာဝန်ထမ်းဆောင်ရခြင်းအပေါ် မူတည်၍ ခံစားခွင့်များ ရရှိသကဲ့သို့ တာဝန်ထမ်းဆောင်မှု ပျက်ယွင်းပါကလည်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူခြင်းခံကြရသည်။ သို့မှသာ ခိုင်မာသောအဖွဲ့အစည်းများ အားကောင်းပြီး နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားကို အကောင်အထည်ဖော် အလုပ်အကျွေး ပြုနိုင်မည်ဖြစ်သည်။ ဝန်ထမ်းသည် လစာစရိတ်ခံစားခွင့်၊ နှစ်တိုးလစာခံစားခွင့်၊ ခွင့်ခံစားခွင့်၊ ပညာသင်ဆည်းပူးခွင့်၊ ရာထူးတိုးခံစားခွင့်၊ လုပ်သက်ပြည့်၊ သက်ပြည့်ပင်စင်ခံစားခွင့်၊ နာမကျန်းပင်စင်ခံစားခွင့်၊ လျော်ကြေးပင်စင်ခံစားခွင့်၊ ဌာနကူးပြောင်းထမ်းဆောင်ခွင့် စသည်များ ခံစားခွင့်ရှိသည်။

**ဝန်ထမ်းအားလုံးသည် မိမိတို့ဆန္ဒနှင့်အညီ ရွေးချယ်ပြီး နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ဆောင်ကြခြင်း ဖြစ်သည်။** မည်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းကမှ တိုက်ရိုက်ခေါ်ယူပြီး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမည်ဟု ခေါ်ယူခန့်ထားခြင်းမရှိပါ။ မိမိတို့ဆန္ဒအရ နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ကိုင်ကြသူများဖြစ်သည့်အတွက် မည်သို့သော အကြောင်းကြောင်းကြောင့် ဝင်ရောက်လုပ်ကိုင်သည်ဖြစ်စေ စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြမည်ဟု ကတိကဝတ်ပြုခဲ့ကြသူများ ဖြစ်ကြသည်။ ထိုနည်းတူ ဝန်ထမ်းမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ရယူခံစားကြသူများလည်း ဖြစ်ကြသည်။ နိုင်ငံ့ဝန်ထမ်းရွေးချယ်ခံနိုင်ရေး စတင်လျှောက်ထားစဉ်ကတည်းက တည်ဆဲအစိုးရအတွက်၊ ပါတီအတွက်သာ ဦးတည်ပြီး အလုပ်လုပ်မည်ဟု မည်သူကမှ စိတ်ကူးမရှိကြသည်**မှာ သေချာပါသည်။** မိမိဘဝအတွက် တစ်စုံတစ်ခုသော အာမခံချက်ရရှိရေးကိုသာ ဦးတည်၍ ဝန်ထမ်းအလုပ်ကို ရွေးချယ်ကြသူ အများစုရှိကြပါသည်။ အချို့ကလည်း ဂုဏ်သိက္ခာရှိခြင်း၊ ပုံမှန်ဝင်ငွေရှိခြင်း၊ ပညာဆက်လက်ဆည်းပူးသင်ယူခွင့်ရှိခြင်း၊ နေအိမ်ခန်းရရှိခြင်း၊ အလုပ်အာမခံချက်ရှိခြင်း၊ ဉာဏ်ပြေးရခြင်း၊ ဘဝနေဝင်ချိန်တွင် ပင်စင်လစာခံစားခွင့်ရရှိခြင်း ဆိုသည်တို့ကို လိုလားနှစ်သက်၍ နိုင်ငံ့ဝန်ထမ်းအလုပ်ကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ရပ်တည်နိုင်**

**မည်သို့သော ခံယူချက်အမျိုးမျိုးဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာစေကာမူ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာသည့်အခါ ဆိုင်ရာဌာနဆိုင်ရာအလိုက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရပါသည်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ မိမိတို့လုပ်ငန်းတာဝန်ကို တည်ဆဲဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းကြောင့် ထိုက်တန်သော ခံစားခွင့်များ ရရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း ပြန်လည်ကျေးဇူးဆပ်ရာရောက်စေပါသည်။**

မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်ဝန်ထမ်းများသည် ဂုဏ်သိက္ခာရှိကြသူများ ဖြစ်သည်။ မည်သို့သော အကြောင်းအမျိုးမျိုးပြစေကာမူ လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်း မပြုကြသူများ၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲ၍ တာဝန်ထမ်းဆောင်ကြမည်ဆိုသည့်သူများသည် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာစောင့်ထိန်းအပ်သော နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်နေကြသူများသာ ဖြစ်သည်။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဘယ်သူ့ကြောင့်၊ ဘယ်စနစ်ကြောင့်၊ ဘယ်မူဝါဒကြောင့် ဆိုသောဆင်ခြေများ ပေးချင်ရာပေးပြီး ဖောက်ဖျက်ခွင့် လုံးဝမရှိပါ။ ထိုသို့ ဖောက်ဖျက်သောသူများသည် နိုင်ငံတော်ကို ကျေးဇူးပြုမည့်သူများ မဟုတ်ပေ။ တစ်ဦးချင်း ရပိုင်ခွင့်ရှိသော ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကို တောင်းဆိုပိုင်ခွင့်ရှိသော်လည်း နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ မူဝါဒစွဲ၊ လူပုဂ္ဂိုလ်စွဲပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျက်ကွက်ခွင့်မရှိသည်ကို သတိချပ်စေလိုပါသည်။

**ကိုယ်ကျိုးစီးပွားအတွက်သာ ဆောင်ရွက်**

မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး မဟာဗျူဟာအရ အရေးပါမှုကို ခြယ်လှယ်ထိန်းချုပ် အမြတ်ထုတ်လိုသော အင်အားကြီးနိုင်ငံ အချို့သည် ယင်းတို့၏ ကိုယ်ကျိုးစီးပွားကို ဦးတည်ပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းချုပ်လိုကြသည်။ ယင်းတို့အလိုကျ ပုံဖော်လိုကြသည်။ ဘက်ပေါင်းစုံ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ကြပြီး နိုင်ငံပြိုလဲအောင် သွေးထိုးလှုံ့ဆော်ကြသည်။ **အဆိုပါ နိုင်ငံကြီးအချို့သည် သူတို့အလိုကျ ဆောင်ရွက်ခြင်းမရှိသော အစိုးရတစ်ရပ်ရပ်ကို နည်းမျိုးစုံသုံးပြီး အခက်အခဲ အကျပ်အတည်းဖြစ်အောင် ကြံဆောင်ကြသည်။ သူတို့အလိုကျ ဆောင်ရွက်မည့် ရုပ်သေးအစိုးရတစ်ရပ် ဖြစ်စေရန်သာ ဦးတည်ဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး တန်းတူညီမျှရှိရေး၊ ဒီမိုကရေစီပန်းတိုင်ဆီသို့ စသည်ဖြင့် လိုရာခေါင်းစီးတပ်ပြီး ငွေအား၊ မီဒီယာအား နည်းမျိုးစုံသုံးပြီး ပုံဖော်ကြသည်။** မည်သို့ပင် ပုံဖော်စေကာမူ အဓိကလိုရင်းမှာ ယင်းနိုင်ငံကြီးအချို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ဆောင်ရွက်ကြခြင်းဖြစ်သည်ကို ဆန်းစစ်ဝေဖန်ပိုင်းခြားကြည့်လျှင် သိသာမြင်သာ ရှိလှပါသည်။ အင်အားကြီးနိုင်ငံကြီးများသည် သူတို့နိုင်ငံ၏ ကိုယ်ကျိုးစီးပွားမပါဘဲ မည်သည့်နိုင်ငံငယ်များအပေါ်မျှ မှန်ကန်သောစေတနာ ထားကြမည်မဟုတ်သည်မှာ အသေအချာပင် ဖြစ်သည်။

မည်သည့်အစိုးရမဆို နိုင်ငံတော်၏ အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ကြရသည်။ ထိုနည်းတူ နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ကြရသူများ ဖြစ်သည်။ သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအားလုံးသည်လည်း နိုင်ငံနှင့် ပြည်သူများအတွက်သာ ရည်ရွယ်ရေးဆွဲအတည်ပြုထားခြင်းဖြစ်သည်။ ထို့ကြောင့် ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ဥပဒေနှင့်မညီသော ကိုယ်ကျိုးစီးပွားဆောင်ရွက်ကြသူများသည် ဥပဒေအရ အရေးယူခြင်းကို ခံကြရမည်ဖြစ်သည်။ အရေးယူခြင်းခံကြရသည့် ဖြစ်စဉ်များစွာ ရှိပြီးဖြစ်သည်ကိုလည်း သိရှိကြပြီး ဖြစ်ပါသည်။

ဥပဒေဘောင်အတွင်း နေထိုင်ကြခြင်းသည် ဘေးရန်ကင်းကွာ စိတ်ချမ်းသာရမည် ဖြစ်ပါကြောင်းနှင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံနှင့်ပြည်သူများအကျိုးကို သယ်ပိုးရင်း တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်သွားကြစေလိုကြောင်း နိုင်ငံသားတစ်ဦးအနေဖြင့် မိမိဆန္ဒအမှန်ကို ဖော်ပြအပ်ပါသည်။ ။

**မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး မဟာဗျူဟာအရ အရေးပါမှုကို ခြယ်လှယ်ထိန်းချုပ် အမြတ်ထုတ်လိုသော အင်အားကြီးနိုင်ငံအချို့သည် ယင်းတို့၏ ကိုယ်ကျိုးစီးပွားကို ဦးတည်ပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းချုပ်လိုကြသည်။ ယင်းတို့အလိုကျ ပုံဖော်လိုကြသည်။ ဘက်ပေါင်းစုံ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ကြပြီး နိုင်ငံပြိုလဲအောင် သွေးထိုးလှုံ့ဆော်ကြသည်။ အဆိုပါ နိုင်ငံကြီးအချို့သည် သူတို့အလိုကျ ဆောင်ရွက်ခြင်းမရှိသော အစိုးရတစ်ရပ်ရပ်ကို နည်းမျိုးစုံသုံးပြီး အခက်အခဲ အကျပ်အတည်းဖြစ်အောင် ကြံဆောင်ကြသည်။ သူတို့အလိုကျ ဆောင်ရွက်မည့် ရုပ်သေးအစိုးရတစ်ရပ် ဖြစ်စေရန်သာ ဦးတည်ဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး တန်းတူညီမျှရှိရေး၊ ဒီမိုကရေစီပန်းတိုင်ဆီသို့ စသည်ဖြင့် လိုရာခေါင်းစီးတပ်ပြီး ငွေအား၊ မီဒီယာအား နည်းမျိုးစုံသုံးပြီး ပုံဖော်ကြ။**

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်တွေမြို့၌ ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံမှုအား လှည့်လည်ကြည့်ရှု

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့၌ ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့မှ ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများအား စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ပင့်ဆောင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံနေမှုအား ဖူးမြော်ပူဇော်ပြီး ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ရွှေနှလုံးတော်ဘုရားကျောင်းသို့ သွားရောက်ပြီး ခရစ်ယာန်နှင့်ဟိန္ဒူ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကာကွယ်ဆေးထိုးနှံနေမှုအား သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ တာဂျော်ဒိန် ဗလီဝတ်ကျောင်းတော်ကြီး၌ အစ္စလာမ်ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားကြသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံရာတွင် ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီး အပါး ၂၀၊ ခရစ်ယာန်ဘာသာရေးဆိုင်ရာပုဂ္ဂိုလ် ကိုးဦး၊ ဟိန္ဒူဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တစ်ဦးနှင့်အစ္စလာမ်ဘာသာရေးဆိုင်ရာပုဂ္ဂိုလ် ၂၀ တို့ကို စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် စစ်တွေမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များက ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက



ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**☆ ကျောဖုံးမှ**

ရန်ကုန်မြို့တွင် အဓိကအားဖြင့် ဒေါပုံသင်္ဘောကျင်း၊ ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ ဆင်မလိုက်သင်္ဘောကျင်းစသည်ဖြင့် သင်္ဘောကျင်းကြီးများ ရှိကြသည်။ ထိုသင်္ဘောကျင်းများအနက် အလုံသင်္ဘောကျင်းသည် ဒဂုံဆိပ်ကမ်းသို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။ ရန်ကုန်မြို့အခြေစိုက် အဆိုပါသင်္ဘောကျင်းများသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် အရေးကြီးသော သင်္ဘောများတည်ဆောက်ခြင်း၊ လွန်းတင်ပြုပြင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆင်မလိုက်သင်္ဘောကျင်းသည် ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry နှင့် အကျိုးတူပူးပေါင်း၍ ဖက်စပ်အဖြစ်လုပ်ကိုင်ကာ ၂၀၁၅ ခုနှစ်အောက်တိုဘာလကတည်းက လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ဖက်စပ်လုပ်ငန်းသည် ရေယာဉ်တည်ဆောက်ရေးအပြင် မြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းများ Steel Structure ထုတ်လုပ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့အခြေစိုက် သင်္ဘောကျင်းများတွင် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းသည် အလုံမှ ၂၀၁၃ ခုနှစ်မတ်လတွင် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ စတင်ပြောင်းရွှေ့စဉ်က ဌာနပိုင်ရေယာဉ်များကို လွန်းတင်ပြုပြင်ရေးကိုသာ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစပြီး ဇက်ရေယာဉ်ကြီးလေးစင်းကို စတင်တည်ဆောက်ပေးနိုင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ရေယာဉ်အဟောင်း ရှစ်စင်းကိုလည်း လွန်းတင်ပြုပြင်ပေးခဲ့သည်။

အဆိုပါသင်္ဘောကျင်းမှာ ထိုနှစ် ဘဏ္ဍာနှစ်အတွင်း ငါဖမ်းရေယာဉ် ခုနစ်စင်း၊ တွန်းသင်္ဘောတစ်စင်း၊ တွဲသင်္ဘောတစ်စင်း တို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

**ဒလ သင်္ဘောကျင်း**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်း ခြောက်ကျင်းအနက် ရေးအကျဆုံးနှင့် လွန်းတင်ပြင်ဆင်မှုအများဆုံးဖြစ်သည့် ဒလသင်္ဘောကျင်းကို ခေတ်စနစ်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားသော ခေတ်မီသင်္ဘောကျင်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး



ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း၌ သင်္ဘောများတည်ဆောက်နေမှုကို တွေ့ရစဉ်။

ဒလသင်္ဘောကျင်းမှ သိရသည်။

အဆိုပါ သင်္ဘောကျင်းပိုင် မြေဧက ၆၀ ရှိသည့်အနက် ဧက ၄၀ လောက်ကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သည့် ဟိုတယ်များ၊ အပန်းဖြေစခန်းများ ထည့်သွင်းတည်ဆောက်ပြီး ကျန်ဧက၂၀ လောက်ကို မူ စွမ်းဆောင်ရည်မြင့်မားသည့် သင်္ဘောကျင်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန် စီစဉ်ခဲ့ဖူးကြောင်း သိရသည်။

ယင်းသင်္ဘောကျင်းသည် ၁၈၅၂ ခုနှစ်ခန့်က စတင်ခဲ့ပြီး ထိုစဉ်က စကော့တလန်မှ သင်္ဘောအစိတ်အပိုင်းများသယ်ယူ၍ တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ဂျပန်ခေတ်တွင် ရေငုပ်သင်္ဘောကိုပါ ပြုပြင်ပေးနိုင်သော သင်္ဘောကျင်းလည်းဖြစ်ခဲ့ပြီး ပြည်သူပိုင်သိမ်းပြီးနောက် မဆလခေတ်တွင် ပြည်တွင်းကမ်းရိုးတန်းသွားသင်္ဘောများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဌာနပိုင်သင်္ဘောစင်းရေ ၅၀၀ ခန့်ကို ဒလသင်္ဘောကျင်းမှ ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ယခင်က ပြည်တွင်းရေကြောင်းပိုင် ရေယာဉ်အစင်းရေ ၁၂၀၀ ခန့်ရှိခဲ့သည်။ သို့သော်လည်း ပုဂ္ဂလိကပိုင်သင်္ဘောများပါဆိုလျှင် အစင်းရေ၂၀၀၀၀ ခန့်ရှိပြီး တစ်နိုင်ငံလုံးရှိသင်္ဘောများကို အချိန်တိုတိုဖြင့် ပြုပြင်ပေးနိုင်သည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဒလသင်္ဘောကျင်းကို စွမ်းဆောင်ရည်မြင့်သော သင်္ဘောကျင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ဒလသင်္ဘောကျင်းကို ရန်ကုန်-ဒလ တံတားစီမံကိန်း၊ ဒလမြို့သစ်စီမံကိန်းများနှင့်အတူ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာအောင် အဆင့်မြှင့်တင်သွားရန် စီစဉ်ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ ယခုအခါနှစ်စဉ် သင်္ဘောအစင်း ၆၀ ကျော်ကို ပြုပြင်ပေးနေသည့်အပြင် ကုန်စည်ပို့ဆောင်ရေးအတွက် အရေးပါသောတွဲနှင့် တွန်းသင်္ဘောသစ်များကိုပါ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမှတ်သည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ရေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ Classification အဖွဲ့အစည်းများ၏ စစ်ဆေးမှုကိုခံယူပြီး ဆောင်ရွက်နေသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၁၉၇၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခုအဖြစ် စတင်ဖွဲ့စည်းထူထောင်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၁၉၇၆ ခုနှစ်မှ စတင်ပြီး စီးပွားရေးဆန်ဆန် စတင်ဆောင်ရွက်ခဲ့ပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများအား ပြည်တွင်းပြည်ပရေယာဉ်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

မူလက လျှောလမ်းသုံးလွန်းကျင်းသာရှိခဲ့ပြီး တန်ချိန် ၂၀၀၀ အထိသာ ရေယာဉ်များတည်ဆောက်ပြင်ဆင်နိုင်ရာမှ ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ပြီးစီးခဲ့သည့်အချိန်မှစ၍ ရန်ကုန်မြစ်အတွင်း ဝင်ရောက်နိုင်သည့် ရေယာဉ်ကြီးများအား လွန်းတင်ပြင်ဆင်ပေးနိုင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သြဂုတ်လအထိ ရေယာဉ်အသစ် ၅၂၈ စင်း တည်ဆောက်ပေးခဲ့ပြီး ရေယာဉ် ၁၆၀၅ စင်း ပြင်ဆင်ပေးနိုင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၀၁၉ ခုနှစ် သြဂုတ်လအထိ ရေယာဉ် ၁၂ စင်းအား တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် လွန်းတင်ပြီး ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဦးတည်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ရေယာဉ်ပိုင်ရှင်များက ရေယာဉ်ပေးပို့နိုင်မည့် အခြေအနေအပေါ်မူတည်၍ ရေယာဉ်ပိုင်ရှင်များနှင့်ညှိနှိုင်းကာ ပြင်ဆင်ရေးလုပ်ငန်းများ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းအနေဖြင့်လည်း အလျားပေ ၂၀၀ အထိ ရေယာဉ်များတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်သည့်နေရာတွင်ရေယာဉ်များတည်ဆောက်နိုင်ရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပေသည်။

သို့ပါ၍ ရန်ကုန်မြို့၏ အဓိကကုန်စည်ပို့ဆောင်ရေးသည် မြစ်တွင်းရေလမ်းကြောင်း သင်္ဘောများဖြစ်သည့်အလျောက် ရန်ကုန်မြို့အခြေစိုက် သင်္ဘောတည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများသည် ခေတ်စနစ်နှင့်အညီ ခေတ်မီတိုးတက်သော သင်္ဘောတည်ဆောက်ရေးအတတ်ပညာများ၊ နည်းပညာများ ပြုပြင်ပြောင်းလဲဆောင်ရွက်ရှိပါကြောင်း။ ။

**မြင့်မောင်စိုး**

# ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ရှင်းလင်းဆွေးနွေး

**ဟားခါး ဖေဖော်ဝါရီ ၂၅**

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက ဟားခါးမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့က အမှာစကားပြောကြားခဲ့ကြပြီးနောက် ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၊ စစ်ဗျူဟာအခြေချ(ဟားခါး) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန့်ဇင်ဦးနှင့် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးတို့က ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လက်ရှိအုပ်ချုပ်ရေးအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စံသတ်မှတ်ချက်၊ လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်နှင့် ကျေးရွာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရပ်ကွက်နှင့်ကျေးရွာ တာဝန်ရှိသူများအား ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်တို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဆေးရုံများသို့ ဆေးပဒေသာပင်အလှူငွေများ ထောက်ပံ့လှူဒါန်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆေးရုံများသို့ ဆေးပဒေသာပင်အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ဆေးရုံများကို ဆေးပဒေသာပင်အလှူငွေများ ထောက်ပံ့ရန်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ဆေးရုံ ၁၆၆၂ ရုံမှာ ၃၅၇ ရုံ ဖွင့်လှစ်ကာ ဖွင့်လှစ်ပြီးဆေးကုသပေးနေသည့် ဆေးရုံ ၂၇ ရုံ၊ ပုံမှန်လည်ပတ်နေမှုမှာ ၇၇၈ ရုံနှင့် အချို့ဆေးရုံတွင်CDMပါဝင်နေကြောင်း၊ နီးစပ်ရာ တပ်မတော်ဆေးရုံပါရဂူများနှင့် ညှိနှိုင်းကာကုသပေးနေကြောင်း၊ အချို့မှာ ဆေးအခက်အခဲများ ရှိလာသောကြောင့် စိတ်တူကိုယ်တူစေတနာရှင်များစုပေါင်း၍ အလှူငွေများ လာရောက်လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးရုံတွင် ကုသပေးနေသည့်ဆရာဝန်၊ ဆရာဝန်မများနှင့် လာရောက်ကုသနေသည့်လူနာများကိုလည်း လိုအပ်သောစားစရာများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စေတနာရှင်အလှူရှင်များမှ ဆေးရုံများသို့ ဆေးပဒေသာပင် အလှူငွေလာရောက်လှူဒါန်းမှု စုစုပေါင်းကျပ် ၂၅၅ သိန်းဖြစ်ပြီး အလှူငွေများကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးတို့သည် အောင်ပန်းမြို့ရှိအမှတ်(၂)တပ်မတော်ဆေးရုံခုတင် ၇၀၀ သို့ သွားရောက်ကာ ဆေးရုံအတွက်အလှူငွေကျပ်သိန်း ၃၀ နှင့် ဆေးရုံရှိဝန်ထမ်းများအတွက် အလှူငွေကျပ် ၁၆၆၀၀၀၀၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်တို့ကို ပေးအပ်လှူဒါန်းပေးရာ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၇၀၀ တပ်မှူးဗိုလ်မှူးချုပ်စောရန်နိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးတို့သည် ဆေးရုံရှိအရေးပေါ် ကုသကြပ်မတ်ဆောင်၊ အရိုးဆောင်၊ အမျိုးသမီးနှင့် ကလေးသားဖွားဆောင်၊ အရာရှိများ ကုသဆောင်တို့ကိုလှည့်လည်၍ ဆေးကုသခံယူနေသော လူနာများအား အားပေးစကားပြောကြားကာ စားစရာနှင့် ငွေများထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၂) စစ်မြေပြင်ဆေးတပ်ရင်းဆေးရုံသို့ သွားရောက်ကာ ဆေးရုံအတွက်အလှူငွေ ကျပ်သိန်း ၂၀ ပေးအပ် လှူဒါန်းပြီး ဆေးရုံရှိလူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ စားစရာနှင့် ငွေများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်နှင့် ဆီထောက်ပံ့

**ပဲခူး ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များမှ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်နှင့် ဆီ ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းတို့က ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများအတွက် ဆန်နှင့် ဆီများထောက်ပံ့ပေးအပ်ကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှစန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အခွန်ကောက်ခံသည့် ဌာနဆိုင်ရာများ တွေ့ဆုံ

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးစောမြင့်ဦးနှင့် အခွန်ကောက်ခံသည့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ (၂) တွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နိုင်ငံတော်ကို တာဝန်ယူထမ်းဆောင်နေသည့် အစိုးရတိုင်းသည် အခွန်ဝင်ငွေပေါ်တွင် ရပ်တည်နေကြကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာအခွန် ပိုမိုတိုးတက်လာစေရန်အတွက် အခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည်မဟုတ်ဘဲ အခွန်ထမ်းဆောင်ရန် ကင်းလွတ်နေသူအများအပြားထံမှ ရရှိအောင်ကောက်ခံပြီး ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှလည်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ တရားဝင်ကောက်ခံရရှိသော အခွန်အခများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပြန်လည်သုံးစွဲရန် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အခွန်အရပ်ရပ်ကို လွတ်ကင်းသူမရှိရအောင် ထိထိမိမိ ကောက်ခံနိုင်ဖို့အတွက် ကြုံတွေ့ရမည့်အခက်အခဲ၊ ဖြစ်ပေါ်လာမည့်စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောခင်မောင်မြင့်က ထုတ်လုပ်မှုကဏ္ဍ၊ တင်ပို့မှုကဏ္ဍများမှ ရရှိသောအခွန်ဝင်ငွေသည် ပုံမှန်ရရှိမှု မရှိကြောင်း၊ သင့်တင့်သည့်နှုန်းထားဖြင့် ကောက်ခံပြီး အခွန်ပုန်း၊ အခွန်ရှောင်များကို သက်ဆိုင်ရာ အခွန်ကောက်ဌာနများက ရှာဖွေ ဖော်ထုတ်ကောက်ခံခြင်းဖြင့် အခွန်ထမ်းပြည်သူများအတွက် သက်သာစေပြီး အခွန်ထမ်းဆောင်လိုသည့်စိတ်ထားများ ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာသောပြည်တွင်းအခွန်၊ အကောက်ခွန်၊ စည်ပင်၊ ကုန်သွယ်ရေး၊ သတ္တုတွင်း၊ လျှပ်စစ်အစရှိသည့် အခွန်ကောက်ဌာန ၂၄ ဌာနမှ ပြည်နယ်အဆင့်တာဝန်ရှိသူများက မိမိတို့ဌာနအတွင်း အခွန်ကောက်ခံသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအစည်းအဝေး ရောဝတီတိုင်းဒေသကြီးတွင် ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီလ ၂၅**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေး ၆/၂၀၂၁ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ယခင်နေ့ အစည်းအဝေးမှတ်တမ်းအပေါ် လုပ်ဆောင်ထားရှိမှုနှင့် ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းအောင်က ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ အခြေအနေများကိုPower Point ဖြင့်ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ကော်မတီဝင်များက ဆက်လက်ဆွေးနွေးတင်ပြခဲ့ကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိဝန်ထမ်းများအား အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်ငါးရပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်ကိုးရပ်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်မပျက် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူ့ဝန်ထမ်း တာဝန်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းတာဝန်ကို လည်းကောင်း ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ အခက်အခဲများရှိပါကလည်း မိမိတို့အနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းများလိုက်နာရမည့် တာဝန်များ၊ ဝန်ထမ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မိမိဘဝနှင့် မိမိဌာန၊ နိုင်ငံတော်တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနအသီးသီးမှ ဌာနမှူးများက လက်ခံရယူခဲ့ကြသည်။




ယနေ့ပြုလုပ်သည့် ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဝန်ထမ်း ၅၉၄၆ ဦးအတွက် ငွေကျပ် ၅၉၁၅၉၀၀၀ ကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန် သုံးမျိုးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံ

**ပင်းတယ ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ဒေသစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ကိုးရပ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ငါးရပ်ကို ဆွေးနွေးပြောကြားပြီး လုပ်ငန်းများ ကဏ္ဍအလိုက် မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကောင်စီဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအာကာလင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပင်းတယ(ပြန်/ဆက်)**

# သီတဂူငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရေကြည် ဖေဖော်ဝါရီ ၂၅**


ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်သမဝါယမဦးစီးဌာန၌ သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဝန်ထမ်းများနှင့် အခြေခံသမဝါယမအသင်းဝန်ထမ်းများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် သီတဂူငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်က သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးသို့ အသင်းသားများ တက်ရောက်ခဲ့ပြီး အသင်းအမှုဆောင်အဖွဲ့မှ တက်ရောက်လာကြသူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဖေဖော်ဝါရီလ ၂၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိဘများထားရှိခဲ့သည့် ဥစ္စာပစ္စည်းများကို သားသမီးများအနေဖြင့် စနစ်တကျ သုံးစွဲသင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အဖေ့အမွေ" မျက်နှာဖုံးကာတွန်း၊ ဖုန်းကို စနစ်တကျမသုံးစွဲပါက ကျန်းမာရေး ထိခိုက်နိုင်ပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖုန်းသုံးစွဲမှု လျှော့ချကြပါစို့" သုတဆောင်းပါး၊ မြန်မာဆိုရိုးစကားများကို ကလေးများ လေ့လာမှတ်သားနိုင်စေရန် တင်ပြထားသည့် "ပညာရှာပမာသူဖုန်းစား" ဆိုရိုးစကား၊ မိမိတို့အတွက် သဘာဝကပေးထားသော အရာများကို ကျေနပ်လက်ခံသင့်ကြောင်း ရေးဖွဲ့ထားသည့် "လိပ်ကလေးပုလုံးရဲ့ လုံခြုံမှု" နှစ်မျက်နှာကာတွန်း၊ မည်မျှပင်ရိုးအနေသူဖြစ်ပါစေ မိမိမသိသေးသော အကြောင်းအရာများကို စူးစမ်းလေ့လာကာ ဆောင်ရွက်သင့်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် "မှန်တစ်ချပ်"ပုံပြင်၊ နာမ်ရှေ့တွဲသုံးစကားလုံးများ (determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ ဆက်လက်တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" ကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မယ်စဲ့မြို့နယ်၌ အငြိမ်းစား(ပင်စင်စား) များအား ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ မြို့နယ်အတွင်းရှိ အငြိမ်းစား(ပင်စင်စား)များအား ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၁ ရက်မှ လကုန်အထိ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မယ်စဲ့မြို့နယ်တွင် မြို့ပြပင်စင်၊ ကာကွယ်ရေးပင်စင်၊ နိုင်ငံရေးပင်စင် စသည့်ပင်စင်သုံးမျိုးခံစားနေသူ အငြိမ်းစားဝန်ထမ်း (ပင်စင်စား) စုစုပေါင်း ၄၆ ဦး ရှိရာ မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်ရက်များအတွင်း အေးချမ်းတည်ငြိမ်စွာ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

"မယ်စဲ့မြို့နယ်မှာက လူဦးရေနည်းတဲ့အတွက် ပင်စင်စားတွေအနေနဲ့ သတ်မှတ်ရက်တွေမှာ တစ်ရက်ကို သုံးဦး၊ လေးဦးခန့်၊ အချို့ရက်တွေမှာ အများဆုံး ခြောက်ဦးခန့်သာ လာရောက်ထုတ်ယူကြပါတယ်။ သက်ကြီးရွယ်အိုတွေ စောင့်ဆိုင်းရတာမျိုး မဖြစ်စေဘဲ အလှည့်ကျနဲ့ အဆင်ပြေချောမွေ့စွာ ထုတ်ပေးနေပါတယ်" ဟု မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးဖိလစ်မိုင်ကေးက ပြောသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၅**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲ ၃ နာရီက ဟားခါးမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်တို့က အမှာစကား ပြောကြားခဲ့ကြပြီး ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်း၊ စစ်ဗျူဟာအခြေချ(ဟားခါး) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန့်ဇင်ဦးနှင့် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေးတို့က ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လက်ရှိအုပ်ချုပ်ရေးအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ COVID-19 ဆိုင်ရာ စံသတ်မှတ်ချက်၊ လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိတ်ဆက်ခြင်း၊ သိရှိလိုသည်များ မေးမြန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးပေါင်းစပ်ဆောင်ရွက်ပေးကာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်တို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၉၇၆၂၅၆ | ၁၉၃၄၁၉၅၈ | ၅၁၈၄၂၁ |
| ၂။ | အိန္ဒိယ | ၁၁၀၄၆၉၃၄ | ၁၀၇၃၈၅၀၁ | ၁၅၆၇၄၂ |
| ၃။ | ဘရာဇီး | ၁၀၃၂၆၀၀၈ | ၉၂၈၁၀၁၈ | ၂၅၀၀၇၉ |
| ၄။ | ရုရှား | ၄၂၁၂၁၀၀ | ၃၇၆၇၆၆၄ | ၈၄၈၇၆ |
| ၅။ | ဗြိတိန် | ၄၁၄၄၅၇၇ | ၂၆၆၆၄၆၆ | ၁၂၁၇၄၇ |
| ၆။ | ပြင်သစ် | ၃၆၆၁၄၁၀ | ၂၅၃၄၅၀ | ၈၅၃၂၁ |
| ၇။ | စပိန် | ၃၁၇၀၆၄၄ | ၂၅၈၉၉၉၆ | ၆၈၄၆၈ |
| ၈။ | အီတလီ | ၂၈၄၈၅၆၄ | ၂၃၆၂၄၆၅ | ၉၆၆၆၆ |
| ၉။ | တူရကီ | ၂၆၆၅၁၉၄ | ၂၅၄၀၂၉၃ | ၂၈၂၈၅ |
| ၁၀။ | ဂျာမနီ | ၂၄၁၆၀၃၇ | ၂၂၂၆၅၀၀ | ၆၉၆၁၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၁၄၆၃၄ | ၁၁၂၁၄၁၁ | ၃၅၅၁၈ |
| ၂။ | ဖိလစ်ပိုင် | ၅၆၈၆၈၀ | ၅၂၄၀၄၂ | ၁၂၂၀၁ |
| ၃။ | မလေးရှား | ၂၉၃၆၉၈ | ၂၆၃၇၆၁ | ၁၁၀၀ |
| ၄။ | မြန်မာ | ၁၄၁၈၄၁ | ၁၃၁၄၁၇ | ၃၁၉၈ |
| ၅။ | စင်ကာပူ | ၅၉၉၀၀ | ၅၉၇၆၁ | ၂၉ |
| ၆။ | ထိုင်း | ၂၅၇၆၄ | ၂၄၇၃၄ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၂၀ | ၁၈၀၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၆၉၇ | ၄၇၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# မဟာမကုဋရုံသီ မြတ်မော်တင်ဆံတော်ရှင်စေတီ

**ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပင်လယ်ကမ်းခြေဦးရှိ သရဏတောင်(ခေါ်)မြတ်မော်တင်တောင်ပေါ်တွင် မဟာမကုဋရုံသီဆံတော်ရှင်စေတီတော်မြတ်ကြီး တည်ရှိသည်။ မြတ်မော်တင်တောင်ကို အစွဲပြု၍ "မြတ်မော်တင်စေတီ"ဟု အမည်ထင်ရှားသည်။ ပုသိမ်မြို့မှ ၈၉ မိုင်ကွာဝေးသည်။ ရှင်တော်ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါမှစ၍ ရှေးအကျဆုံး သမိုင်းစတင်ခဲ့သည့် စေတီကြီးဖြစ်သည်။**

ပုသိမ်လှကြည်



ရှင်တော်ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်ဦးအချိန်တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူသည်။ ထို့နောက် ဗောဓိမဏ္ဍိုင်ပလ္လင်မှ အစပြု၍ သတ္တ-သတ္တာဟ ခုနစ်ရက်ခုနစ်လီ စျာန်သမာပတ်ဝင်စံတော်မူရအဆုံး၊ လင်းလွန်းပင်ရင်း၌ စံပယ်တော်မူစဉ် ဥက္ကလာပတိုင်း အတိသဥမြို့ (ခေါ်)ပေါက္ခရဝတီမြို့မှ သုဝဏ္ဏသူဌေးကြီး၏သား တဖုဿနှင့် ဘလ္လိကညီနောင်တို့သည် မဇ္ဈိမဒေသတစ်ခွင်သို့ ကုန်ရောင်းထွက်ခဲ့စဉ် မြတ်စွာဘုရားရှင်၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့ကြပြီး ပျားဆုပ်မုန့်ဆွမ်းကပ်လှူ၍ ဥပါသကာအဖြစ် ခံယူခဲ့ကြ၏။

**ဆံတော်ရှစ်ဆူ**

ထို့နောက် မြတ်စွာဘုရားရှင်က ဦးခေါင်းတော်ကိုသပ်၍ ဆံတော်ရှစ်ဆူ ပေးသနားတော်မူ၏။ ကုန်သည်ညီနောင်တို့သည်လည်း ဆံတော်ရှစ်ဆူကို ပတ္တမြားရွှေကြုတ်တွင်ထည့်သွင်း၍ ဝမ်းမြောက်ရွှင်မြူးစွာ ပင့်ဆောင်ခဲ့ကြသည်။ မဟာနဂရ အဇ္ဈိတ္တတိုင်းသို့ဖြတ်သန်း၍ ပြန်ကြသောအခါ မဟာနဂရအဇ္ဈိတ္တ(ရခိုင်)မင်းက ဆံတော်မြတ်နှစ်ဆူကို အကောက်ခွန်အဖြစ် ပင့်ဆောင်ထားလေသည်။ ထိုမှတစ်ဆင့် ကုန်သည်ညီနောင်တို့သည် ခရီးဆက်ကြပြန်ရာတွင် ဇေယျသေန နဂါးမင်းပိုင်စိုးသော နဂရစ်အမော်(မော်တင်)အရပ်သို့ ရောက်ရှိကြသည်။ ထိုအရပ်သည်ကား ဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ဓာတ်တော်၊ မွေတော်များကိန်းဝပ်တည်ရှိရာ သရဏတောင်အနီး၌ တည်ရှိနေခြင်းကြောင့် ဆံတော်များမှ ရောင်ခြည်တော်များ ကွန့်မြူးလေသည်။

ထိုအခါ ဇေယျသေနနဂါးမင်းသည် ဖရဏာပီတိငွမ်းဆီထိသို့ ပီတိသဒ္ဓါကြည်နူးမဝ အခါခါရှိလှသဖြင့် နောင်အရှည် ဖူးမြော်ပူဇော်လိုသောစိတ်ထားဖြင့် စေတီတော်တည်ထားရန်အတွက် ဆံတော်မြတ်နှစ်ဆူကို ခိုးယူပင့်ဆောင်ထားလိုက်လေသည်။ ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်နေ့ဖြစ်သည်။ ညီနောင်တို့သည်လည်း ကြွင်းကျန်သောဆံတော်မြတ်လေးဆူကို ဆက်လက်ပင့်ဆောင်ခဲ့ပြန်သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ပေါက္ခရဝတီမြို့သို့ ရောက်ရှိကြသည်။ ထိုအခါတွင် ဥက္ကလာပမင်းကြီးအား ဆံတော်မြတ်လေးဆူကို ဆက်သလိုက်ကြသည်။ (ထိုမှ ရွှေတိဂုံစေတီသမိုင်း စတင်သည်)။

နဂရစ်အမော်(မော်တင်)အရပ်တွင် ဇေယျသေနနဂါးမင်း ပင့်ဆောင်ထားသော ဆံတော်မြတ်နှစ်ဆူကို နောင်အရှည် လူနတ်ဗြဟ္မာ သတ္တဝါတို့ ဖူးမြော်နိုင်ကြစေရန် သရဏတောင်ခေါ် မြတ်မော်တင်တောင်တော်ပေါ်၌ ပင်လယ်မြသားဖြင့်ပြီးအပ်သော စိုင်တမော့အရွယ်ရှိ စေတီတော်ကို တည်ထားကိုးကွယ်သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပြီးစီးသည်။ ဇေယျသေန နဂါးမင်း၏ ကြံစည်မှုကို နတ်၊ နဂါး၊ ဆင်ဖြူတော်၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ညှိနှိုင်းတိုင်ပင်မှုမရှိဘဲ အရပ်လေးမျက်နှာမှ တစုတဝေးတည်း ရောက်ရှိကြ၍ တစ်ချိန်တည်း စုပေါင်းကူညီပါရမီဖြည့်ကြသည်မှာ ထူးခြားဘိသည်ဟု အဆိုရှိကြသည်။

ရှင်တော်ဂေါတမမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး ရှစ်ဝါမြောက်တွင် ရဟန္တာနှစ်သောင်းနှင့်အတူ သုဝဏ္ဏဘူမိသထုံပြည်သို့ ကောင်းကင်ယံမှကြွစဉ်အခါကလည်း သရဏတောင်ခေါ် မြတ်မော်တင်တောင်ထိပ်ရှိဇေယျသေန နဂါးမင်းတည်ထားသော မဟာမကုဋရုံသီ စေတီသို့ သက်ဆင်း၏။ ရှေးနောင်တော်ဘုရားများ၏ ဓာတ်တော်၊ မွေတော်များ ကိန်းအောင်းရာအရပ်ဖြစ်ခြင်း၊ အတိတ်ကာလ အလောင်းတော်ဘဝများက ကျင်လည်ကျက်စားရာအရပ်ဖြစ်ခဲ့ခြင်းတို့ကြောင့် လက်ယာရစ်လှည့်လည်တော်မူပြီးမှ ကောင်းကင်ယံသို့ ပြန်တက်၍ ခရီးဆက်ကြွတော်မူသည်။

**ပြုပြင်မွမ်းမံ**

သက္ကရာဇ် ၂၃၉ ခု၊ ဘီစီ ၄၂၂ ခုနှစ်တွင် တတိယသင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီးသည်လည်း ရှင်မဟာမောဂ္ဂလိတိဿမထေရ်နှင့် ရှင်ဥတ္တရမထေရ်မြတ်တို့၏ ဘုန်းတန်ခိုးကြောင့် မောင်းမခြွေရံ စစ်သည်ဗိုလ်ပါတို့နှင့်အတူ သရဏတောင်ပေါ်ရှိမဟာမကုဋရုံသီဆံတော်ရှင်စေတီကို ပြုပြင်မွမ်းမံပြီးမှ ဥက္ကလာပဒဂုံမြို့ရှိ ရွှေတိဂုံစေတီတော်သို့ ကြွတော်မူသည်။

ထို့နောက် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်သော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့် သက္ကရာဇ် ၄၂၆ တွင် နန်းတက်သော ကျန်စစ်မင်းကြီးတို့သည်လည်း အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ ကြွရောက်ခဲ့စဉ်က အပြန်ခရီးတွင် နတ်နဂါးများဖြားယောင်းမှုတို့ကြောင့် မော်တင်အငူပေါ်ရှိ မဟာမကုဋရုံသီဆံတော်ရှင်စေတီတော်အား ဖူးမြော်နိုင်ခဲ့ကြသည်။

သက္ကရာဇ် ၄၅၄-၅၂၉ တွင် နန်းတက်သော ကျန်စစ်မင်းကြီးမြေးဖြစ်သူ အလောင်းစည်သူမင်းကြီးသည်လည်း သီဟိုဠ်ကျွန်း အိန္ဒိယပြည်သို့ ဖောင်စကြာခရီးဖြင့် တိုင်းခန်းလှည့်လည်ရာမှ မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် နဂရစ်အငူ မော်တင်စွန်းထိပ်သို့ ရောက်ရှိသောအခါ ဖောင်တော်မှာ အလိုအလျောက်ရပ်တန့်သွားသည်။ ထိုအခါ မြတ်မော်တင်တောင်ထိပ်ပေါ်ရှိ မဟာမကုဋရုံသီ ဆံတော်ရှင်စေတီတော်မှာ အံ့ချီးဖွယ်ရာရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့ရပေသည်။ မင်းကြီးလည်း ဝမ်းမြောက်ပီတိရှိတော်မူလှသဖြင့် ခရီးတစ်ထောက်ရပ်နားတော်မူသည်။ သက္ကရာဇ် ၄၅၇ ခု တပေါင်းလပြည့်နေ့တွင် မူလစိုင်တမော့အရွယ်ရှိ စေတီတော်ကို သာသနာ ၅၀၀၀ ပတ်လုံး အစွန့်ရှည် တည်တံ့စိမ့်သောငှာ အဝန်းသံတောင် ၄၀၊ အမြင့် သံတောင် ၂၅ ရှိ စေတီကြီးအဖြစ် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ် ပါရမီဖြည့်ဆည်း၍ တည်ထားတော်မူလေသည်။

ထို့အပြင် အလောင်းစည်သူမင်းကြီး၏ ရတနာမျိုးစုံခြယ်ထားသော မင်းမြှောက်တန်ဆာငါးပါး၊ ဘီလူးမဆက်သသော မဟာသက်န်းနုတ်သားကို မာတလိဝိသကြာနတ်တို့က သက်တော်ထင်ရှားမြတ်ဘုရား၏ ပုံတော်အသွင် ထုလုပ်ပေးအပ်ထားသော ရုပ်ပွားတော်တစ်ဆူ၊ သိကြားမင်းဆက်သသော ဘုရားရှင်၏ သရီရဓာတ်တော်များကို ပေါင်းစု၍ ဌာပနာပြုပြီး ဖောင်တော်ဦးစေတီကိုပါ တည်တော်မူသည်။ ထို့နောက် ဖောင်တော်အလိုအလျောက် ရပ်တန့်ရာနေရာကိုလည်း အဝန်းသံတောင် ၄၀၊ အမြင့် သံတောင် ၂၅ ရှိဖောင်တော်ဆိုက်စေတီကိုပါ တည်တော်မူသည်။ တပေါင်းလပြည့်ကျော် ၆ ရက်နေ့တွင် ပြီးစီးအောင်မြင်သည်။ ထို့ကြောင့်လည်း နှစ်စဉ်တပေါင်းလပြည့်နေ့ရောက်ရှိတိုင်း ပွဲတော်ကြီးများ ကျင်းပခဲ့သည်။

မဟာမကုဋရုံသီခေါ် မြတ်မော်တင်ဆံတော်ရှင်စေတီတော်ကြီး၏ အံ့ဖွယ်ထူးခြားချက်များမှာ ညအခါ စေတီတော်မြတ်ကြီးအား အဓိဋ္ဌာန်ပြု၍ ခုနစ်ပတ် ရစ်ပတ်ပူဇော်ပါက ရွှေသံ၊ ငွေသံကြားရခြင်း၊ အမွှေးနံ့သာပေါင်းစုံပျံ့လှိုင်လာခြင်း၊ လပြည့်နေ့ညများတွင် ရောင်ခြည်တော်ကွန့်မြူးခြင်း၊ ယခုတိုင် ဆွမ်းဦးလှူဒါန်းမှုရှိနေခြင်း၊ သစ်ပင်ပန်းမန်တို့သည် ရာသီမဟုတ် ဖူးပွင့်သီးကြခြင်း၊ ပွဲတော်ဖြစ်ခါနီးတွင် ကျီးငှက်တို့ အုပ်စုဖွဲ့၍ စေတီတော်ကြီးအား ဝဲပျံပူဇော်ကြခြင်း၊ နှစ်စဉ်ပွဲတော်ကျင်းပမှုမရှိပါက တောင်တော်မြည်ဟည်းခြင်း၊ မြတ်မော်တင်တောင်ပေါ်ရှိ နတ်ရေကန်သည် ဘုရားဖူးများ သိန်းသန်းချီ၍ သုံးစွဲပါသော်လည်း ကုန်ခန်းသည်မရှိခြင်း၊ ပွဲတော်ပြီးဆုံးသောအခါ လှိုင်းလုံးကြီးများသည် မြတ်မော်တင်တောင်သို့ တဝုန်းဝုန်း ပြေးရိုက်ပူဇော်ခြင်း၊ နတ်၊ နဂါး၊ ကျား၊ ဝိဇ္ဇာဓိုရ်များသည်လည်း မည်သူ့ကိုမျှ ရန်မပြုဘဲ ပွဲတော်ပြီးဆုံးသောအခါ လာရောက်ဖူးမြော်ကြခြင်း၊ ဘုရားဖူးအတွက် အန္တရာယ်တစ်စုံတစ်ရာမရှိ ကျန်းမာသက်ရှည်လာဘ်လာဘ ပေါကြွယ်ဝစေခြင်း စသည့်ထူးခြားချက်များရှိသည်။

**ပူဇော်ကျင်းပခဲ့**

ထိုသို့ တန်ခိုးကြွယ်သည့် မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့တိုင်း အစဉ်အလာမပျက် ခမ်းနားစွာ ပူဇော်ကျင်းပခဲ့ကြသည်။ ယခုနှစ် ပွဲတော်ရာသီကိုလည်း ၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက်၊ တပေါင်းလဆန်း ၁ ရက်မှ မတ်လ ၂၇ ရက်(တပေါင်းလပြည့်နေ့) အထိ အစဉ်အလာမပျက်ကျင်းပရန် သတ်မှတ်ထားသည်။ အများပြည်သူများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါကြောင့် တန်ခိုးကြီးစေတီတော်များ ဖူးမြော်ခွင့်ဝေးကွာခဲ့ကြရာမှ ယခုပြန်လည်ဖူးမြော်ခွင့်ရသော အချိန်ကာလတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် တကွ ကမ္ဘာသူကမ္ဘာသားများ ဘေးဥပဒ်အန္တရာယ်ကင်းဝေးကြစေရန်၊ ကိုယ်ထိလက်ရောက်ဖူးမြော်နိုင်စေရန် ရည်သန်လျက် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဗုဒ္ဓပူဇနိယပွဲတော်ကိုကျင်းပရန် ဦးဆောင်စီမံလျက်ရှိပေသည်။ သို့ဖြစ်ပေရာ ဧရာဝတီတိုင်းဒေသကြီး၏ တောင်ဘက်စွန်းဧရိယာတွင် အထင်ကရတည်ရှိသော မဟာမကုဋရုံသီ မြတ်မော်တင်ဆံတော်ရှင်စေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် နိုင်ငံတော်သံဃာ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး မြို့နယ်သံဃာတော်များ၏ အန္တရာယ်ကင်း မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မှုများဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံစေမည်ဖြစ်ပြီး ပွင့်လင်းရာသီတွင် ဘာသာတရား ကြည်ညိုမှုဖြင့် ခရီးသွားအမှုကို စတင်ရန်ကြံရွယ်ထားကြသော ပြည်တွင်းပြည်ပ ဘုရားဖူးကြသူများအဖို့ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန်အတွက် ပီတိသဒ္ဓါဝမ်းမြောက်စွာဖြင့် နှိုးဆော်လိုက်ရပါသည်။ ။

**တန်ခိုးကြွယ်သည့် မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့တိုင်း အစဉ်အလာမပျက် ခမ်းနားစွာ ပူဇော်ကျင်းပခဲ့ကြသည်။ ယခုနှစ် ပွဲတော်ရာသီကိုလည်း ၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက်၊ တပေါင်းလဆန်း ၁ ရက်မှ မတ်လ ၂၇ ရက်(တပေါင်းလပြည့်နေ့)အထိ အစဉ်အလာမပျက်ကျင်းပရန် ဦးဆောင်စီမံလျက်ရှိ**

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်–၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်–၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ – အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည် ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်–၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့တဲ့ ချန်ယိုး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်ယိုးက လတ်တလောမှာ ကျရောက်ခဲ့တဲ့ အဖွဲ့ရဲ့နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပရိသတ်တွေအတွက် စာတစ်စောင်ရေးသားဖော်ပြခဲ့ကာ အဆိုပါစာမှာ သူ့အနေနဲ့ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၃ ရက်မှာ EXO အဖွဲ့ရဲ့ အဖွဲ့တည်ထောင်တဲ့နှစ် ကိုးနှစ်ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ရဲ့နှစ်ပတ်လည်နေ့မှာ ချန်ယိုးက အစဉ်တစိုက်အားပေးခဲ့ကြတဲ့ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ စာတစ်စောင်ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ချစ်ခင်အားပေးကြတဲ့ ပရိသတ်တွေရဲ့ အမှတ်တရဂုဏ်ပြုစကားတွေကို ဖတ်ရတဲ့အခါမှာ သူ့အနေနဲ့ စိတ်မကောင်းဖြစ်မိပြီး သူ့အပေါ် ပရိသတ်တွေရဲ့ ကျေးဇူးရှိတယ်လို့ ခံစားရကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ တစ်ဆက်တည်းမှာပင် ချန်ယိုးက သူ့ရဲ့မွေးနေ့မှာ ဆုတောင်းပေးကြတဲ့ ပရိသတ်တွေကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



ဂျနီဖာဂါနာ(ဝဲ)နှင့် ဘန်အက်ဖ်လက်(ယာ)

# ဘဝအတွေ့အကြုံတွေက ကောင်းမွန်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်လာစေခဲ့ဟု ဘန်အက်ဖ်လက်ဆို

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ ဘန်အက်ဖ်လက်က မင်းသမီး ဂျနီဖာဂါနာနဲ့ ကွာရှင်းပြတ်စဲခဲ့ခြင်းအပါအဝင် သူ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့အရာတွေက သူ့ကို ကောင်းမွန်တဲ့သရုပ်ဆောင်တစ်ဦးဖြစ်လာစေခဲ့ကြောင်း လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘန်အက်ဖ်လက်က ရုပ်ရှင်တွေဟာ ဘဝမှာ တွေ့ကြုံရတဲ့ အနိမ့်အမြင့်အတက်အကျတွေ၊ အတွေ့အကြုံတွေ၊ လမ်းခွဲတာတွေဆိုတာထက် ပိုမိုကြောင်း၊ သူ့အတွက်တော့ ဘဝမှာလုံလောက်တဲ့ အတွေ့အကြုံတွေရှိထားတဲ့ ဇာတ်ကောင်တစ်ခုနေရာမှာ ပါဝင်သရုပ်ဆောင်ရတာ တကယ့်ကို စိတ်ဝင်စားစရာဖြစ်စေကြောင်းလည်း ပြောကြားထားပါတယ်။ မင်းသားက သူဟာ သရုပ်ဆောင်ရာမှာ ဇာတ်ကောင်နဲ့ပတ်သက်ပြီး အရာအားလုံးကို ဖန်တီးနိုင်လောက်အောင် တော်တဲ့သရုပ်ဆောင်တစ်ဦး မဟုတ်ပါဘူးလို့လည်း ပြောကြားခဲ့ပါတယ်။

သူ့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံတွေဟာ သူ့ကို ပိုမိုကောင်းမွန်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်စေရုံသာမက သရုပ်ဆောင်တစ်ဦးရဲ့ဘဝကိုလည်း ပိုမိုစိတ်ဝင်စားလာစေကြောင်းလည်း ဘန်အက်ဖ်လက်က ပြောပါတယ်။

ဘန်အက်ဖ်လက်ဟာ မင်းသမီး ဂျနီဖာဂါနာနဲ့ တရားဝင်ကွာရှင်းပြတ်စဲပြီး နောက်ပိုင်းမှာလည်း မိတ်ဆွေတွေအဖြစ် ခင်မင်ဆဲဖြစ်ကာ အဆက်အသွယ်လည်း မပြတ်ခဲ့ပါဘူး။ ဘန်အက်ဖ်လက်အနေနဲ့ မင်းသမီး အမ်မာဒီအမ်းမက်စ်နဲ့ လမ်းခွဲခဲ့ချိန်တွေမှာလည်း ဂျနီဖာဂါနာက ခင်ပွန်းဟောင်းကို အထောက်အပံ့ပေးခဲ့ကြောင်းလည်း သိရပါတယ်။

မင်းသားနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဘန်အက်ဖ်လက်နဲ့ အမ်မာဒီအမ်းမက်စ်တို့ လမ်းခွဲချိန်မှာ မင်းသားရဲ့ သူငယ်ချင်းတွေနဲ့ ဂျနီဖာဂါနာက သူ့ကို စောင့်ရှောက်ပေးခဲ့ကြောင်းနဲ့ ဘန်အက်ဖ်လက်ဟာ လက်ရှိမှာ သူနဲ့ ဂျနီဖာဂါနာတို့ရဲ့ ရင်သွေးလေးတွေကို စောင့်ရှောက်ဖို့နဲ့ သရုပ်ဆောင်လုပ်ငန်းတွေအပေါ်မှာသာ အာရုံစိုက်လုပ်ဆောင်နေတာဖြစ်ကြောင်းလည်း သိရပါတယ်။

# ရောမမြို့ကို ရောက်ရှိနေတဲ့ လေဒီဂါဂါ



ကျော်ကြားတဲ့အမေရိကန် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါဟာ လတ်တလောမှာ ရောမမြို့ကို ရောက်ရှိနေတာတွေ့ရပြီး ယခင်ကနဲ့ မတူညီတဲ့ အပြင်အဆင်မျိုးနဲ့ ပေါ့ပ်ကြယ်ပွင့်ကို တွေ့ခဲ့ရတာဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၄ ရက်မှာ လေဒီဂါဂါကို ရောမရဲ့ လမ်းတွေပေါ်မှာ တွေ့ခဲ့ရတာဖြစ်ပြီး ဆံပင်အရောင်ကို ပြောင်းလဲထားကာ ပိုမိုတည်ငြိမ်တဲ့အသွင်ဆောင်နေတာကိုလည်း တွေ့ရပါတယ်။ အမြဲလိုလို ရွှေဝါရောင် ဆံပင်နဲ့တွေ့မြင်နေရတဲ့ လေဒီဂါဂါဟာ လတ်တလောမှာတော့ နက်မှောင်တဲ့ ဆံပင်တွေနဲ့ တစ်မျိုးလှပနေတာလည်း ဖြစ်ပါတယ်။

# ဇာတ်လမ်းတွဲရိုက်ကူးနေတဲ့ ဆယ်လီနာဂိုးမက်ဇ်



ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုးမက်ဇ်ကို လတ်တလော နယူးယောက်မှာ ရုပ်ရှင်ရိုက်ကူးနေတာကို တွေ့မြင်ခဲ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၃ ရက်မှာ ဆယ်လီနာဂိုးမက်ဇ်ကို နယူးယောက်က ရိုက်ကွင်းမှာ တွေ့မြင်ခဲ့ရတာပါ။ ချမ်းအေးလွန်းတဲ့ နယူးယောက်ရဲ့ဆောင်းရာသီကို အန်တုဖို့ရာ ဆယ်လီနာဂိုးမက်ဇ်ဟာ လိမ္မော်ရောင်ကုတ်အကျီအရှည်ကို ဝတ်ဆင်ထားပါတယ်။ ဆယ်လီနာဂိုးမက်ဇ်ဟာ Only Murder in the Building ဇာတ်လမ်းတွဲကို ရိုက်ကူးနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

# စားသောက်ဆိုင်ဖွင့်လှစ်လိုက်တဲ့ ဂျက်ဆီကာ





တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျက်ဆီကာဟာ လတ်တလောမှာ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါတယ်။ အမျိုးသမီး တေးဂီတအဖွဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်လာတဲ့ ဂျက်ဆီကာဟာ နောက်ပိုင်းမှာ အဖွဲ့ကနေနုတ်ထွက်ခဲ့ပြီး တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေသူလည်း ဖြစ်ပါတယ်။

**နယ်ပယ်စုံမှာ လုပ်ဆောင်**

ဂျက်ဆီကာဟာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်ရာမှာ နယ်ပယ်စုံမှာ လုပ်ဆောင်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ တေးသံရှင်၊ သရုပ်ဆောင်၊ ဒီဇိုင်နာ၊ စာရေးဆရာ၊ ဘလော်ဂါစတဲ့ အနုပညာလှုပ်ရှားမှုမျိုးစုံ လုပ်ဆောင်ခဲ့တဲ့ ဂျက်ဆီကာဟာ သူလုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေထဲကို လက်ရှိမှာတော့ စားသောက်ဆိုင်လုပ်ငန်းပါ ထပ်ပေါင်းလုပ်ကိုင်လာတာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်ဆီကာရဲ့ စားသောက်ဆိုင်ကို ဆိုးလ်မြို့မှာ ဖွင့်လှစ်ထားတာဖြစ်ပြီး အဓိကကတော့ ပေါ့ပ်ကြယ်ပွင့် နှစ်သက်တဲ့ ဝိုင်တွေကို စုံလင်စွာ ရောင်းချပေးတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ဟင်းလျာများအဖြစ် ငါးနဲ့ချက်ထားတဲ့ ဟင်းလျာတွေကို အဓိကရောင်းချကာ ဆိုင်ရဲ့ အတွင်းပိုင်းအပြင်အဆင်တွေကို ဂျက်ဆီကာကိုယ်တိုင် ဒီဇိုင်းရေးဆွဲထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ ၁-၂-၂၀၂၁ ရက်နေ့မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေသတ်မှတ်ပြီး ပုဒ်မ ၄၁၈ (က) အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်ပြီးဖြစ်ပါသည်။ ထိုသို့လွှဲအပ်သည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ရပ်ဆိုင်းထားရမည်ဟု မှတ်ယူရမည့်အပြင် လွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာလွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ စစ်ဆေးတွေ့ရှိချက်များကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်းကို အသိပေးကြေညာပြီးလည်း ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲအဆင့်တွင် မိမိတို့ သဘောအလျောက် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီက ဆောင်ရွက်သည့် အစည်းအဝေးများ ပြုလုပ်ခြင်း၊ ကြေညာချက်/အသိပေးကြေညာချက်များ ထုတ်ပြန်ခြင်း၊ ကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း အစရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့သည် တည်ဆဲဥပဒေများအရ တရားဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း လွှတ်တော်အသီးသီး၏ ကိုယ်စားပြုကော်မတီအမည်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်များသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသဖြင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆက်လက်ဆောင်ရွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ဒလသင်္ဘောကျင်းရှိ သင်္ဘောသစ်တည်ဆောက်ရေးလုပ်ငန်းကို တွေ့ရစဉ်။

# ရန်ကုန်မြို့ပြ ကုန်စည်ပို့ဆောင်ရေးနှင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ

မြန်မာနိုင်ငံသည် ရှည်လျားသော ကမ်းရိုးတန်းဒေသများနှင့် မြစ်ကြီး မြစ်ငယ်အသွယ်သွယ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည့်အလျောက် ရေကြောင်းပို့ဆောင်ရေးသည် အရေးပါလျက်ရှိသည်။ အထူးသဖြင့် ကုန်စည်ပို့ဆောင်ရေးတွင် ရေလမ်းကြောင်းကို အဓိကအားပြုနေရဆဲဖြစ်သည်။ ထို့ပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများသည်လည်း ရေလမ်းကြောင်းခရီးနှင့် ဆက်စပ်လျက်ရှိသည်။

သို့အတွက် တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများသည်လည်း အဆင့်မြင့်တင်ဆောင်ရွက်လာသည်ကို တွေ့ရပေသည်။ ရန်ကုန်မြို့ပြ ကုန်စည်ပို့ဆောင်ရေးတွင် ရေလမ်းကြောင်းသည် အထူးအရေးပါလျက်ရှိသကဲ့သို့ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများသည်လည်း အရေးပါလျက်ရှိသည်။ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✰


ကြေးမုံ ယနေ့ ဖတ်စရာ

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ နယ်စပ် ကက်ရှ်မီးယားဒေသ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိ
စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ် ထုတ်ပေးရန် ဥရောပနိုင်ငံများ စီစဉ်
စာမျက်နှာ » ၁၃

တိမ်ရိပ်ကင်းတဲ့ လပြည့်ဝန်း
ဆောင်းပါး စာမျက်နှာ » ၁၅

တာဝန်ကျေစွာ၊ ဂုဏ်ယူပါ
ဆောင်းပါး စာမျက်နှာ » ၂၂


# သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ်(၁၀)ကို ဖေဖော်ဝါရီ ၂၆ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၀)၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

MRTV

